# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လကွယ် ၊ ဗုဒ္ဓဟူးနေ့ ၊ (10-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၅၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**နေပြည်တော် ဇန်နဝါရီ ၁၀**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ကျရောက်သည့် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့၏နေ့ထူးနေ့မြတ်အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုအင်ဆန္ဒများပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုအားလုံးတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် တစ်မြေတည်းနေ တစ်ရေတည်းသောက် မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ စည်းလုံးညီညွတ်စွာဖြင့် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါရပ်တည်နေထိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ ပထမဆုံးညီလာခံ၏ ပထမဆုံးအစည်းအဝေး၌

**စာမျက်နှာ ၁၈ ကော်လံ ၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၉**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး

ခရီးသွားလုပ်ငန်းသည် အကျိုးအမြတ်များသော မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သောကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံများသည် ခရီးသွားလုပ်ငန်းကို ဦးစားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည်လည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင်ကောင်းများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်၍ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်စေရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒေသတွင်းရှိ ရှေးဟောင်းအမွေအနှစ်များ၊ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့် အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများအားလုံး သန့်ရှင်းသာယာလှပစေရေး၊ အမြင်တင့်တယ်မှုရှိစေရေး ဝိုင်းဝန်းပြုပြင်ထိန်းသိမ်းကြရမည်ဖြစ်သည်။ ထို့ပြင် လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်စေရေးအတွက် **Green Zone** များကိုလည်း ဖန်တီးပေးရန်လိုပေသည်။ ထိုသို့ ဆောင်ရွက်ထားရှိခြင်းအားဖြင့် ဒေသတွင်းသို့ ခရီးသွားဧည့်သည်ဝင်ရောက်မှု ပိုမိုများပြားလာပြီး ငွေကြေးလည်ပတ်မှုအားကောင်းလာမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေပြီး ခရီးသွားလုပ်ငန်းကိုလည်း ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်မှစ၍ နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်စတင်ပြေးဆွဲခွင့်ပြုခဲ့သည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ်တွင် နိုင်ငံတကာခရီးသွားဧည့်သည် ၂ ဒသမ ၃ သိန်းကျော်၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလထိ ခရီးသွားဧည့်သည် တစ်သန်းကျော် ဝင်ရောက်ခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၄၇ ရာခိုင်နှုန်းတိုးတက်ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရပေသည်။

ခရီးသွားလုပ်ငန်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုသည့် ပင်မစီးပွားရေးကဏ္ဍတစ်ခုဖြစ်ပြီး စနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ဖော်ဆောင်နိုင်ပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရာတွင်လည်းကောင်း၊ နိုင်ငံတကာခရီးသွားဧည့်သည်များနှင့် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုတို့ကို မြှင့်တင်ရာတွင်လည်းကောင်း ထိရောက်မှုရှိစေမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်းသည် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိ ခရီးသွားလုပ်ငန်းအခြေအနေများကို ဘက်စုံထောင့်စုံ၊ ကဏ္ဍစုံက ရှုမြင်သုံးသပ်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရလဒ်ကောင်းများ ဖော်ထုတ်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ခရီးသွားလုပ်ငန်း အောင်မြင်ခြင်းသည် နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိရေး အစိုးရ၊ ပုဂ္ဂလိက၊ ဒေသခံပြည်သူများအားလုံး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဆောင်းသီးနှံစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများကို သဘာဝမြေသြဇာအိတ် ၂၁၀၀ ကျော် ဖြန့်ဖြူးရောင်းချပေးထား




**မန္တလေး ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆောင်းသီးနှံများစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများကို စမ်းဝတီသဘာဝမြေသြဇာအိတ် ၂၁၀၀ ကျော် ဖြန့်ဖြူးရောင်းချပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

အဆိုပါ သမဝါယမအသင်းသားတောင်သူများ၏ ဆောင်းသီးနှံစိုက်ဧကများအတွက် အပင်၏အာဟာရဓာတ်များ ပြည့်ဝစွာသုံးစွဲနိုင်ရန် စမ်းဝတီသဘာဝမြေသြဇာများကို ဈေးနှုန်းသက်သာစွာဖြင့် လက်ငင်းငွေချေစနစ်၊ အရစ်ကျစနစ်တို့ဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ဖြန့်ဖြူးရောင်းချပေးခဲ့ရာ ယနေ့ထိ မြို့နယ် ၂၂ မြို့နယ်အတွင်းရှိ သမဝါယမအသင်းသားတောင်သူများ၏ ဆောင်းသီးနှံစိုက်ဧကများအတွက် သဘာဝမြေသြဇာအိတ် ၂၁၀၀ ကျော်ကို ဖြန့်ဖြူးရောင်းချပေးထားကြောင်း၊ ဆက်လက်၍လည်း တောင်သူများအတွက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံတွေ စိုက်ပျိုးကြတဲ့ တောင်သူတွေကို လက်ငင်းငွေချေစနစ်နဲ့ကော၊ အရစ်ကျစနစ်နဲ့ပါ ဖြန့်ဖြူးရောင်းချပေးပါတယ်။ ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာနဲ့ တောင်သူတွေ ဝယ်ယူအသုံးပြုနိုင်ဖို့ ရည်ရွယ်တာပါ။ ဆောင်းသီးနှံတွေအတွက် သဘာဝမြေသြဇာအိတ် ၉၀၀၀ ဖြန့်ဖြူးရောင်းချပေးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ သဘာဝမြေသြဇာအိတ် ၂၁၀၀ ကျော် ဖြန့်ဖြူးရောင်းချပြီးပါပြီ။ စမ်းဝတီသဘာဝမြေသြဇာက တောင်သူတွေ ရာသီမရွေး သုံးနိုင်အောင် ဖြန့်ဖြူးပေးသွားဖို့ စီစဉ်ဆောင်ရွက်ထားတာပါ။ တောင်သူတွေကို တစ်ဖက်တစ်လမ်းကနေ ကူညီပံ့ပိုးပေးတဲ့သဘောပါ။ တောင်သူတွေစိုက်ပျိုးမဲ့ စိုက်ဧကတွေအတွက် အာဟာရဓာတ်တွေကို ပြည့်ပြည့်ဝဝသုံးစွဲစေပြီး အထွက်နှုန်းလဲတိုးစေဖို့ စမ်းဝတီသဘာဝမြေသြဇာတွေကို ရောင်းချပေးတာပါ"ဟု ဦးလှိုင်မိုးက ပြောပြသည်။

စမ်းဝတီသဘာဝမြေသြဇာများကို ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်၊ မိတ္ထီလာ၊ သာစည်၊ ညောင်ဦး စသည့်မြို့နယ်များကို ဖြန့်ဖြူးရောင်းချပေးထားကြောင်း၊ ကျန်ရှိသည့် ပုသိမ်ကြီး၊ မတ္တရာ၊ အမရပူရ၊ မြင်ဦးလွင်၊ သပိတ်ကျင်း၊ စဉ့်ကူး၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ မလှိုင်၊ မြင်းခြံ၊ ဝမ်းတွင်း၊ တောင်သာ၊ နွားထိုးကြီး၊ ရမည်းသင်း၊ ပျော်ဘွယ် စသည့်မြို့နယ်များရှိ ဆောင်းသီးနှံစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများကိုလည်း ဆက်လက်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံ ပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တောင်ပေါ်ဒေသမှ ထွက်ရှိသည့် ပန်းမုန်လာများ နေ့စဉ် ခြောက်ဘီးကားလေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ ယခုလက်ရှိ ပန်းမုန်လာဈေးနှုန်းများမှာ တစ်ပွင့်လျှင် ငွေကျပ် ၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပန်းမုန်လာက တောင်ပေါ်ဒေသတွေကပဲ ထွက်ရှိတယ်။ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ တောင်ပေါ်ဒေသက စိုက်ပျိုးထားပြီး ထွက်ရှိလာတဲ့ ပန်းမုန်လာတွေ ဈေးကွက်အတွင်းကို နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ ကျန်ဒေသတွေကထွက်တဲ့ ပန်းမုန်လာတွေက နည်းသွားပါပြီ။ အခြားကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့သီးနှံတွေလဲ အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ထောပတ်ပဲ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၉**

မန္တလေး ဈေးကွက်အတွင်း ထောပတ်ပဲ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိအချိန်တွင် ထောပတ်ပဲကို ပြည်ပနိုင်ငံများအပြင် ပြည်တွင်းကပါ ဝယ်ယူမှု များပြားလျက်ရှိကြောင်း၊ ထိုသို့ ထောပတ်ပဲကို ကုန်သည်များက အဝယ်များလျက်ရှိခြင်းကြောင့် ဇန်နဝါရီလ ဒုတိယပတ်မှစ၍ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"ထောပတ်ပဲက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းတဲ့ ပဲအမျိုးအစားထဲမှာ ပါတယ်။ အခုလက်ရှိမှာတော့ ထောပတ်ပဲ အရောင်းအဝယ်က ပြန်ပြီးကောင်းလာတယ်။ ရန်ကုန်နဲ့ မန္တလေးအပြင် အခြားမြို့တွေမှာလဲ ထောပတ်ပဲအရောင်းအဝယ် ပြန်ပြီးကောင်းလာတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ထောပတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲ၊ နှမ်းအပြင် ထောပတ်ပဲကလဲ အရောင်းအဝယ်ကောင်းတဲ့ ပဲအမျိုးအစားတွေထဲမှာ ပါပါတယ်။ အခုလတ်တလော ထောပတ်ပဲ အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ များလာတာကြောင့် ထောပတ်ပဲက အရောင်းအဝယ်ပြန်ပြီးကောင်းလာတာပါ"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

ထောပတ်ပဲကို မကွေးတိုင်းဒေသကြီးတွင် အများဆုံးစိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း အများအပြားစိုက်ပျိုးကြကြောင်း၊ ထောပတ်ပဲကို ဂျပန်၊ မလေးရှား၊ ကာတာ၊ ယူနိုက်တက်ကင်းဒမ်း၊ တရုတ် စသည့်နိုင်ငံများသို့ အများဆုံးတင်ပို့ရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ဖြင့်လုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သရက်မြို့နယ် မုဆိုးရင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သရက် ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မုဆိုးရင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်း၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မုဆိုးရင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

မုဆိုးရင်ကျေးရွာ၌ အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၃ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း၊ သတင်းအချက်အလက်စင်တာအတွက် Smart TV နှင့် Wifi တပ်ဆင်ခြင်း၊ အရှည် ၃၆၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို Smart Village စီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၃၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၇၃ ဒသမ ၈၈ သိန်း စုစုပေါင်းငွေကျပ် ၃၇၃ ဒသမ ၈၈ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ပြောပြ၍ သိရသည်။ **ခင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အမှတ်(၁)ရပ်ကွက်နေ ဦးစိန်လင်းက မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်း၊ အဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၀၀၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၀၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၅၁၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဟင်းသီးဟင်းရွက် ၅၀၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၄၅၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်တွေ အားလုံး GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် ဧကအားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သောသီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်ဧက တိုးချဲ့စိုက်ပျိုးလာရန်အတွက် နည်းပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# လှိုင်းဘွဲ့မြို့နယ် နောင်ချောင့်မိန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ ဇန်နဝါရီ ၉**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နောင်ချောင့်မိန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ နောင်ချောင့်မိန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းစောင့်ရှောက်ကြရန် မှာကြားသည်။

နောင်ချောင့်မိန်ကျေးရွာ၌ အရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် သိန်း ၁၆၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးသဖြင့် ကျေးရွာရှိ အိမ်ခြေ ၇၅ အိမ်၊ လူဦးရေ ၄၇၀ တို့ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့တော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။ **ဆက်လှ**

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၀၈၅၀၄ ဧက စိုက်ပျိုးမည်

**ကျုံပျော် ဇန်နဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၀၈၅၀၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၀၈၅၀၄ ဧကကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် ပဲမျိုးစုံ၁၀၈၅၀၄ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျုံပျော်မြို့နယ်မှာ ပဲမျိုးစုံ ၁၀၈၅၀၄ ဧက စိုက်ပျိုးမှာဖြစ်တယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံအားလုံး အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့မြေယာပြုပြင်တဲ့လုပ်ငန်းတွေကို သီးနှံတွေမစိုက်ခင် စိုက်ပျိုးရေးဦးစီးဌာနက လုပ်ဆောင်ပေးခဲ့ပါတယ်။ စိုက်ပျိုးမဲ့ ပဲမျိုးစုံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့ အသိပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးမှာပါ။ ဆောင်းသီးနှံတွေကို ပြန်လည်သိမ်းဆည်းတဲ့အချိန်ထိ စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးမည့်ပဲမျိုးစုံ ၁၀၈၅၀၄ ဧကတွင် မတ်ပဲ ၁၀၂၃၉၁ ဧက၊ ပဲတီစိမ်း ၅၃၆၆ ဧက၊ ဗိုလ်ကိတ်ပဲ ၁၀၈ ဧက၊ ပဲကြီးခြောက်ဧက၊ ပဲပုပ် ၅၈၅ ဧက၊ ပဲယဉ်း ၄၈ ဧကဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် ပဲမျိုးစုံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပြန်လည်သိမ်းဆည်းသည့်အချိန်ထိ တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# မန္တလေးမြို့မှ မြို့ရိုးနီနီ ကျုံးရေကြည်

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာ့သမိုင်းစဉ်သည် ပုံတောင်ပုံညာဒေသတွင် တွေ့ရှိခဲ့သည့် ပရိုင်းမိတ်များမှသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်နှင့် ပျူခေတ်တို့ကို အဆင့်ဆင့်ဖြတ်သန်းခဲ့ပြီးနောက် သမိုင်းတင်ခေတ်သို့ ရောက်ရှိခဲ့သည်။ အနော်ရထာမင်းသည် ခရစ်နှစ် ၁၀၄၄ ခုနှစ်တွင် ပုဂံထီးနန်းကို သိမ်းပိုက်ခဲ့ပြီးနောက်ပိုင်းမှစ၍ မြန်မာ့သမိုင်းသည် အထောက်အထားများခိုင်မာလာခဲ့သည်။ သို့တိုင်အောင် မြန်မာ့သမိုင်းတွင် နှုတ်ပြောစကားများက ရောပြွမ်းနေဆဲဖြစ်သည်။

သမိုင်းတင်ခေတ်တွင် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်တို့ကို ဖြတ်ကျော်ပြီး ယဉ်ကျေးမှုနှင့် အနုပညာရပ်များ တိုးတက်ထွန်းကားခဲ့သည်။ ခရစ်နှစ် ၁၇၅၂ ခုနှစ်တွင် ကုန်းဘောင်ခေတ်ကို အလောင်းမင်းတရားဦးအောင်ဇေယျက တည်ထောင်ခဲ့သည်။

မြန်မာတို့သည် ပုဂံခေတ်မှစ၍ ရွှေထီးရွှေနန်း ရွှေကြငှန်းနှင့် စံမြန်းနေထိုင်အုပ်ချုပ်ခဲ့ကြပြီး ကုန်းဘောင်ခေတ်တွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ အများဆုံးကျန်ရှိခဲ့သည်။ မြန်မာတို့၏ ထီးရိပ်နန်းရိပ်များသည် မြန်မာနိုင်ငံအတွင်း နေရာများစွာတွင် တည်ရှိခဲ့ကြသည့်အနက် ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက်၊ မြန်မာရှင်ဘုရင်နှစ်ပါးနန်းစိုက်ခဲ့သည့် ရတနာပုံမန္တလေးမြို့သည် မြန်မာတို့၏ ယဉ်ကျေးမှုသမိုင်းနယ်ပယ်တွင်သာမက ကမ္ဘာတွင်လည်းထင်ရှားခဲ့ပေသည်။

သမိုင်းပညာရှင်များသည် စည်းလုံးညီညွတ်သည့် မြန်မာနိုင်ငံကို တည်ထောင်နိုင်ခဲ့သည့်ကာလများကို ခေတ်ကာလများပိုင်းခြား သတ်မှတ်ခဲ့ကြသည်။ ၎င်းတို့အနက် တတိယမြန်မာနိုင်ငံတော်ဟု သတ်မှတ်သည့် ကုန်းဘောင်ခေတ်(ခရစ်နှစ် ၁၇၅၂-၁၈၈၅)တွင် ကုန်းဘောင်ဆက်ဘုရင်များ နန်းစံခဲ့ကြသည့် မြို့တော်များဖြစ်ကြသည့် ရွှေဘို၊ အင်းဝ၊ စစ်ကိုင်း၊ အမရပူရနှင့် ရတနာပုံမြို့တော်တို့အနက် ကုန်းဘောင်မင်းဆက် ၁၀ ဆက်မြောက်ဘုရင်ဖြစ်သည့် မင်းတုန်းမင်းကြီးတည်ထောင်ခဲ့သည့် ရတနာပုံနေပြည်တော် မန္တလေးမြို့သည် မြို့ရိုး၊ ပြာသာဒ်၊ ပြအိုး၊ ပစ္စင်၊ ကျုံး၊ နန်းတော်ရာများဖြင့် ယနေ့တိုင် အထင်အရှားကျန်ရှိနေပေသည်။

### မြန်မာ့ရှေးဟောင်းမြို့ပြအရံအတားများ

ယဉ်ကျေးမှုထွန်းကားခဲ့သည့် နိုင်ငံသီးသီးတွင် ခေတ်အဆက်ဆက်ဖွံ့ဖြိုးခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များရှိကြမြဲဖြစ်ကာ ယဉ်ကျေးမှုအမွေအနှစ်များကို ယေဘုယျအားဖြင့် နှစ်မျိုးခွဲခြားနိုင်သည်။ ၎င်းတို့မှာ ဒြပ်ရှိယဉ်ကျေးမှုအထောက်အထားနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအထောက်အထားဖြစ်သည်။

ဒြပ်ရှိယဉ်ကျေးမှုအထောက်အထားတွင် မြေပေါ်မြေအောက်ရှိ ကိုင်တွယ်ထိတွေ့၍ရသည့် ဝတ္ထုပစ္စည်းများနှင့် အဆောက်အအုံများပါဝင်သည်။ ရုပ်ဝတ္ထုအမွေအနှစ်များတွင် မြို့တော်များ၏ နယ်နိမိတ်ကို ပိုင်းခြားသတ်မှတ်သည့် မြို့ရိုး၊ တံတိုင်းနှင့်အဆောက်အအုံများသည် အထင်ရှားဆုံးမြင်လွယ်သည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးအစဉ်အဆက်ကပင် ဘုရင်စနစ်ကိုကျင့်သုံးကာ မြို့ပြနိုင်ငံများ ထူထောင်ခဲ့ကြသဖြင့် ရှေးမြန်မာမြို့ဟောင်းတချို့ကို ယနေ့တိုင်မြင်တွေ့နိုင်ကြသည်။ ခေတ်အဆက်ဆက်တည်ထောင်ခဲ့သည့် မြန်မာမြို့တော်များကို မြို့ရိုးတံတိုင်းများဖြင့် နယ်နိမိတ်ကန့်ထားလေ့ရှိပြီး မြို့ရိုးများအတွင်းပိုင်းသည် မြို့ဧရိယာဖြစ်သည်။ မြို့ရိုးများကို ယေဘုယျအားဖြင့် မြေကြီးဖြင့်လည်းကောင်း၊ အုတ်ဖြင့်လည်းကောင်း၊ သစ်ဖြင့်လည်းကောင်း ပြုလုပ်ခဲ့ကြပြီး စတုရန်း၊ ထောင့်မှန်စတုဂံ၊ မှန်ကူကွက်၊ စက်ဝိုင်း၊ ဗဟုဂံ စသည်ဖြင့် ပုံသဏ္ဌာန်များကွဲပြားကြသည်။

ရှေးမြန်မာမြို့ဟောင်းများတွင် မြို့ရိုးများနှင့်အတူ ကျုံးများကိုပါ ထည့်သွင်းတည်ဆောက်လေ့ရှိခဲ့ကြသည်။ မြို့ကိုကာရံသည့်ကျုံးကို ယေဘုယျအားဖြင့် ညွန်ကျုံး၊ ရေကျုံးနှင့် အခြောက်ကျုံးဟု သုံးမျိုးခွဲခြားနိုင်သည်။

ညွန်ကျုံးကို ရန်သူများမြို့တွင်းသို့ ဝင်ရောက်လာပါက ညွန်များအတွင်းသို့ ကျွံကျနစ်မြုပ်သွားစေရန် ပြုလုပ်ခဲ့ကြသည်။ ညွန်ကျုံးသည် နက်ရှိုင်းကျယ်ပြန့်စွာ တူးဖော်ထားသော အကျယ်အဝန်းတစ်ခုတွင် ညွန်များကိုထည့်ထားသည့် ရှုန်းကန်ထွက်ပြေးရန် မလွယ်ကူသည့် အတားအဆီးတစ်ခုဖြစ်သည်။

အခြောက်ကျုံးသည် မြို့တော်အတွင်းသို့ရန်သူများ ဝင်ရောက်ကျူးကျော်မှုကိုဟန့်တားနိုင်ရန် သစ်ငုတ်၊ သစ်ချွန်း၊ ဆူးငြောင့်များကို ခလုတ်ချိုင့်ဝှမ်းများတွင် ပြုလုပ်ထားသည့် မြေပြင်ကျယ်ဖြစ်သည်။



မန္တလေးနန်းမြို့ရိုးနှင့် ကျုံးကို တွေ့ရစဉ်။

ရေကျုံးသည် မြို့ရိုးပတ်လည်တွင် ကျယ်ဝန်းသော မြောင်းကြီးကိုများတူးဖော်၍ ရေများထည့်သွင်းထားကာ ရန်သူများအလွယ်တကူမကူးဖြတ်နိုင်ရန် စီစဉ်ထားသည့် ရေပြင်အရံအတားဖြစ်ပေသည်။

### ရှေးမြို့ဟောင်းအင်္ဂါများနှင့် မန္တလေး

ရှေးမြန်မာများ တည်ဆောက်ခဲ့ကြသည့် မြို့ရိုးများတွင် (၁)တံခါး၊ (၂)တံခါးမြို၊ (၃)တန်ဆောင်း၊ (၄)ပြာသာဒ်၊ (၅)ပြအိုး၊ (၆)ပစ္စင်၊ (၇)ရဲလောင်း၊ (၈)ရင်တား၊ (၉)သူရဲခို၊ (၁၀)မီးတားဟူ၍ အင်္ဂါ ၁၀ ပါး ပါဝင်မြဲဖြစ်သည်။ မန္တလေးနန်းမြို့ရိုးသည် ရှေးမူလက်ရာမပျက် မြို့ရိုးအင်္ဂါ ၁၀ ပါး အပြည့်အစုံဖြင့် ယနေ့တိုင်တွေ့မြင်နေရသည့် ရှေးဟောင်းအမွေအနှစ်တစ်ခုအဖြစ် ထင်ရှားစွာတည်ရှိနေသည်။

မန္တလေးမြို့ကိုတည်ထောင်သူ မင်းတုန်းမင်းသည် ခရစ်နှစ် ၁၈၅၉ ခုနှစ် မေ ၂၂ ရက် (မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်) တွင် မန္တလေးနန်းမြို့ရိုးကို အုတ်မြစ်ချခဲ့သည်။

မင်းတုန်းမင်းသည် ဘုရင်ဖြစ်စအချိန်က အမရပူရတွင်နန်းစံခဲ့သော်လည်း ခရစ်နှစ် ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်ကို စစ်ရှုံးနိမ့်ခဲ့ပြီးနောက် အမရပူရတွင် နန်းစံလိုသောဆန္ဒမရှိတော့ချေ။ ထို့ပြင် သာသနာတော်နှစ် ၂၄၀၀ ပြည့်လျှင် အင်္ဂါနံမင်းသည် မြို့အသစ်တည်ကာ သာသနာစည်ပင်မည်ဟု နိမိတ်တဘောင်ပေါ်ခဲ့သဖြင့် အင်္ဂါနေ့သားဖြစ်သည့် မင်းတုန်းမင်းသည် နန်းမြို့နေပြည်တော်ကို ရတနာပုံမန္တလေးသို့ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည်။

မင်းတုန်းမင်းသည် မန္တလေးမြို့ကို သာသနာနှစ် ၂၄၀၀ (မြန်မာသက္ကရာဇ် ၁၂၁၈ ခုနှစ်၊ ခရစ်နှစ် ၁၈၅၆ ခုနှစ်)တွင်ပြီးစီးစေရန် မြန်မာသက္ကရာဇ် ၁၂၁၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ သာသနာတော်နှစ် ၂၄၀၀ အထိမ်းအမှတ်အဖြစ် မြို့ရိုးအရှည်တာ ၂၄၀၀ ရရှိစေရန် မြို့ရိုးတစ်ဖက်လျှင် တာ ၆၀၀ အညီအမျှပြုလုပ်ခဲ့သည်။ တစ်တာလျှင် ခုနစ်တောင်၊ သံတောင်တစ်တောင်လျှင် ၁၉ လက်မစံနှုန်းဖြင့် တွက်ချက်လျှင် မြို့ရိုးလေးမျက်နှာ အရှည်သည် ၅ ဒသမ ၀၃ မိုင်ရှိသည်။

မန္တလေးနန်းမြို့ရိုးသည် မျက်မှောက်ခေတ်အတိုင်းအတာများအရ အရှေ့အနောက်မြို့ရိုးသည် တစ်မိုင်နှစ်ဖာလုံရှိ၍ တောင်မြောက်မြို့ရိုးသည် တစ်မိုင်နှစ်ဖာလုံ ၈၈ ကိုက်ရှိသဖြင့် စတုရန်းပုံအတိအကျမဖြစ်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ရေးသားခဲ့သည်။

မင်းတုန်းမင်းသည် မြို့ကို ခိုင်ခံ့မြင့်မားသော အုတ်တံတိုင်းကာရံလျက် တံတိုင်းအပြင်တွင် နက်ရှိုင်းသောကျုံးဖြင့် ပတ်ရံထားရန်စီစဉ်ခဲ့သည်။ အုတ်မြို့ရိုးသည် ဒု တစ်တာ၊ အမြင့် သံတောင် ၁၈ တောင်ဖြစ်ရာ ယခုခေတ်အတိုင်းအတာများအရ အုတ်ဒုသည် ၁၀ ပေ ခြောက်လက်မ၊ အမြင့် ၂၈ ပေ ခြောက်လက်မဖြစ်သည်။ မြို့ရိုးပေါ်တွင်ပြအိုးများတင်ထားကာ မြို့တွင်းသို့ဝင်ရန် တံခါးပေါက် ၁၂ ပေါက်ပြုလုပ်ခဲ့သည်။

မြို့ရိုးတံတိုင်း၏ အတွင်းပိုင်းအလယ်တွင် ထောင့်မှန်စတုဂံပုံအုတ်ခုံပြုလုပ်၍ ထိုအုတ်ခုံပေါ်၌ နန်းတော်တည်ခဲ့သည်။

မန္တလေးမြို့ကိုတည်ရာတွင် မြို့၏ ထောင့်လေးထောင့်တွင် တွင်းများတူး၍ အုတ်အင်္ဂတေတို့ဖြင့် ကန်ပြုလုပ်ကာ ဆီအိုးကြီးများကို တည့်တည့်မတ်မတ် မြှုပ်နှံခဲ့သည်။ ၎င်းဆီအိုးကြီးများသည် ဆီပိဿာ ၁၂၀ ဆံ့သော အတွင်းအပြင်စဉ့်သုတ်ထားသည့် အိုးများဖြစ်ကြသည်။ ၎င်းအိုးကြီး တစ်လုံးစီတွင် နှမ်းကြီးဆီ ပိဿာ ၄၀၊ နှမ်းလျင်ဆီ ပိဿာ ၄၀၊ မုန်ညင်းဆီ ပိဿာ ၄၀ တို့ကိုထည့်၍ အလုံပိတ်ကာမြှုပ်နှံခဲ့သည်။ ထိုသို့ ဆီအိုးကြီးများမြှုပ်နှံခြင်းသည် ရတနာပုံနန်းမြို့ အရှည်တည်တံ့စေရန် ရှေးရိုးအစီရင်တစ်ခုအနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ယူဆကြသည်။

### မြို့တံခါးများ

မန္တလေးနန်းမြို့ရိုးတွင် တံခါး ၁၂ ရပ်ရှိ၍ မြို့ရိုးတစ်ဖက်တွင် တံခါးသုံးရပ်စီပြုလုပ်ခဲ့သည်။ မြို့ရိုးတစ်ဖက်စီ၌ ဓာတ်တံခါးတစ်ခုကို မိတ်တံခါးနှစ်ခုကြားတွင် တည်ဆောက်ခဲ့သည်။ ထို့ကြောင့် ဓာတ်တံခါးလေးခုနှင့် မိတ်တံခါးရှစ်ခုရှိသည်။ ကောင်းကျိုးချမ်းသာရရှိစေရန် ဗေဒင်ယတြာများအလိုအရ မိတ်ဖက်၊ ဓာတ်ဖက်ပြုလုပ်ထားခြင်းဟု ဆိုပေသည်။ တံခါးပေါက်တစ်ခုချင်းကို အမည်များပေးထားခဲ့သည်။ မြို့ရိုးအရှေ့မျက်နှာတွင် (၁)လွန်ကဲ၊ (၂)ဦးထိပ်၊ (၃)သောင်းညွှတ်၊ တောင်မျက်နှာတွင် (၁)ကျွန်းလုံးယူ၊ (၂)ကျော်မိုး၊ (၃)ရန်နည်၊ အနောက်မျက်နှာတွင် (၁)ကြေးမုံ၊ (၂)စည်ရှင်၊ (၃)ထင်ရှား၊ မြောက်မျက်နှာတွင် (၁)စည်သာ၊ (၂)လေးသိန်း၊ (၃)မန်းဦးဟု တံခါးပေါက်များကို အမည်မှည့်ခေါ်ခဲ့သည်။

တံခါးပေါက်အမည်များသည် အဓိပ္ပာယ်ကိုယ်စီရှိကြရာ အနောက်မျက်နှာမှ ကြေးမုံတံခါးပေါက်အမည်သည် တစ်မူထူးခြားနေသည်။ ကြေးမုံတံခါးပေါက်သည် အာဋ္ဌဝီတံခါးဟု လူသိများသော အမင်္ဂလာတံခါးပေါက်ဖြစ်သည်။ မြို့အတွင်းမှလူသေများကို ထိုအပေါက်မှ မြို့ပြင်သို့ ထုတ်လေ့ရှိသဖြင့် ထိုတံခါးမှဝင်ထွက်သွားလာကြသူများသည် သေခြင်းတရားကိုဆင်ခြင်သည့် မရဏာနုဿတိကမ္မဋ္ဌာန်းကို မှန်ချပ်တွင် မြင်ရသကဲ့သို့ အာရုံပြုဆင်ခြင်နိုင်ရန် ကြေးမုံတံခါးပေါက်ဟု အမည်မှည့်ထားခဲ့ခြင်းဖြစ်သည်။

မင်းတုန်းမင်းသည် နေပြည်တော်ကို အမရပူရမှ မန္တလေးသို့ ပြောင်းရွှေ့ခဲ့ရာ မြို့တော်ပြောင်းရွှေ့ရာတွင် လိုက်ပါလာခဲ့သောပြည်သူများက အမရပူရတွင် လူသေအလောင်းများကို မြို့အပြင်သို့ထုတ်သည့် အနောက်မျက်နှာတံခါးပေါက်ကို ခေါ်ဆိုခဲ့သော အာဋ္ဌဝီတံခါးအမည်ကိုပင် ဆက်လက်ခေါ်တွင်ခဲ့သဖြင့် ကြေးမုံတံခါးသည် အာဋ္ဌဝီတံခါးဟု ထင်ရှားခဲ့သည်။ အုတ်မြို့ရိုးကို အုတ်များ မြေနီသရွတ်ဖြင့်စီပြီး အတွင်းဘက်တွင် ဆင်ခြေလျှောပြုလုပ်ထားသည်။ မြို့ရိုးအထက်တွင် သူရဲခို ခေါ် စိန်တောင်များကို ဖောက်ထားကာ ၎င်းသူရဲခိုများနောက်တွင် သူရဲပြေး ခေါ် စင်္ကြံလမ်းကို မြို့ရိုးပတ်ပတ်လည်ဖောက်လုပ်ထားသည်။ တစ်ပြနှင့်တစ်ပြကြားတွင် သူရဲခိုပေါင်း ၇၀ ကျော်ရှိသည်။ မြို့တွင်းဝင်ပေါက်များအပေါ်တွင် တန်ဆောင်းများပြုလုပ်ထားပြီး တန်ဆောင်းအောက်တွင် သူရဲပြေးလမ်းအထက်၌ ပစ္စင်များပြုလုပ်ထားသည်။ ထိုပစ္စင်များကို ရန်သူများမြို့တွင်းသို့ဝင်ရောက်ရန်ကြိုးပမ်းလာလျှင် သံရေပူ၊ ခဲရေပူများကိုလောင်းချနိုင်သည့်နေရာတစ်ခုအဖြစ် ပြုလုပ်ထားခြင်းဖြစ်သည်။ ပစ္စင်ရှေ့တွင် ရင်လျှောက်ရှိသည်။ ရင်လျှောက်၏ အောက်ပိုင်းသည် ပြအိုးဖြစ်သည်။ ပြအိုးတစ်ခုသည် အလျား ၄၄ ပေ ခြောက်လက်မရှိပြီး အပြင်သို့ထွက်နေသောဒုမှာ ၂၁ ပေ ခြောက်လက်မခန့်ရှိသည်။

မန္တလေးမြို့ရိုးတစ်လျှောက်တွင် တံခါး ၁၂ ပေါက်၊ ပြကြီး ၁၆ ခု၊ ပြငယ် ၃၂ ခု (စုစုပေါင်း ပြကြီး၊ ပြငယ် ၄၈ ခု) ပေါ်တွင် တန်ဆောင်း ၄၈ ဆောင်ရှိသည်။ မြို့ရိုးတံခါးပေါက်များနှင့် ပြများအပေါ်တွင် ပြာသာဒ်များကို ပြုလုပ်ထားပြီး ၎င်းပြာသာဒ်များသည် ဓာတ်တံခါးလေးခုပေါ်တွင် ဘုံခုနစ်ဆင့်၊ မိတ်တံခါး ရှစ်ခုပေါ်တွင် ဘုံငါးဆင့်၊ ပြ ၄၈ ခုပေါ်တွင် ဘုံငါးဆင့်ရှိသည်။ ပြာသာဒ်များကိုသစ်စေးသရိုးကိုင်ပြီး ဟင်္သပဒါး ရွှေချထားခဲ့သည်။

တံခါးပေါက်တစ်ခုစီတွင် မြို့ရိုးတံခါးတစ်ဖက်တစ်ချက်ကူးသန်းနိုင်ရန် ပျဉ်ပြားခြေနင်းလျှောက်လမ်းများရှိသည်။ ၎င်းတို့ကို ရင်လျှောက်ဟု ခေါ်သည်။ တံခါးရွက်အပြင်တွင် ရန်သူများဝင်မလာနိုင်ရန် သစ်သားတုံးကြီးများကို တစ်ဖက်နှင့်တစ်ဖက် လျှိုသွင်းထားသည့် ရင်တားများရှိသည်။ ထိုရင်တားများကို တုရိုဏ်တိုင်တွင် တစ်ဖက်စီစွပ်ထားသည်။ မြို့တံခါးပေါက်တည့်တည့် မြို့ရိုးအပြင်တွင် အလျားသုံးတာ၊ အနံတစ်တာရှိသည့် အခိုင်အခံ့ပြုလုပ်ထားသည့် အုတ်နံရံကြီးများသည် မီးတားများဖြစ်ကြသည်။

ရှေးဟောင်းသုတေသနဦးစီးဌာနက မန္တလေးနန်းမြို့ရိုးများကို ထိန်းသိမ်းပြုပြင်ခဲ့ရာ ၁၉၆၃ ခုနှစ် မတ် ၅ ရက်တွင် မန္တလေးနန်းမြို့ရိုး တောင်ဘက်မျက်နှာရှိ မိတ်တံခါးရန်နည်၏ မီးတားအောက်ခြေမှ ငွေအင်းပြား ၁၈ ချပ်ထည့်ထားသည့် ကျောက်သေတ္တာတစ်လုံးကို တူးဖော်တွေ့ရှိခဲ့သည်။ ၎င်းကျောက်သေတ္တာသည် အလျား တစ်ပေသုံးလက်မ၊ အနံ တစ်ပေတစ်လက်မနှင့်အမြင့် ၁၁ လက်မရှိသည်။ ကျောက်သေတ္တာအဖုံးပေါ်တွင် "ရန်နည် တံခါးရွက်ကာ၊ ဝဲ"ဟု ကမ္ပည်းထိုးထားသည်။ ငွေအင်းချပ်များကို ခဲပြားဖြင့် ရစ်ပတ်ထားသည်။ မန္တလေးမြို့တည်နန်းတည်စာတမ်း၌ "နန်းမြို့ရိုးကိုတည်လုပ်ရာ၌ မဟာယတြာအတွက် အင်းပြားများမြှုပ်နှံခဲ့ကြသည်"ဟု ရေးသားထားပြီး အင်းအမျိုးအစားနှင့် အချပ်ရေများကိုပါ ဖော်ပြထားပေသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဉတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ဧက ၃၀၅၀ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ဧက ၃၀၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၂၀၄၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဖူးစားပြောင်း ဧက ၃၀၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

“ဆောင်းသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ သီးနှံအလိုက် လျာထားဧကတွေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဒေသတွင်းရှိ တောင်သူတွေကို လိုအပ်တဲ့ဆောင်းသီးနှံစိုက်ပျိုးရေး နည်းစနစ်တွေနဲ့ သွင်းအားစုပစ္စည်း စနစ်တကျသုံးစွဲရေးနည်းလမ်းတွေကို အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးပြီး သီးနှံအထွက်နှုန်း ကောင်းမွန်ရေးအတွက်လဲ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးကြဖို့ လိုအပ်တာတွေ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးထားပါတယ်။ အဓိကစိုက်ပျိုးတဲ့ ဆောင်းသီးနှံတွေက ဖူးစားပြောင်း၊ ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ပဲမျိုးစုံ သီးနှံမှာဆိုရင် ကုလားပဲ၊ မတ်ပဲ၊ ပဲကြီး၊ ပဲယဉ်း၊ ပဲကျား၊ ထောပတ်ပဲ၊ စားတော်ပဲ၊ ပဲလွမ်း၊ ပဲနောက် စတဲ့သီးနှံတွေကို စိုက်ပျိုးကြပါတယ်။ ဆောင်းသီးနှံတွေထဲမှာ ဆိုရင် ဖူးစားပြောင်းက လျာထား ၂၀၄၈ ဧက ဖြစ်ပြီး ဒီနေ့ထိ ဧက ၃၀၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်” ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဖူးစားပြောင်း စိုက်ပျိုးခြင်းကို မိုးရာသီနှင့် ဆောင်းရာသီတွင် အဓိက စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ စိုက်ပျိုးရေအဆင်ပြေမှုကြောင့် ဖူးစားပြောင်းစိုက်ပျိုးရေးလုပ်ငန်းမှာ အောင်မြင်ဖြစ်ထွန်းမှုရှိကြောင်း၊ တစ်ဧကလျှင် သီးနှံစိုက်ပျိုးစရိတ်မှာ ငွေကျပ် ၃၀၀၀၀၀ မှ ငွေကျပ် ၄၀၀၀၀၀ ခန့်ထိ ကုန်ကျမှုရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

➤ စာမျက်နှာ ၄ မှအဆက်

မင်းတုန်းမင်းသည် “မြို့ကျုံးစေတီ၊ သိင်္ဂီလှိုဏ်မောင်း၊ သိမ်ကျောင်းသုဓမ္မာ၊ ရွှေစာအမြတ်၊ ပိဋကတ်တိုက်၊ သမိုက်မြဲမြံ၊ ခုနစ်တန်ကို၊ ဆောင်ဖန်အောင်စည်၊ တစ်ပြိုင်တည်”ဟူသည့် မြို့အင်္ဂါခုနစ်ရပ်အတိုင်း ၁၂၂၁ ခုနှစ် ကဆုန်လဆုတ် ၆ ရက်တွင် (၁)နန်းမြို့၊ (၂)ကျုံး၊ (၃)မဟာလောကမာရဇိန်စေတီ၊ (၄)ပဋ္ဌာန်းမဟာရွှေသိမ်၊ (၅)အတုမရှိကျောင်း၊ (၆)သုဓမ္မာဇရပ်၊ (၇)ပိဋကတ်တိုက်တို့ကို တစ်ပြိုင်တည်းပန္နက်တင်ခဲ့သည်။

မြို့ရိုးပတ်ပတ်လည်တွင် တာ ၂၀ မြေလွတ်ချန်ပြီး တာ၂၀ ကျယ်၍ အနက် ၁၅ တောင်ရှိသည့်ကျုံးကို တူးဖော်ခဲ့သည်။ မျက်မှောက်ခေတ်အတိုင်းအတာများအရ ကျုံးသည် ပေ ၂၁၀ ကျယ်၍ ၂၂ ပေ ၆ လက်မခန့်နက်ပြီး မြို့ရိုးကို လေးဖက်လေးတန် ဝိုင်းပတ်ထားပေသည်။ ကျုံးအတွင်းသို့ ရတနာနဒီမြောင်းမှ ရေများသွယ်ယူထည့်သွင်းခဲ့သည်။ ခရစ်နှစ် ၁၈၆၂ ခုနှစ် မတ်လတွင် ရွှေမြို့တော်ခုနစ်ဌာနလုံး ပြီးစီးအောင်မြင်ခဲ့ပြီးနောက် မင်းတုန်းမင်းသည် မြို့သိမ်းမင်္ဂလာအခမ်းအနားကို ကျုံးအတွင်း ခမ်းနားစွာဆင်ယင်ကျင်းပခဲ့သည်။ မင်းတုန်းမင်းကြီးသည် ကျုံးတော်အတွင်း၌ ရွှေလောင်းရွှေလှေများခြံရံထားသော ပြည်ကြီးမွန်ဖောင်တော်ကိုစီးလျက် မန္တလေးနန်းတော်ကို လက်ယာရစ်လှည့်ပတ်ခဲ့ပေသည်။

ကျုံးကူးတံတားများကို မြို့ရိုးမျက်နှာစာတစ်ဖက်စီတွင်ရှိသည့် အလယ်တံခါးမကြီးများရှေ့တွင် တစ်ခုစီထားရှိမှုသာမက အနောက်မျက်နှာကြေးမုံတံခါးရှေ့တွင် ကျုံးကူးတံတားတစ်ခုကို ထပ်မံပြုလုပ်ခဲ့သဖြင့် ကျုံးကူးတံတားပေါင်း ငါးစင်းခန့်ရှိသည်။ ကြေးမုံတံတား ခေါ် အာဠဝီတံတားကို နန်းမြို့တွင်းမှလူသေများကို မြို့ပြင်ထုတ်ရန် သီးသန့်အသုံးပြုရန်တည်ဆောက်ခဲ့သည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၆၀ ကျော်က မင်းတုန်းမင်း(ခရစ်နှစ် ၁၈၅၂-၁၈၇၈)တည်ထောင်ခဲ့သည့် မန္တလေးမြို့သည် မြို့ရိုးနီနီ၊ ကျုံးရေကြည်ကြည်ဖြင့် တင့်တယ်လှပသည့် ဘုရင့်မြို့တော်ဖြစ်ခဲ့သည်။ မန္တလေးမြို့ရိုးသည် ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်တို့၏ အမြောက်ဒဏ်၊ ဗုံးဒဏ်များကို ခံခဲ့ရသော်လည်း အနီရောင်အုတ်မြို့ရိုးသည် ယနေ့တိုင်ထင်ရှားစွာရှိနေသကဲ့သို့ ကြည်လင်သောရေများပြည့်နေသည့်ကျုံးကိုလည်း ယနေ့တိုင်မြင်နိုင်ကြပေသည်။

ယခုအခါနှစ်ပေါင်း ၁၆၀ ကျော်ရှိပြီဖြစ်သည့် ရတနာပုံနေပြည်တော်မန္တလေးသည် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုလက်ရာများစွာကို ယနေ့တိုင်ဖော်ညွှန်းလျက်ရှိသည်။ ယဉ်ကျေးမှုအဆင့်အတန်းနှင့် ဗိသုကာပညာ အဆင့်မြင့်မားခဲ့သည့်မြန်မာတို့သည် နယ်ချဲ့၏ ဗိုလ်ကျစိုးမိုးအနိုင်ကျင့်မှုကိုသာမခံခဲ့ရပါက ယခုအချိန်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်သောအတတ်ပညာများ ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ကြောင်း မန္တလေးမှ နန်းမြို့ရိုးနီနီ ကျုံးရေကြည်ကြည်က သက်သေထူလျက်ရှိနေပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းအတွဲ(၉)**
- **ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး(တတိယတွဲ) (ဦးမောင်မောင်တင်)**
- **ဝင်းတွေနှင့်တည်စဲ့သည့်မင်းနေပြည်(နတ်မောက်ထွန်းရှိန်)**
- **ပုံသဏ္ဌာန်မျိုးစုံ ရှေးဟောင်းမြန်မာ့မြို့ရိုးစနစ်ပုံ (မောင်ယဉ်လှိုင်၊ ပျဉ်းမမြိုင်)**

## သာစွဌာနီ ကချင်ပြည်

- မနောမြေမည် ကချင်ပြည်က
  မြန်ပြည်မြောက်ဖျား တည်ရှိငြားကာ
  ထူးခြားအလှ သဘာဝတို့
  ကြွယ်ဝပေသောဌာနတည့်။

- မြန်ပြည်တစ်လွှား တည်ရှိငြားသည့်
  တောင်များတကာ မယှဉ်သာသော
  “ခါကာဘိုရာဇီ” တောင်ထွတ်သည်ကား
  ဤဒေသတွင် တည်ရှိသည်။

- မြန်မာ့မြေမှာ တည်ရှိပါသော
  များစွာအင်းအိုင် မယှဉ်နိုင်အောင်
  ပြိုင်ဘက်ကင်းနော် ဂုဏ်ထင်ပေါ်သော
  “အင်းတော်ကြီးအိုင်” တည်ရှိသည်။

- ကြိမ်နွယ်သစ်ဝါး လွန်ပေါများ၍
  သားရဲမျိုးစုံ ကျက်စားကုန်သော
  ရဂုံတောထု များပြားမှုကြောင့်
  ဥတုရာသီမျှတသည်။

- ထိုမျှမက ဤဒေသရှိ
  “မေခ” “မလိခ” မြစ်ညီအစ်မက
  ရှေးမှခုတိုင် ရေလှိုင်လှိုင်ပင်
  ပြိုင်ဆိုင်စီးဆင်း ပေါင်းဆုံခြင်းဖြင့်
  မြစ်မင်းဧရာ ပြည်မြန်မာတွင်
  ဘယ်ခါမယွင်း မြဲစီးဆင်းအောင်
  ဆောင်ကြဉ်းပေးသည်မဟုတ်လော။

- ဩော်. . .
  ရေမြေအလှ သဘာဝတို့
  ကြွယ်ဝရှိသာ မကပါဘူး
  မြေလွှာတစ်လျှောက် ကျောက်စိမ်းနှင့်ရွှေ
  ရှာဖွေတိုင်းရ ကောင်းမြတ်လှမို့
  သာစွဌာနီ ညွှန်းဆိုမည်
  မနောမြေမည် ကချင်ပြည်။ ။

**မနောသစ်(ပခုက္ကူ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## တရုတ်ဂြိုဟ်တုတစ်စင်း ဖြတ်ကျော်ပျံသန်းမှုကြောင့် တရုတ်(တိုင်ပေ)လုံခြုံရေးသတိပေးချက်ထုတ်ပြန်ခဲ့ရ

**တိုင်ပေ ဇန်နဝါရီ ၉**

တရုတ်နိုင်ငံက ယနေ့တွင် ဂြိုဟ်တုတစ်စင်း လွှတ်တင်ခဲ့ရာ တရုတ်(တိုင်ပေ)အစိုးရက တရုတ်(တိုင်ပေ)ကျွန်း တစ်ခုလုံးအတွက် သတိပေးချက်ထုတ်လွှင့်ခဲ့သည်။

တရုတ်နိုင်ငံက လွှတ်တင်ခဲ့သောဂြိုဟ်တုသည် တရုတ်(တိုင်ပေ)တောင်ပိုင်းကို ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း တရုတ်(တိုင်ပေ)သမ္မတရုံးက ပြည်သူများ၏မိုဘိုင်းဖုန်းများထံပေးပို့ခဲ့သော သတိပေးချက်၌ ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် သိပ္ပံပညာ စူးစမ်းလေ့လာရေးဂြိုဟ်တုတစ်စင်းကိုလွှတ်တင်ခဲ့ကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာများကလည်း ယနေ့တွင် အတည်ပြုသတင်းထုတ်ပြန်ထားသည်။

တရုတ်(တိုင်ပေ)သမ္မတ ရွေးကောက်ပွဲကျင်းပရန် ရက်ပိုင်းအလိုတွင် တရုတ်ဂြိုဟ်တုတစ်စင်း ဖြတ်ကျော်ပျံသန်းမှုကြောင့် တရုတ်(တိုင်ပေ)အစိုးရက လုံခြုံရေးသတိပေးချက်များ ထုတ်လွှင့်ခဲ့ရခြင်းဖြစ်သည်။

တရုတ်ဂြိုဟ်တု တရုတ်(တိုင်ပေ)တောင်ပိုင်းကိုဖြတ်ကျော်ပျံသန်းမှုသည် မိုးပျံဘောလုံးဖြစ်စဉ်များကဲ့သို့ပင် ရန်စမှုတစ်မျိုးဖြစ်ကြောင်း တရုတ်(တိုင်ပေ)နိုင်ငံခြားရေးဝန်ကြီးဂျိုးဆက်ဝူက ဝေဖန်ထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များကလည်း တရုတ်မိုးလေဝသဘောလုံးများအဖြစ် ယူဆရသည့် တရုတ်မိုးပျံဘောလုံးများ တရုတ်(တိုင်ပေ)ကိုဖြတ်ကျော်ခဲ့ဖူးကြောင်း သိရသည်။

Ref : RT

Trs : KKO

## ခွေးသားစားသုံးမှုပိတ်ပင်ရေးဥပဒေကြမ်း တောင်ကိုရီးယားလွှတ်တော်အမတ်များ အတည်ပြု

**ဆိုးလ် ဇန်နဝါရီ ၉**

ခွေးသား စားသုံးသူများနှင့် ရောင်းဝယ် ဖောက်ကားမှုတို့ကို ပိတ်ပင်ထားသည့် ဥပဒေကြမ်းကို တောင်ကိုရီးယား လွှတ်တော်က ယနေ့တွင် အတည်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဥပဒေသည် ရာစုအဆက်ဆက်ကျင့်သုံးခဲ့သော်လည်း အငြင်းပွားဖွယ် အလေ့အထဖြစ်သည့် ခွေးသားစားသုံးမှုအလေ့အထကို အဆုံးသတ်ပေးနိုင်မည်ဖြစ်သည်။

ခွေးသားစားသုံးမှုနှင့် ရောင်းဝယ်ဖောက်ကားမှု ပိတ်ပင်ရေးဥပဒေကြမ်းကို တောင်ကိုရီးယားလွှတ်တော်က ထောက်ခံမဲ ၂၀၈ မဲဖြင့် တစ်ခဲနက်အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါဥပဒေအရ ခွေးသားစားသုံးမှုနှင့်ရောင်းဝယ်ဖောက်ကားမှုတို့ကို ထောင်ဒဏ် သုံးနှစ်သို့မဟုတ် ငွေဒဏ် ဝမ်ငွေသန်း၃၀ (အမေရိကန်ဒေါ်လာ ၂၂၈၀၀)ထိ ပြစ်ဒဏ်ချမှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ခွေးသားစားသုံးမှုအစဉ်အလာကို နောက်ပိုင်းတွင် တောင်ကိုရီးယားပြည်သူများ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များက ပို၍ဆန့်ကျင်လာကြကြောင်း လူထုသဘောထားကောက်ခံချက် ရလဒ်များအရ သိရသည်။

တောင်ကိုရီးယားလွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေသည် လူသားများစားသုံးနိုင်ရေးအတွက် ခွေးများသားဖောက်မွေးမြူအသတ်ခံနေရမှုကို အဆုံးသတ်ပေးလိမ့်မည်ဟု တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO




## အမေရိကန်လက်ဝှေ့သမားနှင့် ကနေဒါဘော်လီဘောကစားသမားတို့ကို ရုရှားနိုင်ငံသားအဖြစ်ခံယူခွင့် သမ္မတပူတင် ပေးအပ်





**မော်စကို ဇန်နဝါရီ ၉**

ရုရှားသမ္မတ ပူတင်သည် အမေရိကန်လက်ဝှေ့သမား ကီဗင်ဂျွန်ဆင်နှင့် ကနေဒါရေခဲပြင်ဟော်ကီအားကစားသမား ဘရန်ဒန်လိုက်ပဆစ်တို့ကို ရုရှားနိုင်ငံသားအဖြစ် ခံယူခွင့်ပေးခဲ့သည်ဟု ယနေ့သတင်းများက ဖော်ပြခဲ့ကြောင်း သိရသည်။

ကီဗင်ဂျွန်ဆင်နှင့် ဘရန်ဒန်လိုက်ပဆစ်တို့အတွက် ရုရှားနိုင်ငံသားအဖြစ် ခံယူခွင့်ပေးထားသည့် သမ္မတ ပူတင်၏ အမိန့်ဒီကရီကို ကရင်မလင်နန်းတော် သတင်းဝက်ဘ်ဆိုက်၌ ယနေ့တွင် ထုတ်ပြန်ထားသည်။

ရုရှားပြည်တွင်းမီဒီယာများ၏ အဆိုအရ အမေရိကန်ဟဲဗီးဝိတ်လက်ဝှေ့သမားဂျွန်ဆင်သည် ရုရှားနိုင်ငံသားအဖြစ် ခံယူခွင့်ကို သမ္မတပူတင်ထံမှ တောင်းခံထားကြောင်း သိရသည်။

ထို့ပြင် ဂျွန်ဆင်သည် သမ္မတပူတင်ကို ဂုဏ်ပြုသည့်အနေဖြင့် ဗလာဒီမာရှိုဗစ်ချ်ဟူ၍ပင် အမည်သစ်ရယူထားခဲ့သည်။

ထို့အတူ ၂၀၂၀ ပြည့်နှစ်မှစ၍ ရုရှားရေခဲပြင်ဟော်ကီအသင်းများတွင် ပါဝင်ကစားခဲ့သည့် ကနေဒါရေခဲပြင်ဟော်ကီအားကစားသမား လိုက်ပဆစ်သည်လည်း ရုရှားနိုင်ငံသားအဖြစ် ခံယူခွင့်ပေးရန် သမ္မတပူတင်ကို စာရေးသားတောင်းဆိုထားသူဖြစ်သည်။

ရုရှားနိုင်ငံသည် ရှေးယခင်ကလည်း ရုရှားနိုင်ငံသားအဖြစ် ခံယူခွင့်ပေးရန် တောင်းခံလာသည့် အနောက်အုပ်စုနိုင်ငံများမှ ထင်ရှားကျော်ကြားသူများကိုလည်း ရုရှားနိုင်ငံသားအဖြစ် ခံယူခွင့်ပေးခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နယူးယောက်မြို့တော်တံတားများကို ပါလက်စတိုင်းလိုလားသူဆန္ဒပြသမားများ ပိတ်ဆို့ဆန္ဒပြ

**နယူးယောက် ဇန်နဝါရီ ၉**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တော်၌ ဇန်နဝါရီ ၈ ရက်တွင် ပါလက်စတိုင်းလိုလားသူ ဆန္ဒပြသမားများက တံတားများဥမင်လမ်းများကိုပိတ်ဆို့၍ ဆန္ဒပြခဲ့ကြကြောင်း သိရသည်။



ဆန္ဒပြသမားများသည် နယူးယောက်မြို့တွင်းရှိ ဘရော့ကလင်၊ မင်ဟက်တန်နှင့်ဝီလျံစဘာ့ဂ်တံတားများကိုပိတ်ဆို့၍ အစ္စရေးနှင့်ဟားမတ်စ်အုပ်စုတို့ကြား သုံးလကြာ စစ်ပွဲချက်ချင်း ရပ်ဆိုင်းရန် တောင်းဆိုခဲ့ကြသည်။

ထို့ပြင် ပါလက်စတိုင်းလိုလားသူများသည် ဟက်ဆန်မြစ်ကိုဖြတ်၍ နယူးယောက်နှင့် နယူးဂျာစီပြည်နယ်တို့ကို ချိတ်ဆက်ပေးထားသည့်ဟော်လန်ဥမင်လမ်းကိုလည်း ပိတ်ဆို့ထားခဲ့ကြသည်။

သို့သော် နယူးယောက်မြို့တော်ရဲတပ်ဖွဲ့သည် ဆန္ဒပြသမား ၃၂၅ဦးတို့ကိုဖမ်းဆီး၍ တံတားများနှင့် ဥမင်လမ်းတို့ ပြန်ဖွင့်ပေးခဲ့ရကြောင်း သိရသည်။

ဂါဇာအခြေစိုက် ဟားမတ်အုပ်စုက ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကို တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာစစ်ပွဲစတင်ခဲ့ရကြောင်း သိရသည်။

ဂါဇာစစ်ပွဲ ကာလအတွင်း အစ္စရေး၏ ဝေဟင်၊မြေပြင်စစ်ဆင်ရေးများကြောင့် ပါလက်စတိုင်းဦးရေ ၂၃၀၀၀ ကျော် သေဆုံးခဲ့ရကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

Ref : Xinhua

Trs : KKO

## တောင်တရုတ်ပင်လယ်အတွက် ကျင့်ထုံးဥပဒေတစ်ရပ်ရယူရေး ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိဟု အင်ဒိုနီးရှားအစိုးရ ပြောကြား

**မနီလာ ဇန်နဝါရီ ၉**

တောင်တရုတ် ပင်လယ်ဒေသအတွက် ပင်လယ်ပြင်ကျင့်ထုံးဥပဒေတစ်ရပ်ရယူရေး ကြိုးပမ်းရာတွင် အခြားအရှေ့တောင်အာရှနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိသည်ဟု အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ရီတနိုမာဆူဒီက ဇန်နဝါရီ ၈ ရက်တွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး အင်ရိကေးမာနာလိုနှင့် ပူးတွဲကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

တောင်တရုတ်ပင်လယ်ဒေသဆိုင်ရာပင်လယ်ပြင်ကျင့်ထုံးဥပဒေတစ်ရပ်ကို အမြန်ဆုံးရယူနိုင်ရေးအတွက် အခြားအာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက အဆိုပါသတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နှင့် တရုတ်နိုင်ငံတို့သည် တောင်တရုတ်ပင်လယ်ဒေသအတွက် ပင်လယ်ပြင်ကျင့်ထုံးဥပဒေတစ်ရပ်ရယူနိုင်ရန်နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြကြောင်း သိရသည်။

နှစ်စဉ်ရေကြောင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာသုံးထရီလီယံထိရှိသည့် တောင်တရုတ်ပင်လယ်ဒေသ တစ်ခုလုံးနီးပါးကို တရုတ်နိုင်ငံက ပိုင်ဆိုင်ခွင့်တောင်းဆိုထားသည်။

တစ်ချိန်တည်းမှာပင် ဖိလစ်ပိုင်နှင့် ဗီယက်နမ်အပါအဝင် အာဆီယံနိုင်ငံအချို့ကလည်း တောင်တရုတ်ပင်လယ်ဒေသတစ်စိတ်တစ်ပိုင်းကို ပိုင်ဆိုင်ခွင့်ရယူရေးအတွက် တရုတ်နှင့်အပြိုင်တောင်းဆိုထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံအခြေစိုက် အက်စထရိုဘော့စတစ်ကုမ္ပဏီ၏ Peregrine လဆင်းယာဉ် ဒုံးကန်အားစနစ်ပြဿနာများဖြင့် ရင်ဆိုင်နေရ



**ဝါရှင်တန် ဇန်နဝါရီ ၉**

အမေရိကန်နိုင်ငံ အခြေစိုက် အက်စထရိုဘော့စတစ်ကုမ္ပဏီ၏ Peregrine လဆင်းယာဉ်သည် ဒုံးကန်အားစနစ် ပြဿနာများဖြင့် ရင်ဆိုင်နေရကြောင်း ဇန်နဝါရီ ၈ ရက် သတင်းများအရ သိရသည်။

အက်စထရိုဘော့စတစ်ကုမ္ပဏီသည် Peregrine လဆင်းယာဉ်ကို United Launch Alliances (ULA) ၏ ဗော်လ်ကန်ဒုံးပျံဖြင့် ဇန်နဝါရီ ၈ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ပတ်လမ်းပေါ်သို့ ရောက်ရှိချိန်၌ Peregrine လဆင်းယာဉ်၏ ဒုံးကန်အားစနစ်တွင် ပြဿနာများရှိနေကြောင်း အက်စထရိုဘော့စတစ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

သို့ဖြစ်ရာ ဒုံးကန်အားစနစ်ပြဿနာများကြောင့် Peregrine လဆင်းယာဉ်သည် စီစဉ်ထားသည့်အတိုင်း လကမ္ဘာခရီးစဉ်ကို မစနိုင်သေးကြောင်း သိရသည်။

အက်စထရိုဘော့စတစ်ကုမ္ပဏီသည် လမျက်နှာပြင်ပေါ်သို့ ပုဂ္ဂလိက လဆင်းယာဉ်တစ်စင်းကို ပထမဆုံးအကြိမ် စေလွှတ်နိုင်ရေးအတွက် Peregrine လဆင်းယာဉ်ကို လွှတ်တင်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လဆင်းယာဉ်သည် သိပ္ပံပညာစူးစမ်းလေ့လာရေးစနစ် အမျိုးပေါင်း ၂၀ ကို သယ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## စနေဂြိုဟ်၏တိုက်တန်ဂြိုဟ်ရံလပေါ်၌ ပေါလောမျောနေသည့် ထူးဆန်းသောကျွန်းများက ပျားအုံပုံစံဟိုက်ဒရိုကာဗွန်ရေခဲစိုင်များဖြစ်နိုင်


**ဝါရှင်တန် ဇန်နဝါရီ ၉**

စနေဂြိုဟ်၏တိုက်တန်ဂြိုဟ်ရံလပေါ်၌ ပေါလောမျောနေသည့် ထူးဆန်းသောကျွန်းများသည် ပျားအုံပုံစံ ဟိုက်ဒရိုကာဗွန်ရေခဲစိုင်များ ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇန်နဝါရီ ၈ ရက် သတင်းများအရ သိရသည်။

တိုက်တန်ဂြိုဟ်ရံလ၏ ပေါလောမျောကျွန်းများကို ၂၀၂၄ ခုနှစ်တွင် ကတ်ဆီနီအာကာသယာဉ်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုက်တန်ဂြိုဟ်ရံလ၏ မီသိန်းနှင့် အီသိန်း ပင်လယ်အတွင်း ပေါလောမျောနေသည့် အဆိုပါကျွန်းများသည် သိပ္ပံပညာရှင်များအတွက် အဖြေမထုတ်နိုင်သော ပုစ္ဆာတစ်ပုဒ်ဖြစ်ခဲ့ရသည်။

သို့ရာတွင် အဆိုပါကျွန်းများသည် ပွရောင်းအေးခဲနေသည့် ဟိုက်ဒရိုကာဗွန်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်ဟု အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။



တိုက်တန်ဂြိုဟ်ရံလ၏ ကျွန်းမျောများသည် တိုက်တန်ဂြိုဟ်ရံလ လေထုလွှာအတွင်း၌ ဇီဝမော်လီကျူးများ တစ်ခုနှင့်တစ်ခု စုဖွဲ့မိပြီး အေးခဲလာချိန်တွင် တိုက်တန်ဂြိုဟ်ရံလ မီသိန်းပင်လယ်အတွင်း ကျရောက်လာခြင်းကြောင့် ပေါ်ထွက်လာခြင်းဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ခဲ့သည့် ကတ်ဆီနီအာကာသယာဉ်သည် တိုက်တန်ဂြိုဟ်ရံလ၏ ထူထဲသောလေထုလွှာကို ထိုးဖောက် လေ့လာခဲ့ပြီးနောက် ထူးဆန်းသည့် ကျွန်းမျောများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ပနားမားတူးမြောင်းနေရာ၌ ပြီးခဲ့သည့်နှစ်ပေါင်း ၂၂ သန်းက တည်ရှိခဲ့သော သစ်တောတစ်ခု၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၉**

ယနေ့ခေတ် ပနားမားတူးမြောင်းနေရာ၌ ပြီးခဲ့သည့်နှစ်ပေါင်း ၂၂ သန်းကတည်ရှိခဲ့သော သစ်တောတစ်ခု၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၈ ရက် သတင်းများအရ သိရသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၂ သန်းခန့်က ယနေ့ခေတ် ပနားမားတူးမြောင်းနေရာရှိ ကျွန်းတစ်ကျွန်းတွင် ဒီရေတောတစ်ခုတည်ရှိခဲ့ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

၎င်းဒီရေတောသည် ထိုစဉ်ကာလက ဖြစ်ပွားခဲ့သောမီးတောင်ပေါက်ကွဲမှုတစ်ခုကြောင့် မီးတောင်ချော်ပြာများအောက်တွင် နစ်မြုပ်ပျောက်ကွယ်ခဲ့ရကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် အမေရိကန်သိပ္ပံပညာရှင်များသည် အဆိုပါကမ္ဘာဦးဒီရေတောမှ သစ်ပင်များ၏ ကျောက်ဖြစ်ရုပ်ကြွင်းအစိတ်အပိုင်း ၁၂၀ ခုကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

ပနားမားတူးမြောင်း ကမ္ဘာဦးဒီရေတောမှ သစ်ပင်မျိုးစိတ်များကို ယနေ့ခေတ် ကမ္ဘာပေါ်တွင်မတွေ့နိုင်တော့ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

မိမိတို့ရရှိထားသည့် ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ အထက်ပါကမ္ဘာဦးဒီရေတောသည် မီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်၊ ချော်ပြာများ ဖုံးလွှမ်းခံခဲ့ရကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## အကြားအာရုံဆုံးရှုံးသူများ နားကြားကိရိယာသုံးစွဲပါက သေချိန်မတန်ဘဲသေဆုံးနိုင်ခြေ ပုံမှန်ထက်နည်းပါး

**နယူးယောက် ဇန်နဝါရီ ၉**

အကြားအာရုံဆုံးရှုံးနေသူများသည် နားကြားကိရိယာများ ပုံမှန်သုံးစွဲပါက ရောဂါဘယများကြောင့် သေချိန်မတန်ဘဲ သေဆုံးနိုင်ခြေ ပုံမှန်ထက်နည်းပါးကြောင်း ဇန်နဝါရီ ၈ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နားမကြားသူများအနေဖြင့် နားကြားကိရိယာများ ပုံမှန်သုံးစွဲမည်ဆိုလျှင် မသုံးစွဲသူများထက် သေချိန်မတန်ဘဲ သေရနိုင်ခြေ ၂၄ ရာခိုင်နှုန်းပိုနည်းပါးကြောင်း သိရသည်။

နားမကြားသူများအနေဖြင့် နားကြားကိရိယာတပ်ဆင်ထားခြင်းဖြင့် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ထိခိုက်ပျက်စီးနိုင်ခြေကို လျှော့ချပေးနိုင်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ယခင်ပြုလုပ်ခဲ့ဖူးသော လေ့လာချက်များတွင်လည်း အကြားအာရုံဆုံးရှုံးမှုပြဿနာကို မကုသဘဲထားခြင်းသည် ဘဝသက်တမ်းလျော့ကျလာမှုနှင့် ဆက်စပ်နေနိုင်ကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၁၀၀၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ နားကြားကိရိယာများသည် လူတို့၏ ကျန်းမာရေးအတွက် အကာအကွယ်ရယူထားပြီး သေချိန်မတန်ဘဲသေရနိုင်ခြေကို တားဆီးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

## Muscular Dystrophy ရောဂါပုံစံကို နှလုံးရောဂါကုဆေးတစ်မျိုးက ကုသပေးနိုင်ဖွယ်ရှိ

**နယူးယောက် ဇန်နဝါရီ ၉**

နှလုံးရောဂါအတွက် အသုံးပြုသည့်ဆေးဝါးတစ်မျိုးသည် Muscular Dystrophy ရောဂါပုံစံတစ်မျိုးကို ကုသပေးနိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၈ ရက် သတင်းများအရ သိရသည်။

Muscular Dystrophy ရောဂါသည် မျိုးဗီဇဖောက်ပြန်မှုကြောင့် ဖြစ်ပွားတတ်သည့် ကြွက်သားရောဂါဖြစ်ပြီး Muscular Dystrophy Type 1 (DM1) မှာ အဖြစ်အများဆုံး ရောဂါပုံစံတစ်မျိုးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် Calcium Channel Blocker အုပ်စုဝင် နှလုံးရောဂါဆေး အမျိုးအစားများသည် DM1 ကြွက်သားရောဂါကို ကုသပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ ရိုချက်စတာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် Verapamil အမည်ရှိ အထက်ဖော်ပြပါ ဆေးဝါးကို ကြွက်များဖြင့် လက်တွေ့စမ်းသပ်ကုသ မှုများပြုလုပ်ခဲ့ရာ ၎င်းဆေးသည် DM1 ရောဂါရှိသည့် ကြွက်များ၏ ကြွက်သားလုပ်ငန်းစဉ်များ ပြန်လည်အား ကောင်းလာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

DM1 ရောဂါ ရှိသူများသည် ကြွက်သားများ အားနည်းနေတတ်သကဲ့သို့ ကြွက်သားများ ကာလကြာမြင့်စွာ တင်းမာမှုပြဿနာနှင့်လည်း ရင်ဆိုင်ရတတ်ကြောင်း သိရသည်။

ထို့ပြင် DM1 ရောဂါကြောင့် ပေါ်ထွက်လာသည့် ကြွက်သားပြဿနာများသည် မျက်လုံး၊ နှလုံးနှင့် ဦးနှောက်တို့အပေါ်တွင်လည်း အကျိုးသက်ရောက်မှု ရှိတတ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ချဲလ်ဆီးအသင်းကစားသမား မာအက်ဆန်ကို ဒေါ့မွန်အသင်း အငှားစာချုပ်ဖြင့် ခေါ်ယူ

**ဘာလင် ဇန်နဝါရီ ၉**

လက်ရှိ အပြောင်းအရွှေ့ကာလတွင် ကစားသမားဖြည့်တင်းမှုများ ဆက်တိုက်ပြုလုပ်နေသည့် ဒေါ့မွန်အသင်းက ချဲလ်ဆီးအသင်းမှ လူငယ်ကစားသမား မာအက်ဆန်ကို အငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် အသက် ၂၀ နှစ်ရှိ မာအက်ဆန်ကို အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မပေးနိုင်တော့သဖြင့် ဝင်ငွေထွက်ငွေစည်းမျဉ်းနှင့် ကိုက်ညီနိုင်ရန်၊အသုံးစရိတ်လျှော့ချနိုင်စေရန်အတွက် ရာသီဝက်အငှားစာချုပ်ဖြင့် ဒေါ့မွန်အသင်းသို့ စေလွှတ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ကစားသမားအနေဖြင့် လာမည့် ဗုဒ္ဓဟူးနေ့တွင် စစ်ဆေးမှုခံယူရန်အတွက် ဂျာမနီနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

မာအက်ဆန်သည် ချဲလ်ဆီးအသင်း လူငယ်ကစားသမားတစ်ဦးဖြစ်သော်လည်း အသင်းနှင့်ပူးပေါင်းခွင့်မရဘဲ အင်္ဂလန်အောက်တန်းကလပ်များဖြစ်သည့် ချာလ်တန်အသင်း၊ ကိုဗင်ထရီအသင်း၊ ဘန်လေအသင်းတို့ကိုအငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရပြီး ယခုနှစ်တွင် အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ရာ ပြိုင်ပွဲစုံ ၁၅ ပွဲကစားခဲ့ရာတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲထွက်ခွင့် တစ်ပွဲသာရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဒေါ့မွန်အသင်းသည် ဘွန်ဒက်လီဂါအမှတ်ပေးဇယားအဆင့်(၅)နေရာတွင်ရောက်ရှိနေသောကြောင့် ရာသီအကုန်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန်အတွက် ကစားသမားဖြည့်တင်းမှုများပြုလုပ်ခဲ့ပြီး မန်ယူအသင်းမှ ဆန်ချိုကို အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီးနောက် ချဲလ်ဆီးအသင်းကစားသမား မာအက်ဆန်ကိုထပ်မံခေါ်ယူခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : ML



## အားကစားသတင်း အတိုအထွာများ

- ဂျာမန်ကလပ် ဝုဖ်ဘတ်အသင်းနှင့် ပရီးမီးယားလိဂ်ကလပ် ဝုဗ်အသင်းတို့က ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး အီကီတိုက်ကို အပြီးသတ်ဝယ်ယူခွင့်ပါသည့် ကနဦးအငှားစာချုပ်ဖြင့် ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- စပါးအသင်းနှင့် သဘောတူညီမှုရရှိထားသည့် ခံစစ်ကစားသမား ဒရာဂူဆင်ကို ဘိုင်ယန်မြူးနစ်အသင်းကလည်း ကြားဖြတ်ခေါ်ယူနိုင်ရန် ဆွေးနွေးမှုပြုလုပ်ခဲ့သည်။
- လီဗာပူးအသင်းက အငှားစာချုပ်မှ ပြန်လည်ရောက်ရှိလာသည့် ကာဗယ်ဟိုကို ချန်ပီယံရှစ်ကလပ် ဟူးလ်အသင်းသို့ အငှားစာချုပ်ဖြင့်ထပ်မံစေလွှတ်ခဲ့ကြောင်း သိရသည်။
- ပဲလေ့စ်အသင်းနှင့်ပွဲစဉ်တွင် အနီကတ်ဖြင့် ထုတ်ပယ်ခံရသည့် ကယ်ဘက်လေဝင်၏ ပြစ်ဒဏ်ကို အဲဗာတန်အသင်းက အယူခံဝင်ခဲ့ရာရှုံးနိမ့်ခဲ့သဖြင့် သုံးပွဲပယ်ခံရမည်ဖြစ်ကြောင်း သိရသည်။
- ဖီနာဘာချီအသင်းက တိုက်စစ်မှူး မာရှယ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ခုနစ်သန်းဖြင့် ခေါ်ယူရန် မန်ယူအသင်းနှင့် ဆွေးနွေးနေသည်ဟု အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ML

# (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီးစက်ဘီးပြိုင်ပွဲ စတင်ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးစက်ဘီးပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းပတ်လမ်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစက်ဘီးပြိုင်ပွဲ တစ်ဦးချင်းပွဲစဉ်များအဖြစ် အမျိုးသမီး မီတာ ၅၀၀၊အမျိုးသားမီတာ ၁၀၀၀၊အမျိုးသမီး မီတာ ၃၀၀၀ နှင့် အမျိုးသားမီတာ ၃၀၀၀ ပြိုင်ပွဲများကို ကစားခဲ့ပြီး အမျိုးသမီး မီတာ ၅၀၀ တစ်ဦးချင်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ကြယ်စင်လင်းလက်က စံချိန် ၄၁ ဒသမ ၈၄ စက္ကန့်ဖြင့် ၂၀၂၂ ခုနှစ်က တနင်္သာရီတိုင်းဒေသကြီးမှ စိုးစန္ဒာဝင်းတင်ခဲ့သည့် စံချိန် ၄၂ ဒသမ ၀၉ စက္ကန့်ထက်သာလွန်ခဲ့ကာ စံချိန်သစ်တင်နိုင်ခဲ့ပြီး ပထမဆု၊မန္တလေးတိုင်းဒေသကြီးမှ မြမှူးဘိုက ၄၂ ဒသမ ၃၁ စက္ကန့်ဖြင့် ဒုတိယဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ ကေဇင်ဖြိုးက ၄၃ဒသမ ၂၀ စက္ကန့်ဖြင့် တတိယဆုအသီးသီး ရရှိခဲ့သည်။

ထို့ပြင် အမျိုးသား မီတာ ၁၀၀၀ တစ်ဦးချင်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ရှိုင်းထက်အောင်က စံချိန် ၁ မိနစ် ၀၂ ဒသမ ၁၇ စက္ကန့်ဖြင့် ၂၀၂၂ ခုနှစ်က ၎င်းကိုယ်တိုင်တင်ခဲ့သည့် စံချိန် ၁ မိနစ် ၀၇ ဒသမ ၆ စက္ကန့်ထက် သာလွန်ကောင်းမွန်ကာ စံချိန်သစ်တင်နိုင်ခဲ့ပြီး ပထမဆု၊ မန္တလေးတိုင်းဒေသကြီးမှ မင်းလက်ျာက ၁ မိနစ် ၀၂ ဒသမ ၂၀ စက္ကန့်ဖြင့် ဒုတိယဆု၊ ရန်ကုန်တိုင်းဒေသကြီးမှ ရဲမြတ်ကျော်က ၁ မိနစ် ၀၄ ဒသမ ၁၅ စက္ကန့်ဖြင့် တတိယဆုအသီးသီးရရှိခဲ့သည်။

အလားတူ အမျိုးသမီး မီတာ ၃၀၀၀ တစ်ဦးချင်းပြိုင်ပွဲ၌ မကွေးတိုင်းဒေသကြီးမှ ခင်နှင်းဝေက ၄ မိနစ် ၁၈ ဒသမ ၂၀ စက္ကန့်ဖြင့် ပထမဆု၊ မန္တလေးတိုင်းဒေသကြီးမှ သက်မေမိုးဦးက ၄ မိနစ် ၂၁ ဒသမ ၈၆ စက္ကန့်ဖြင့် ဒုတိယဆု၊တနင်္သာရီတိုင်းဒေသကြီးမှ မိုးမိုးကြည်က ၄ မိနစ် ၃၅ ဒသမ ၃၁ စက္ကန့်ဖြင့် တတိယဆု၊အမျိုးသားမီတာ ၃၀၀၀ တစ်ဦးချင်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ရှိုင်းထက်အောင်က ၃ မိနစ် ၂၈ ဒသမ ၀၉ စက္ကန့်ဖြင့် ပထမဆု၊ မန္တလေးတိုင်းဒေသကြီးမှ မင်းလက်ျာက ၃ မိနစ် ၃၉ ဒသမ ၃၁ စက္ကန့်ဖြင့် ဒုတိယဆု၊ ရန်ကုန်တိုင်းဒေသကြီးမှ ဝေလျှံအောင်က ၃ မိနစ် ၄၂ ဒသမ ၈၄ စက္ကန့်ဖြင့် တတိယဆုများကို အသီးသီးရရှိခဲ့ကြောင်း သိရသည်။ STA

# အဲဗာတန်ခံစစ်ကစားသမား ဘရန့်ဝိတ်ကိုခေါ်ယူမည့်အသင်းများတွင် ရီးရဲလ်မက်ဒရစ်ပါဝင်လာ

**မက်ဒရစ် ဇန်နဝါရီ ၉**

ရီးရဲလ်မက်ဒရစ် အသင်းသည် အသင်းခံစစ်ပိုင်းတွင် ကာလရှည်အနားယူနေရသည့်အလာဘာနှင့် မီလီတာအိုတို့နေရာတွင် အစားထိုးနိုင်ရန် ခံစစ်ကစားသမားတစ်ဦးရှာဖွေလျက်ရှိရာ အဲဗာတန်အသင်းလူငယ်ခံစစ်ကစားသမား ဘရန့်ဝိတ်ကိုခေါ်ယူရန်ကြိုးပမ်းခဲ့ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ ဘရန့်ဝိတ်သည် ယခုနှစ်ဘောလုံးရာသီ အဲဗာတန်အသင်း ခံစစ်ပိုင်းတွင်တာကောစကီးနှင့်တွဲဖက်၍ အကောင်းဆုံးပါဝင်ကစားနိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက သုံးနှစ်သက်တမ်းတိုးခဲ့ပြီးနောက် ပရီးမီးယားလိဂ်ကလပ်အသင်းများအပါအဝင် ဥရောပထိပ်သီးကလပ်များက ၎င်းကိုခေါ်ယူရန် စိတ်ဝင်စားခဲ့သည်။

လက်ရှိတွင် ပရီးမီးယားလိဂ်ကလပ် မန်ယူအသင်းနှင့် စပါးအသင်းတို့ကခေါ်ယူရန် အပြိုင်ကြိုးပမ်းနေသော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက နည်းပြအန်ဆယ်လော့တီကို သက်တမ်းတိုးခဲ့ပြီးနောက် အန်ဆယ်လော့တီက ၎င်းနှင့်လက်တွဲခဲ့သည့် လူငယ်ကစားသမား ဘရန့်ဝိတ်ကို ဒဏ်ရာရနေသည့် အလာဘာနှင့် မီလီတာအိုတို့နေရာတွင် ထည့်သွင်းအသုံးပြုရန်စီစဉ်ခဲ့ပြီး ကစားသမားအနေဖြင့်လည်း နည်းပြအန်ဆယ်လော့တီနှင့် ဆက်ဆံရေးကောင်းများရှိနေသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လက်ဦးမှုရယူနိုင်မည်ဖြစ်သည်။

အဲဗာတန်အသင်း တာဝန်ရှိသူများက လူငယ်ကစားသမား ဘရန့်ဝိတ်ကို ယခုအပြောင်းအရွှေ့ကာလတွင်ရောင်းချရန် အစီအစဉ်မရှိသော်လည်း လာမည့်နွေရာသီတွင် ထွက်ခွာခွင့် ပေးနိုင်ဖွယ်ရှိသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းမှ တာဝန်ရှိသူများက ကစားသမား၏ တိုးတက်မှုများကို အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ကာ လာမည့်နွေရာသီတွင် အပြီးသတ်ခေါ်ယူနိုင်ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref : Sputnik
Trs : ML

# အက်ဖ်အေဖလားစတုတ္ထအဆင့်တွင် မန်စီးတီးနှင့်စပါး၊အေဗီလာနှင့်ချဲလ်ဆီးတို့ ထိပ်တိုက်တွေ့ဆုံ

**လန်ဒန် ဇန်နဝါရီ ၉**

အက်ဖ်အေဖလားစတုတ္ထအဆင့်တွင် ပရီးမီးယားလိဂ် ပြိုင်ဘက်များဖြစ်သည့် လက်ရှိချန်ပီယံ မန်စီးတီးအသင်းနှင့် စပါးအသင်းတို့ အပါအဝင် အေဗီလာအသင်းနှင့်ချဲလ်ဆီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။

တတိယအဆင့်ပွဲစဉ်များအပြီးတွင် စတုတ္ထအဆင့်မဲခွဲမှုပြုလုပ်ခဲ့ရာ လက်ရှိ ချန်ပီယံမန်စီးတီးက စပါးအသင်းနှင့်လည်းကောင်း၊အေဗီလာအသင်းက ချဲလ်ဆီးအသင်းနှင့်လည်းကောင်း၊ ဝက်ဖို့ဒ်အသင်းက ဆောက်သမ်တန်အသင်းနှင့် လည်းကောင်း၊ ဘုန်းမောက်အသင်းက ဆွမ်ဆီးအသင်းနှင့် လည်းကောင်း၊ ဝက်စ်ဘရွန်း(သို့မဟုတ်)ဘရန့်ဖို့ဒ်အသင်းက ဝုဗ်အသင်းနှင့်လည်းကောင်း၊ ဝက်စ်ဟမ်း(သို့မဟုတ်) ဘရစ္စတိုးအသင်းက နော်တင်ဟမ်(သို့မဟုတ်) ဘလက်ပူးအသင်းနှင့်လည်းကောင်း၊ လက်စတာအသင်းက ဟူးလ်(သို့မဟုတ်) ဘာမင်ဂမ်အသင်းနှင့်လည်းကောင်း၊ရှက်ဖီးလ်(W)အသင်းက ကိုဗင်ထရီအသင်းနှင့်တွေ့ဆုံလျက်ရှိသည်။

ထို့ပြင် အစ်ဗ့စ်ချ်အသင်းက မိုင်းစတုန်းအသင်းနှင့်လည်းကောင်း၊ လီဗာပူးအသင်းက နော့ဗ့်စ်သို့မဟုတ် ဘရစ္စတိုးအသင်းနှင့်လည်းကောင်း၊ လီဒ်အသင်းက ပလိုင်းမောက်အသင်းနှင့်လည်းကောင်း၊ ပဲလေ့စ်အသင်း(သို့မဟုတ်) အဲဗာတန်အသင်းက လူတန်(သို့မဟုတ်) ဘော်တန်အသင်းနှင့်လည်းကောင်း၊ နယူးပို့စ်(သို့မဟုတ်) အိစ်လိုက်အသင်းက မန်ယူအသင်းနှင့် လည်းကောင်း၊ ရှက်ဖီးလ်(U)အသင်းက ဘရိုက်တန်အသင်းနှင့်လည်းကောင်း၊ ဖူလ်ဟမ်အသင်းက နယူးကာဆယ်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

တတိယအဆင့်တွင် သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်များကို ဒုတိယအကျော့ ပြန်လည်ကစားသွားမည်ဖြစ်သော်လည်း လာမည့် ဇန်နဝါရီ ၂၇၊ ၂၈ ရက်တို့တွင် စတုတ္ထအဆင့်ပွဲစဉ်များကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : ML



# ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် မြန်မာ-ထိုင်းမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲစတင်ကျင်းပ

**မြိုင်ကြီးငူ ဇန်နဝါရီ ၉**

ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် မြိုင်ကြီးငူဒေသတွင် စတင်ကျင်းပခဲ့ပြီး ပြည်တွင်းတွဲဆိုင်းများပူးတွဲသရေရလဒ်ထွက်ပေါ်ခဲ့ကြပြီး မြန်မာ-ထိုင်း တွဲဆိုင်းများတွင် မြန်မာလက်ဝှေ့သမားများအသာစီးရရှိခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့မှစတင်ပြီး သုံးရက်ကြာကျင်းပသွားမည်ဖြစ်ပြီး ယနေ့ကျင်းပခဲ့သည့်တွဲဆိုင်းများမှ ပြည်တွင်းတွဲဆိုင်းများတွင် အောင်မင်းသူ(ဒွဲကပင်မြေ)နှင့်ရာဇာဟိန်း(ဒေါနမဟာ)တို့ထိုးသတ်ခဲ့ရာ အနိုင်အရှုံးရလဒ်မပေါ်ခဲ့ဘဲ ပူးတွဲသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဆက်လက်ပြီး ကိုနိုင်း(ဇာနည်သွေး)နှင့် ရဲသွေးအောင်(Family)တို့ထိုးသတ်ခဲ့ရာတွင် အနိုင်အရှုံးရလဒ်မပေါ်ခဲ့ဘဲ ပူးတွဲသရေလဒ်ဖြင့်လည်းကောင်း၊ ရဲသွေးနီ(တောင်ကလေး)နှင့် သပြေညို(စက်ရုံ)တို့ပွဲစဉ်တွင်လည်း ပူးတွဲသရေရလဒ်အသီးသီးထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး မြန်မာ-ထိုင်း တွဲဆိုင်းများအဖြစ် မင်းကျော်ဇ(မြန်မာ)နှင့်ဖက်စွန်မိုင်(ထိုင်း)ပွဲစဉ်တွင် မင်းကျော်ဇက အလဲထိုးဖြင့်လည်းကောင်း၊ ဗွဲရာမာန်(မြန်မာ)နှင့် ချိုမွန်ခွန်း(ထိုင်း)တို့ပွဲစဉ်တွင် ဗွဲရာမာန်က အလဲထိုးဖြင့်လည်းကောင်းအသီးသီးအနိုင်ရရှိခဲ့ပြီး စိန်လုံးချော(မြန်မာ)နှင့် ဝေါင်ပီဇာ(ထိုင်း)တို့ပွဲစဉ်တွင် အနိုင်အရှုံးရလဒ်မပေါ်ခဲ့ဘဲ ပူးတွဲသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။



ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် မြန်မာ-ထိုင်း မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို ဇန်နဝါရီ ၁၁ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# ASB Classicတင်းနစ်ပြိုင်ပွဲတွင် အာသာဖီက ဂတ်စကွက်ကို အနိုင်ရရှိ

**ဝယ်လင်တန် ဇန်နဝါရီ ၉**

နယူးဇီလန်နိုင်ငံတွင်ကျင်းပနေသည့် ASB Classicတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်အဖြစ် ပြင်သစ်တင်းနစ်ကစားသမားနှစ်ဦးဖြစ်သည့် အာသာဖီနှင့် ဂတ်စကွက်တို့ကစားခဲ့ရာ အာသာဖီက (၆-၃ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်ရှိ အာသာဖီသည် ပြင်သစ်တင်းနစ်လောကတွင် စီနီယာကစားသမားဖြစ်သူ ဂတ်စကွက်၏ ခြေရာအတိုင်းနင်းနိုင်မည့် လူငယ်မျိုးဆက်သစ် ကစားသမားအဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး ဂတ်စကွက်နှင့် ပွဲစဉ်တွင်လည်း စွမ်းဆောင်ရည်ကောင်းများ ပြသကာ ပြတ်သားသည့် ရလဒ်များဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂတ်စကွက်သည် ASB Classic တင်းနစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံတစ်ဦးအဖြစ်ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိချန်ပီယံကို ကာကွယ်နိုင်ရန် ပစ်မှတ်ထားခဲ့သော်လည်း အာသာဖီကို ကျော်ဖြတ်နိုင်ခြင်းမရှိဘဲပထမအဆင့်မှပင်ထွက်ခွာခဲ့ရသည်။


ဂတ်စကွက်သည် အာသာဖီကို ရှုံးနိမ့်ခဲ့သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၀၀ အောက်သို့ကျဆင်းဖွယ်ရှိနေသည်။

ဂတ်စကွက်ကို အကောင်းဆုံးပုံစံဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အာသာဖီသည် ဒုတိယအဆင့်တွင် ပေါ်တူဂီတင်းနစ်ကစားသမား နူနိုဘောဂတ်စ်နှင့် ကစားရမည်ဖြစ်ပြီး နူနိုဘောဂတ်စ်သည် ပထမအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား မီချယ်ဆန်နှင့်ယှဉ်ပြိုင်ကစားခဲ့ရာ (၀-၆ ၊ ၇-၆ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL




# ၂၇ နှစ်ကျော်လက်တွဲလာသည့် NIKEကုမ္ပဏီနှင့် လမ်းခွဲကြောင်း အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ် ထုတ်ပြန်ကြေညာ



**ဝါရှင်တန် ဇန်နဝါရီ ၉**

ဂေါက်သီးရိုက် လောကတွင် အောင်မြင်မှုအများဆုံးရယူထားနိုင်သည့် အမေရိကန်ဂေါက်သီးရိုက် ကစားသမား တိုက်ဂါးဝုဒ်သည် နာမည်ကြီးအားကစားပစ္စည်းကုမ္ပဏီဖြစ်သည့် NIKE ကုမ္ပဏီနှင့်လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

NIKE ကုမ္ပဏီသည် တိုက်ဂါးဝုဒ်၏စပွန်ဆာအဖြစ် ၂၇ နှစ်ကျော် လက်တွဲခဲ့ပြီး တိုက်ဂါးဝုဒ်အနေဖြင့်လည်း ဂေါက်သီးရိုက်ကစားသမားဘဝတစ်လျှောက် NIKE ကုမ္ပဏီနှင့် သစ္စာရှိရှိလက်တွဲခဲ့သူဖြစ်ပြီး ၁၉၉၆ ခုနှစ်မှစတင်ကာ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ပြီး စာချုပ်ကြေးမှာလည်း အမေရိကန်ဒေါ်လာ သန်း ၄၀ ရှိခဲ့သည်။

ငါးနှစ်သက်တမ်းစာချုပ် ကုန်ဆုံးခဲ့ပြီးနောက် NIKE ကုမ္ပဏီသည် အမေရိကန် ဒေါ်လာသန်း ၁၀၀ တန်ကြေးရှိသော စာချုပ်တစ်ရပ်ကို ထပ်မံချုပ်ဆိုခဲ့ပြီး တိုက်ဂါးဝုဒ်နှင့် NIKE ကုမ္ပဏီတို့အကြား စတင်လက်တွဲခဲ့သောကာလမှ လမ်းခွဲသည့်ကာလထိ စုစုပေါင်းစာချုပ်ကြေးမှာ အမေရိကန်ဒေါ်လာ ၆၆၀ သန်းထိရှိခဲ့ပြီး NIKE ကုမ္ပဏီကြောင့် တိုက်ဂါးဝုဒ်အနေဖြင့် ကစားသမားဘဝသက်တမ်းတစ်လျှောက် ကွင်းတွင်းကွင်းပြင် အဆင်ပြေခဲ့ကာ တိုက်ဂါးဝုဒ်ကြောင့်လည်း NIKE ကုမ္ပဏီအနေဖြင့် အကျိုးအမြတ်အမြောက်အမြားရရှိခဲ့သည်။

တိုက်ဂါးဝုဒ်က "၂၇ နှစ်ကျော်ကာလတိုင်တိုင် အားကစားလောကရဲ့ အအောင်မြင်ဆုံးအားကစားပစ္စည်းအမှတ်တံဆိပ်ဖြစ်တဲ့ NIKE ကုမ္ပဏီနဲ့ လက်တွဲအလုပ်လုပ်ခွင့်ရခဲ့တာ ဝမ်းသာမိပါတယ်။ NIKE ကုမ္ပဏီနဲ့ လက်တွဲအလုပ်လုပ်လာခဲ့တဲ့ကာလတစ်လျှောက်အမှတ်တရကောင်းတွေ အများကြီးရှိခဲ့ပါတယ်။ NIKE ကုမ္ပဏီရဲ့ အမှတ်တံဆိပ်ဟာ ကျွန်တော့် ကစားသမားဘဝသက်တမ်းတစ်လျှောက် လွှမ်းမိုးမှုတွေရှိခဲ့သလိုတစ်သက်လုံး ဒီအမှတ်တံဆိပ်တွေပဲ ဝတ်ဆင်သွားနိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

NIKE ကုမ္ပဏီအနေဖြင့် တိုက်ဂါးဝုဒ်နှင့်လက်တွဲအလုပ်လုပ်ခဲ့သည့်ကာလတစ်လျှောက် ပရိသတ်များကို ဆွဲဆောင်နိုင်သည့် TW Collection ပစ္စည်းများကိုသီးသန့်ထုတ်လုပ်ကာ ဈေးကွက်အတွင်း အောင်မြင်မှုများရရှိခဲ့ပြီး တိုက်ဂါးဝုဒ်သည် NIKE ကုမ္ပဏီ၏ ဈေးကွက်အတွင်းအဓိကကျခဲ့သော သံတမန် တစ်ဦးဖြစ်ခဲ့သည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# နာအိုယာနှင့် လူးဝစ်နာရီတို့ ထိုးသတ်ရန် သဘောတူညီမှုရရှိ

**တိုကျို ဇန်နဝါရီ ၉**

စူပါဘင်တန်ဝိတ်တန်းလောကတွင် ပြိုင်ဘက်ကင်းချန်ပီယံဆုရထားသည့် ဂျပန်လက်ဝှေ့သမား နာအိုယာသည် WBC Silverနှင့် WBO Inter-Continental စူပါဘင်တန်ဝိတ်တန်းချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား လူးဝစ်နာရီနှင့် ထိုးသတ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နာအိုယာသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ဖိလစ်ပိုင်လက်ဝှေ့သမား မာလွန်ကို အနိုင်ထိုးသတ်ခဲ့ပြီးနောက် စူပါဘင်တန်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံဆုကိုရရှိခဲ့သူဖြစ်ပြီး လက်ဝှေ့လောကတွင် မတူညီသောဝိတ်တန်းနှစ်ခု၌ ပြိုင်ဘက်ကင်းချန်ပီယံဆုကိုရရှိသည့် ဒုတိယမြောက်လက်ဝှေ့သမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

နာအိုယာသည် လူးဝစ်နာရီနှင့် ထိုးသတ်ရန် ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် မေလတွင်ထိုးသတ်သွားရန် သဘောတူညီမှုရရှိခဲ့ကာ ထိုးသတ်မည့် နေရာနှင့် ရက်စွဲကိုညှိနှိုင်းနေဆဲဖြစ်ပြီး မကြာမီထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ESPN ရုပ်သံလိုင်းမှ လက်ဝှေ့အားကစားသုံးသပ်သူ ကော့ပင်ဂါကပြောကြားခဲ့သည်။

ဂျပန်လက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် နာအိုယာကို ပြည်တွင်း၌သာ ထိုးသတ်စေလိုသည့်အတွက် လူးဝစ်နာရီ၏ပြစ်ဒဏ်ကို ပြန်လည်ဖြေလျှော့ပေးသွားရန် စဉ်းစားနေပြီး ပြစ်ဒဏ်ကို ဖြေလျှော့ပေးရန် ဆုံးဖြတ်ခဲ့ပါက အဆိုပါ နာအိုယာနှင့် လူးဝစ်နာရီတို့ စိန်ခေါ်ပွဲသည် ဂျပန်နိုင်ငံတွင် ကျင်းပသွားဖွယ်ရှိနေကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# မလေးရှားအိုးပင်း ၂၀၂၄ ကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာ ၃၂ ဦးရုံးထွက်အဆင့်မှစတင်ကစားရမည်

**ရန်ကုန် ဇန်နဝါရီ ၉**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပလျက်ရှိသည့် မလေးရှားအိုးပင်း၂၀၂၄ ကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာအနေဖြင့် ၃၂ဦးရုံးထွက်အဆင့်မှစတင်ကစားရမည်ဖြစ်ပြီး ထိုင်းကြက်တောင်မယ် အင်တာနွန်နှင့် ဇန်နဝါရီ ၁၀ရက်၌ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရှိရန်အတွက် ပစ်မှတ်ထားနေသည့် သက်ထားသူဇာသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များမြင့်တက်လာစေရန်အတွက် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်ကလည်း ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်(BWF) အသိအမှတ်ပြုနိုင်ငံတကာပြိုင်ပွဲများကို ဆက်တိုက်ပါဝင်ကစားခဲ့ပြီး ယခုနှစ်တွင်လည်း ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် မလေးရှားအိုးပင်း ၂၀၂၄ ကြက်တောင်ပြိုင်ပွဲကို စတင်ကစားခဲ့ခြင်းဖြစ်သည်။




အသက် ၂၈ နှစ်ရှိ ထိုင်းထိပ်တန်းကြက်တောင်မယ် အင်တာနွန်သည် လက်ရှိတွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၃နေရာတွင် ရပ်တည်နေသူဖြစ်ပြီး အသက် ၂၄ နှစ်ရှိ သက်ထားသူဇာသည် လက်ရှိတွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၄၂ နေရာတွင် ရပ်တည်လျက်ရှိနေသည့်သက်ထားသူဇာအနေဖြင့် ခက်ခက်ခဲခဲကစားသွားရဖွယ်ရှိနေသည်။

သက်ထားသူဇာသည် မလေးရှားအိုးပင်း၂၀၂၄ ပြိုင်ပွဲပြီးလျှင်လာမည့် ဇန်နဝါရီ ၂၃ ရက်မှ ၂၈ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင်ကျင်းပမည့် အင်ဒိုနီးရှားမာစတာ၂၀၂၄ ကြက်တောင်ပြိုင်ပွဲကိုလည်း ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ရုရှား-ယူကရိန်းပဋိပက္ခမှ စစ်ရေးဆိုင်ရာအကျိုးအမြတ်ရရှိသူများ

**နေရှား(သုတေသန)**

❖ ရုရှား-ယူကရိန်းပဋိပက္ခက အမေရိကန်နှင့် ယူကရိန်းအတွက် ထူးခြားသည့် အကျိုးအမြတ်တစ်ခုကိုရရှိစေပြီး ၎င်းမှာ နှစ်နိုင်ငံသည် အပြင်းစား Franken SAM လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များကို ပေါင်းစပ်ဖြန့်ကြက်ခြင်းဖြစ်သည်။ ယူကရိန်း-အမေရိကန် ပူးပေါင်းဆောင်ရွက်မှု၏ရလဒ်ဖြစ်သည့် အဆိုပါရောစပ်စနစ်များသည် ဆိုဗီယက်ခေတ်နည်းပညာကို ခေတ်မီ အမေရိကန်ဒုံးကျည်စွမ်းရည်များနှင့် ပေါင်းစည်းခဲ့ခြင်းဖြစ်သည်။ ❖

ရုရှား-ယူကရိန်း ပဋိပက္ခသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် နှစ်နှစ်ပြည့်မြောက်မည်ဖြစ်ပြီး ပဋိပက္ခဖြစ်ပွားမှု ကာလတစ်လျှောက်လုံးတွင် ကာယကံရှင်နိုင်ငံများ၏ ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်စေသကဲ့သို့ ပတ်ဝန်းကျင်မှအကျိုးအမြတ်ရရှိခဲ့သည့် နိုင်ငံများလည်းပေါ်ထွက်လာခဲ့သည်။ အဓိကအားဖြင့် စစ်ရေးဆိုင်ရာအကျိုးအမြတ်များ ဖော်ထုတ်ရယူခဲ့ခြင်းများပင်ဖြစ်သည်။

**အမေရိကန်ကာကွယ်ရေးကုမ္ပဏီများအတွက် အမြတ်တိုးလာ**

အမေရိကန်နှင့် ဥရောပနိုင်ငံများက ရုရှား-ယူကရိန်းပဋိပက္ခကိုတုံ့ပြန်ရန် ဘတ်ဂျက်တိုးမြှင့်လာသောကြောင့် ရုရှား-ယူကရိန်း ပဋိပက္ခသည် အမေရိကန်၏ အဓိကကာကွယ်ရေးကန်ထရိုက်တာများအတွက် အမြတ်အစွန်းသိသိသာသာတိုးမြင့်ရရှိစေသည်။ လော့ခ်ဟိမာတင်၊ ဂျင်နရယ်ဒိုင်းနမိုက်နှင့် ရေသီယွန် နည်းပညာကော်ပိုရေးရှင်းတို့သည် ယူကရိန်းကိုပံ့ပိုးသည့် လက်နက်များအတွက် အမှာစာအသစ်များပြုလုပ်မှုနှင့်အတူ ငွေကြေးကဏ္ဍနှင့်ပတ်သက်၍ မျှော်မှန်းထားသည်ထက် ကျော်လွန်ရရှိခဲ့သည်။ လော့ခ်ဟိမာတင်ကုမ္ပဏီသည် သုံးလပတ် အသားတင်ရောင်းချမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉ ဘီလီယံရှိခဲ့သည်ဟု ဆိုသည်။ ဒုံးကျည်နှင့် ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်သည် ၎င်းကာလအတွင်းရောင်းချရမှု၏ ၃ ဒသမ ၈ ရာခိုင်နှုန်းတိုးမြင့်လာခဲ့သည်။ ကုမ္ပဏီအနေဖြင့် တစ်လလျှင် အမြောက်ကျည် ၁၄၀၀၀ မှ ၂၀၀၀၀ ထိ လျင်မြန်စွာထုတ်လုပ်ခဲ့သည်။ တိုက်ခိုက်ရေးစနစ်ဌာနသည်လည်း သံချပ်ကာယာဉ်၊ တင့်ကားနှင့် အမြောက်ထုတ်လုပ်မှု ၂၅ ရာခိုင်နှုန်းတိုးမြှင့်ခဲ့သည်။

ယူကရိန်းတွင် အသုံးပြုခဲ့သည့် AMRAAM ဒုံးကျည်များထုတ်လုပ်ခဲ့သော RTX ကုမ္ပဏီသည် ရုရှားတို့ အထူးစစ်ဆင်ရေးစတင်ခဲ့သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကတည်းက အမေရိကန်ဒေါ်လာ ၃ ဘီလီယံဖိုး ရောင်းချခဲ့သည်။ အဆိုပါ ရောင်းချမှုသည် ယူကရိန်းနှင့် အမေရိကန်အတွက် စစ်ရေးဆိုင်ရာ ဖြည့်တင်းမှုနှင့် အဓိကသက်ဆိုင်လျက်ရှိသည်။ ၂၀၂၂ ခုနှစ်အတွင်းတွင် ကမ္ဘာလုံးဆိုင်ရာကာကွယ်ရေးအသုံးစရိတ်သည် ၃ ဒသမ ၇ ရာခိုင်နှုန်းတိုးမြှင့်လာခဲ့ပြီး စုစုပေါင်း ၂ ဒသမ ၂၄ ထရီလီယံရှိခဲ့သည်ဟု စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနသိပ္ပံမှ ထုတ်ပြန်ခဲ့သည်။ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းစစ်အသုံးစရိတ်သည် ၁၉ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။

**အမေရိကန်က ဖင်လန်စစ်စခန်း ၁၅ ခုကို အသုံးပြုခွင့်ရ**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ရုရှား-ယူကရိန်း ပဋိပက္ခစတင်ပြီး မကြာမီတွင် ဆွီဒင်နှင့် ဖင်လန်တို့သည် ထိုနှစ် မေလတွင် NATO အဖွဲ့ဝင်အဖြစ် လျှောက်ထားခဲ့ကြသည်။ NATO အဖွဲ့ဝင်အသစ်ဖြစ်သည့် ဖင်လန်နိုင်ငံသည် ၎င်းနိုင်ငံတွင် အမေရိကန်က စစ်အခြေစိုက်စခန်း ၁၅ ခုကိုအသုံးပြုခွင့်ပေးမည့် ကာကွယ်ရေးဆိုင်ရာသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဖင်လန်ကာကွယ်ရေးဝန်ကြီး အန်တီဟာကန်နင်းနှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်တို့သည် ဒီဇင်ဘာ ၁၈ ရက်တွင် ဝါရှင်တန်ဒီစီ၌ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (Defense Cooperation Agreemnt-DCA) ကို လက်မှတ်ရေးထိုးခဲ့သည်။ ဖင်လန်နိုင်ငံပိုင်နက်အတွင်း အမေရိကန်တပ်ဖွဲ့များထားရှိခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ကာကွယ်ရေးပစ္စည်းများကို ကြိုတင်နေရာချထားခြင်းတို့ကြောင့် DCA သည် ဖင်လန်၏ကာကွယ်ရေးကို အားကောင်းစေမည်ဖြစ်သကဲ့သို့ NATO ၏ ဟန့်တားမှုနှင့် ကာကွယ်ရေး အကောင်အထည်ဖော်မှုကိုလည်း ပံ့ပိုးပေးမည်ဖြစ်သည်။

**NATO အဖွဲ့ဝင်တိုးလာခြင်း**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းကို ရုရှား၏တိုက်ခိုက်မှုကြောင့် စိုးရိမ်ပူပန်မှုများဖြင့် ဖင်လန်နှင့်ဆွီဒင် နှစ်နိုင်ငံစလုံးသည် ၎င်းတို့၏ကာလကြာရှည်ကျင့်သုံးခဲ့သည့် စစ်ရေးအရဘက်မလိုက်မှုဝါဒကိုစွန့်လွှတ်ကာ NATO အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လျှောက်ထားခဲ့ကြသည်။ ဖင်လန်နိုင်ငံသည် ၂၀၂၃ ခုနှစ် ဧပြီလတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး ဆွီဒင်သည် NATO အဖွဲ့ဝင် ဟန်ဂေရီနှင့်တူကီယဲတို့က အတည်ပြုရန် ဆက်လက်ကြိုးပမ်းနေခဲ့ရသည်။ သို့သော်လည်း ယခုအခါ တူကီယဲသမ္မတ တာရစ် အာဒိုဂန်နှင့်အတူ လွှတ်တော်က သဘောတူခွင့်ပြုခဲ့ပြီဖြစ်သောကြောင့် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ဆွီဒင်သည် NATO အဖွဲ့ဝင်နိုင်ငံသစ်ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် ဥရောပ၏စစ်ရေးမဟာမိတ်ဖြစ်သည့် NATO အဖွဲ့သည် ယခုအခါအဖွဲ့ဝင် ၃၂ နိုင်ငံရှိသည့် ကမ္ဘာ့အင်အားအကြီးဆုံး စစ်ရေးမဟာမိတ်အဖွဲ့အဖြစ် ဆက်လက်တည်ရှိစေသည်။

**ရုရှား-အမေရိကန် နည်းပညာပူးပေါင်းသည့်စနစ်ထွက်ပေါ်လာ**

ရုရှား-ယူကရိန်းပဋိပက္ခက အမေရိကန်နှင့် ယူကရိန်းအတွက် ထူးခြားသည့်အကျိုးအမြတ်တစ်ခုကိုရရှိစေပြီး ၎င်းမှာ နှစ်နိုင်ငံသည် အပြင်းစား Franken SAM လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များကို ပေါင်းစပ်ဖြန့်ကြက်ခြင်းဖြစ်သည်။ ယူကရိန်း-အမေရိကန် ပူးပေါင်းဆောင်ရွက်မှု၏ရလဒ်ဖြစ်သည့် အဆိုပါရောစပ်စနစ်များသည် ဆိုဗီယက်ခေတ်နည်းပညာကို ခေတ်မီအမေရိကန်ဒုံးကျည်စွမ်းရည်များနှင့် ပေါင်းစည်းခဲ့ခြင်းဖြစ်သည်။ မတူကွဲပြားသော နည်းပညာအစိတ်အပိုင်းများ ပေါင်းစပ်ထားသည့် Franken SAM အစီအစဉ်သည် ဒရုန်းနှင့် ဒုံးကျည်တိုက်ခိုက်မှုများအပါအဝင် ရုရှားတပ်ဖွဲ့များ၏ ဝေဟင်ခြိမ်းခြောက်မှုများကြားတွင် ယူကရိန်း၏ လေကြောင်းရန်ကာကွယ်ရေးကို အားကောင်းစေမည်ဆန်းသစ်သော ချဉ်းကပ်မှုတစ်ခုဖြစ်သည်။ ဤအစီအစဉ်သည် အမေရိကန်ကျွမ်းကျင်မှုနှင့်နည်းပညာပံ့ပိုးမှုဖြင့် ကုန်ကျစရိတ်သက်သာပြီး ထိရောက်သောလေကြောင်းရန်ကာကွယ်ရေးစနစ်များကိုပြည်တွင်း၌ဖော်ဆောင်ရန် မဟာဗျူဟာမြောက်အားထုတ်မှုကို ထင်ဟပ်စေသည်။

**ရုရှား၏ ဟိုက်ပါဆောနစ်ဒုံးကျည် ကြားဖြတ်ပစ်ချခံရမှု**

ယူကရိန်းလေတပ်သည် လေယာဉ်မှပစ်လွှတ်သည့် ရုရှား၏ Kh-47 Kinzhal ဟိုက်ပါဆောနစ်ဝေဟင်ပစ်ပဲ့ထိန်းဒုံးကျည်ကို အောင်မြင်စွာကြားဖြတ်ဟန့်တားနိုင်ခဲ့သည်ဟု ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ကြေညာခဲ့သည်။ ကီယက်ဗ်မြို့ကို ပစ်မှတ်ထားသည့် ၎င်းဒုံးကျည်ကို အမေရိကန်က ပံ့ပိုးပေးသော ပက်ထရီးယော့တ်ဒုံးကျည်စနစ်ဖြင့် ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းမှာ မြန်နှုန်းမြင့်စွမ်းရည်များကြောင့် ကြားဖြတ်မရနိုင်သည့် Kinzhal လက်နက်အပေါ် ထင်ရှားကျော်ကြားသော အောင်မြင်မှုတစ်ခုဖြစ်သည်။ ယူကရိန်းလေတပ်၏ ပြောရေးဆိုခွင့်ရှိသူ ယူရီအီနက်က ဒုံးကျည်ကို ပစ်ချလိုက်ခြင်းသည် ယူကရိန်းမြို့တော်ကို ကာကွယ်ရေးအတွက် အရေးကြီးသည့်ဖြစ်စဉ် ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ရုရှား၏ အသံလွန်ဒုံးကျည်တစ်စင်းပစ်ချခံရမှုသည် စစ်ဆင်ရေးတွင် လေကြောင်းရန်ကာကွယ်ရေးစနစ် ထိရောက်မှုကို မီးမောင်းထိုးပြခဲ့ပြီး ၎င်းအောင်မြင်စွာကြားဖြတ်ဟန့်တားမှုကို နောက်ပိုင်းတွင် လေတပ်၏တပ်မှူး ဗိုလ်ချုပ်ကြီး မိုင်ကိုလာအိုလက်ရှာကလည်း အတည်ပြုခဲ့သည်။

**ဂျာမနီ၏ လက်နက်တင်ပို့မှု စံချိန်တင်**

ဂျာမနီအစိုးရ၏ ပဏာမကိန်းဂဏန်းများအရ ၂၀၂၃ ခုနှစ်တွင် လက်နက်တင်ပို့မှုကို ပိုမိုခွင့်ပြုခဲ့ကြောင်း တွေ့ရှိရသည်။ ဂျာမနီသည် ဒီဇင်ဘာလလယ်ထိ ပါလီမန်စုံစမ်းရေးကော်မရှင်၏ တုံ့ပြန်မှုတွင် ဖော်ပြထားသည့်အတိုင်း ကာကွယ်ရေးဆိုင်ရာပစ္စည်းများတွင် ယူရို ၁၁ ဒသမ ၇ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈ ဘီလီယံ) တင်ပို့ခွင့်ပြုထားသည်ကို ဖော်ပြခဲ့သည်။ ဤပမာဏတွင် ယူရို ၆ ဒသမ ၁ ဘီလီယံသည် လက်နက်များဖြစ်ပြီး ကျန်ယူရို ၅ ဒသမ ၆ ဘီလီယံကို အခြားကာကွယ်ရေးပစ္စည်းများအဖြစ် သတ်မှတ်ထားသည်။

လက်နက်တင်ပို့မှု၏ ယခင်စံချိန်သည် ၂၀၂၁ ခုနှစ်က ယူရို ၉ ဒသမ ၃၅ ဘီလီယံဖြင့် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ မကြာမီကာလအတွင်း ဂျာမနီအစိုးရက ၂၀၂၃ ခုနှစ်အတွက် တရားဝင်ကိန်းဂဏန်းထုတ်ပြန်မှုကို မျှော်လင့်ထားသည်။ ၂၀၂၂ ခုနှစ်က ပို့ကုန်အများဆုံးတင်ပို့မှုသည် ယူကရိန်းနိုင်ငံသို့ဦးတည်ခဲ့သည်။ ယူကရိန်းအတွက် ရောင်းချမှုသည် ၂၀၂၃ ခုနှစ်တွင် ယူရို ၄ ဒသမ ၁ ဘီလီယံကျော်ရှိနေသည်။ ၎င်းသည် ၂၀၂၂ ခုနှစ်တွင် ရောင်းချခဲ့သောပမာဏထက် ယူရို ၂ ဒသမ ၂၄ ဘီလီယံတန်ဖိုးထပ်မံတိုးလာခဲ့ခြင်းဖြစ်သည်။

ဂျာမနီဝန်ကြီးချုပ် စခိုးလ်၏ ဆိုရှယ်ဒီမိုကရက်များအနေဖြင့် ပဋိပက္ခအတွင်း သို့မဟုတ် ပြဿနာရှိသော လူ့အခွင့်အရေးမှတ်တမ်းများရှိသည့် အစိုးရများထံ လက်နက်တင်ပို့မှုကို ကန့်သတ်သည့်ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းရန်သည် ၎င်းတို့၏မဲဆွယ်စည်းရုံးရေးကတိကဝတ်များအနက်မှ တစ်ခုဖြစ်သည်။ ယူကရိန်းမှလွဲ၍ ၂၀၂၃ ခုနှစ်တွင် ထိပ်တန်းလက်နက်ဝယ်ယူသူများသည် နော်ဝေး (ယူရို ၁ ဒသမ ၂ ဘီလီယံ)၊ ဟန်ဂေရီ (ယူရို တစ် ဘီလီယံ)၊ ဗြိတိန် (ယူရို ၆၅၅ သန်း) နှင့် အမေရိကန် (ယူရို ၅၄၅ သန်း) တို့ဖြစ်သည်။ ပိုလန်၊ ပြင်သစ်၊ အစ္စရေး၊ တောင်ကိုရီးယားနှင့် ဆိုက်ပရပ်စ်တို့လည်း လက်နက်ဝယ်ယူသည့် ထိပ်ဆုံး ၁၀ နိုင်ငံစာရင်းတွင် ပါဝင်ခဲ့သည်။

**လက်နက်အဟောင်းနှင့် အသစ်လဲလှယ်မှုများ**

ရုရှား-ယူကရိန်း ပဋိပက္ခတွင် အနောက်နိုင်ငံများအတွက် အကျိုးအမြတ်ရရှိစေသည့် အခြားအကြောင်းအရာတစ်ခုပါ ၎င်းတို့လက်နက်တိုက်များရှိ စစ်လက်နက်ပစ္စည်းအဟောင်းများနှင့် အသစ်လဲလှယ်ခွင့်ရရှိခြင်းဖြစ်သည်။ အမေရိကန်က မိတ်ဖက်နိုင်ငံများအနေဖြင့် ယူကရိန်းသို့ စစ်လက်နက်ပစ္စည်းမျိုးစုံ ပံ့ပိုးရန် တိုက်တွန်းပြီးနောက် ၎င်းနိုင်ငံများက ၎င်းတို့၏ လက်နက်တိုက်များရှိ ခေတ်မမီတော့သည့် စစ်လက်နက်ပစ္စည်းများကို ယူကရိန်းသို့ပေးပို့ခဲ့ကြသည်။ ထိုသို့ပေးပို့ခဲ့သည့် စစ်လက်နက်ပစ္စည်းအဟောင်းများနေရာတွင် အမေရိကန်နှင့်အခြားဥရောပကုမ္ပဏီများက လက်နက်အသစ်များ ပံ့ပိုးရောင်းချပေးခဲ့သည်။ အမေရိကန်သည် ၎င်းတပ်မတော်ရှိ လက်နက်များကို ဤနည်းဖြင့် အသစ်အဟောင်းလဲလှယ်မှုကြောင့် တပ်မတော်အတွက် လက်နက်၊ ခဲယမ်းသစ်များရရှိစေရုံမက ကာကွယ်ရေးကုမ္ပဏီများအတွက် အကျိုးအမြတ်များစွာ ရရှိစေကြောင်း ဝန်ခံပြောကြားထားသည်။

အချုပ်ဆိုရသော် ရုရှား-ယူကရိန်းပဋိပက္ခတွင် အနောက်အုပ်စုနိုင်ငံများအနေဖြင့် စစ်လက်နက်ပစ္စည်းများနှင့်ပတ်သက်၍ အကျိုးအမြတ်များစွာဖြစ်ထွန်းစေခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ဆိုဗီယက်ခေတ်အတွင်းက ဝယ်ယူအသုံးပြုခဲ့သည့် စစ်လက်နက်ပစ္စည်းများကို ယူကရိန်းသို့ပေးပို့ခြင်းဖြင့် ၎င်းတို့လက်နက်တိုက်များတွင် NATO စံနှုန်း အသုံးပြုသည့်လက်နက်များသာ ကျန်ရှိစေသည်။ အမေရိကန်သည် ၎င်း၏ လက်နက်စွမ်းပကားများကိုသိရှိခြင်း၊ ရုရှားနည်းပညာနှင့် ပေါင်းစပ်ခြင်း၊ NATO အဖွဲ့ဝင်နိုင်ငံများ တိုးလာခြင်း စသည့်အကျိုးအမြတ်များရရှိစေကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**


(1) **Global military hardware orders fuel profits for U.S. defense firms, CGTV, October 29,2023**

(2) **United States to gain access to 15 military bases in Finland, AFP, December 15,2023**

(3) **Ukraine Reportedly Destroys "Indestructible" Russian Kinzhal Missile with US Patriot Air Defense, Armyrecognition.com, December 18,2023**

(4) **Ukraine to Field Innovative Franken SAM Air Defense Missile Systems in Collaboration with US ,Defensenews.com, January 2, 2024**

# The message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 76th Anniversary of Kachin State Day

## 10 January 2024

**Esteemed national brethren in Kachin State,**

On the occasion of the 76th Anniversary of Kachin State which falls today, I extended my greetings with best wishes for national people in Kachin State and all national brethren across the nation to be physical and mental well-being.

All ethnic groups have been residing in Myanmar for many years through thick and thin by sharing fortune together and standing tall across the world. The 10 January was designated as Kachin State Day in honour of forming the Kachin State government at the first Kachin State Council Conference held on 10 January 1948 in the post-independence period of Myanmar. The celebrations have been held annually, and today is the 76th occasion of its kind.

More than 1.7 million of population including Shan ethnic groups, Bamar and other ethnics are residing in Kachin State in fraternity in addition to Kachin ethnic groups namely Jingphaw, Lachid, Lawwaw, Lisu and Zaiwa and Shan ethnic groups such as Tailon, Taileng, Taikhamti, Taisa and Tailey.

Costumes, traditional dances, literature, culture and customs of Kachin ethnic groups are very grandeur and Manaw dance presented by Kachin ethnic with traditional costumes is a traditional culture showing preferable unity.

Moreover, it is a state blessed with valuable natural resources and good and beautiful natural environment with fertile soil. Beautiful scenes of year round snow-capped mountains and pleasant Indawgyi Lake and Myitsone areas are symbols of the state.

As Kachin State has many natural resources blessed by the nature, if development tasks can be undertaken for the state based on these natural scenes and natural resources, national ethnic people will have socioeconomic development and job opportunities.

Now is time of the State Administration Council which is taking State responsibilities under the Constitution (2008). The State Administration Council has been implementing five-point roadmap and nine objectives since its establishment.

The current situation is being managed by for emergence of a peaceful and prosperous future of the State and all national people. Setting national visions: prosperous nation and food security, political visions: strengthening genuine disciplined multiparty democratic system and building a Union based on democratic system and federalism are being initiated. The government and Tatmadaw pledge to join hands with ethnic people in successfully implementing adopted visions, roadmap and objectives as well as strengthening the multiparty democratic system.

In order to achieve success in implementation of national and political visions, as it is important for enhancement of intelligence and knowledge of local ethnic people, a special emphasis must be placed on promotion of education.

Currently, the government is implementing plans for development of socioeconomic life including agriculture, livestock, education, health, communications and electric power sectors for development of Kachin State. Moreover, I would like to all to emphasize socioeconomic improvement of ethnic people in the State and development undertakings by encouraging booming MSME businesses based on natural products such as wood, bamboo, rattan and other materials.

If Kachin State can maintain existing natural resources and systematically promote production of value-added products, it will contribute to sufficiency of needs in the state and supply the demands of the country. Moreover, products can be exported abroad as it is a border area, it will help improve socioeconomic life of the local people and generate incomes for the State.

The government cooperates with ethnic people including Tatmadaw to safeguard the non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty as national politic duties based on genuine patriotic spirit forever.

It is necessary to follow NCA so as to ensure peace of the whole Union essential for building a peaceful and prosperous nation entire people aspire to. In forging peace of our country, only when national brethren have to seek the solution in political dialogue based on the Union spirit will they achieve success. I would like to urge all ethnic people to harmoniously serve the interest of the State through the united strength.

During the period from the post-independence period to date, as border areas and ethnic areas including Kachin State have been missing chances of peace and stability, local ethnic people cannot enjoy essence of independence but encountering social problems. Hence, I would like to urge all you to cease the tragic events in their era and to try hard to hand over good legacy for the future to new generations by building a developed nation with durable peace.

In conclusion, I send a message of honour to the 76th Anniversary of Union Day, deeply urging ethnic people including national brethren from Kachin State who actually adore the nation and the nationals to participate in peace and stability of the State, perpetual peace, prosperity of the State, food security, socioeconomic development and building a Union based on democratic system and federalism with might and main.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# More than 2,000 acres of mustard and niger cultivated in Indaw Township this year

**Indaw January 9**

Indaw Township of Sagaing Region has grown more than 2,000 acres of mustard and niger as cold season crops, according to the Indaw Township Agriculture Department.

The township earmarked cultivation of 2,062 acres of mustard and niger in cold season of 2023-24 financial year. Local farmers have cultivated 2,350 acres of these crops starting from October 2023, exceeding the target cultivation.

"Local farmers could grow mustard and niger exceeding the target. Niger and mustard can be extracted oil for cooking and medicines," said Head of Township Agriculture Department U Thein Khaing.

This year, Indaw Township placed 150 acres of croplands under mustard and 2,200 acres under niger, against the target of 220 acres of mustard and 1,842 acres of niger.

Indaw Township increases cultivation of mustard and niger year after year and Katha and Kawlin districts emphasize cultivate niger and mustard crops.

In 2022-23, the township planned to grow 2,037 acres of niger and mustard but local farmers grew 160 acres of mustard and 2,200 acres of niger, totalling 2,360 acres. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win delivers address at opening ceremony of inter-university sports competitions (2023-2024) of Ministry of Education



Vice-Senior General Soe Win addresses the opening ceremony of Inter-University Sports Competition.

**Nay Pyi Taw January 9**

The opening ceremony of Inter-university Sports Competition (2023-2024 academic years) of the Ministry of Education was held at Wunna Theikdi Stadium (B) in Nay Pyi Taw this afternoon and Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered an address at the ceremony.

Also present were members of the SAC, union ministers, the chairman of Nay Pyi Taw Council, senior military officers, deputy ministers, permanent secretaries, directors-general, officials, leaders of sports teams for universities and degree colleges, managers and coaches and athletes.

First, the Vice-Senior General delivered an address, saying sports contribute to physical and mental health and fitness of youths and amount to seeds of development for five kinds of strengths. By playing sports, university students can enjoy many benefits including health and fitness, relaxation, stress reduction, being active, ability to solve problems, systematic thinking, application of wits and team spirit. Moreover, sports can enhance friendly relations and improve thinking skills. Therefore, integrating education and sports can contribute to speedy development of five strengths of university students.

The Inter-university Sports Competitions (2023-2024 academic years) of the Ministry of Education features five sports including soccer, volleyball, track and field, sepak takraw and table tennis. Among them soccer and volleyball matches were organized in eight zones such as Yangon Zone, Dagon Zone, Pathein Zone, Mawlamyine Zone, Mandalay Zone, Magway Zone, Taunggyi Zone, and Myitkyina Zone and players were selected. Then, teams representing each zone were formed and they are now participating in the central level matches. Other sports competitions will be organized as inter-university events.

Track and field sports known as athletics originated from Greeks and developed into sports of today in about the 10th century BC. Greeks were famous for their physical and intellectual strength at that time. Greeks invented sports techniques and eventually succeeded in organizing Olympics games in the world.

Myanmar also had glorious histories of university sports activities. Rangoon College Football Team emerged with success in 1917. In the soccer world the Myanmar University Football Team was particularly famous in 1932 and it won the championship cup at the BAA stadium known as Aung San Stadium today in the same year.

In 1933, it won the championship cup and the Walter Locke knock-out shield. It managed to grab the championship cup in 1934 as it won the cup for three consecutive years. It won the Walter Locke shield for two consecutive years. Since then, its victories were famous not only at the BAA stadium but also in the entire country with the football chant "Versity, Versity, Rah Rah."

It won knock-out shields and opening season shields of Myanmar Football Federation for three consecutive years in 1965, 1966 and 1967. The role of sports competitions in Yangon University was very important. During the prewar period, sport competitions were organized for dormitories and majors. Students participated in day-arts teams and day-science teams in competitions for dormitories.

In addition to sports competitions for dormitories, sports competitions for majors were introduced in 1964 based on academic years. Outstanding athletes from competitions in the university were selected as university athletes and sent to inter-university competitions. In addition to sport competitions, short-term and long-term sports training courses were also conducted in Yangon University every year.

The victories achieved by Rangoon University Football Team for three consecutive years must be attributed to the efforts, training and outstanding skills of football players, who could perform well not only as individuals but also as a team and underwent training by fully observing the instructions of coaches.

From December 6 to 13, 1969, the fifth Southeast Asian Peninsular Games was successfully held in Yangon. More university athletes participated in the Myanmar sports team, and the host, Myanmar, won 57 gold medals, 46 silver medals and 43 bronze medals and was the first national champion. Among the medals won, 6 gold medals, 4 silver medals and 5 bronze medals were won by university athletes.

Among the winning medals, 6 gold medals, 4 silver medals and 5 bronze medals were won by university students. In winning 6 gold medals, swimming champion Nanda Kyaw Swar alone won 3 gold medals, bringing greater honour to the university and students. Similarly, it was recorded that university student Maung Maung Lay was able to win the gold medal in tennis, which had never been won by Myanmar throughout the history of the peninsula tournament. Today, Myanmar has actively participated in the ASEAN University Games (AUG) and has achieved great success.

In the basic education sector, there are physical training teachers in respective regions and states. The trainings for those teachers were conducted in cooperation with the Ministry of Sports and Youth Affairs. In the higher education sector also, the B. Sc (Sports) degree course has been opened at Dagon University and Yadanabon University, and is being taught jointly with the Ministry of Sports and Youth Affairs. In addition, sports officials and sports coaches have been appointed in universities and degree colleges and they are continuously giving training.

In the 20th ASEAN University Games held in Thailand in 2022, 33 athletes competed in 4 sports namely football, archery, sepak takraw and wushu, winning 2 gold medals, 2 silver medals and 2 bronze medals. The State has deservedly honored the university athletes who won such a victory. The State is providing necessary support for the emergence of such outstanding university sport athletes.

As the Ministry of Education is carrying out activities to upgrade school stadiums for the promotion of the five strengths of young people and the sports sector, it is also increasing the opportunities to combine education and sports. Good sports will lead to good education, and good education will lead to the development of the country. Therefore, the sports sector must be promoted in combination with education in order to produce healthy, talented, disciplined people.

As good health is a blessing in life, all the young students are to urged to do sports and work hard to become good sons and daughters who will be able to serve the national interests with long life and strength. As they are university student athletes, they should be disciplined when participating in sports competitions. While competing with full sportsmanship and effort, may they be able to maintain and promote the honor of the nation with patriotism. Through hard work, may they also win medals, become national team athletes and achieve success, bringing back honour to the university sports sector. Then, the Vice-Senior General formally opened the competition.

After that, the commemorative flag was carried and hoisted by the sports athletes reciting the sports oath.

Next, the Vice-Senior General and party cordially greeted the managers/coaches and athletes of the competing teams who will compete in the inter-university sports competition.



Vice-Senior General Soe Win greets the competing sports teams.

Then, the Vice-Senior General along with those who attended the ceremony watched the exercise dance, physical fitness dance and other dances performed by university students.

The sports competition will be held from January 9 to 18 at Wunna Theikdhi Stadium in Nay Pyi Taw. It will be held in gymnasiums and training football fields. More than 1,160 managers, coaches and athletes will participate in the competition.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## တူကီယဲနိုင်ငံက Anka-3 ဒရုန်းကို ပထမဆုံးအကြိမ်စမ်းသပ်ပျံသန်းမှု အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့



တူကီယဲနိုင်ငံသည် Anka-3 ဒရုန်းကို ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှု အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒရုန်း၏ ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှုမှာ တစ်နာရီနှင့် ၁၀ မိနစ်ကြာမြင့်ခဲ့ပြီး အမြင့်ပေ ၈၀၀၀(၂၄၃၉ မီတာ)နှင့် အမြန်နှုန်း 150 knots (တစ်နာရီလျှင် ၁၇၃ မိုင်/၂၇၈ ကီလိုမီတာ)သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

Anka-3 ဒရုန်းသည် တူကီယဲ၏ ဒရုန်းစွမ်းရည်များအတွက် တစ်စုတစ်စည်းတည်း ထိန်းကျောင်းရေးလုပ်ဆောင်နိုင်စေရန် ယခင် Anka ဒရုန်းအမျိုးအစားများ အသုံးပြုထားသည့် မြေပြင်ထိန်းချုပ်ရေးစနစ်များကိုသာ အသုံးပြုထားခြင်းဖြစ်ကြောင်း သိရသည်။

တူကီယဲနိုင်ငံ Turkish Aerospace Industries ကုမ္ပဏီက တီထွင်ထုတ်လုပ်သည့် ရှေ့ပြေးနမူနာပုံစံသည် တာဘိုဖန်အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး အမြင့်ပေ ၃၀၀၀၀ ( ၉၁၄၄ မီတာ)တွင် တစ်ဆက်တစ်စပ်တည်း ၁၀ နာရီထိ ပျံသန်းနိုင်စွမ်းရှိကြောင်း ထုတ်ပြန်ခဲ့သည်။

အမြင့်ဆုံးအမြင့်ပေ ၄၄၀၀၀ (၁၃၄၁၁ မီတာ)၊ အများဆုံးအမြန်နှုန်း 425 knots (တစ်နာရီလျှင် ၄၈၉ မိုင်/၇၈၇ ကီလိုမီတာ) ပျံသန်းနိုင်သည်။

ဒရုန်းသည် စမ်းသပ်မှုအားလုံးကို ပြီးမြောက်သည်နှင့်တစ်ပြိုင်နက် ရန်သူကာကွယ်ရေးခံစစ်စည်းများကို ဦးနှိမ်တိုက်ခိုက်ဖျက်ဆီးခြင်း၊ ထောက်လှမ်းခြင်း၊ နက်ရှိုင်းစွာတိုက်ခိုက်ခြင်း စသည့်ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

တူကီယဲနိုင်ငံ၏ ဒရုန်းနည်းပညာ တိုးတက်ဖွံ့ဖြိုးလာမှုများသည် နိုင်ငံတကာကာကွယ်ရေးတွင် ရှေ့တန်းကျကျ ပါဝင်လျက်ရှိသည်။ မလေးရှားနှင့် ပါကစ္စတန်နိုင်ငံတို့ကို ဒရုန်းစွမ်းဆောင်ရည်များပံ့ပိုး၊ ရောင်းချပေးထားပြီး ပါကစ္စတန်နိုင်ငံနှင့် စစ်ဘက်သုံးဒရုန်းများ ပါကစ္စတန်နိုင်ငံ၌ ထုတ်လုပ်နိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ်က တူကီယဲနိုင်ငံသည် ယူကရိန်းနိုင်ငံ၌ ဒရုန်းထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ပေးသွားရန် သဘောတူညီခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ယူကရိန်းနိုင်ငံ၌ တည်ဆောက်မည့် ဒရုန်းထုတ်လုပ်ရေးစက်ရုံတွင် Akinci ဒရုန်းများကိုထုတ်လုပ်ပေးသွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်အတွင်း အပြီးသတ်လုပ်ဆောင်သွားရန် မျှော်မှန်းထားကြောင်း သိရသည်။

**Turkey's Anka-3 Drone Completes Maiden Flight ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံက မျိုးဆက်သစ်လေယာဉ်တင်သင်္ဘော၏ဓာတ်ပုံအသစ်များ ထုတ်ဖော်ပြသခဲ့

တရုတ်နိုင်ငံသည် လေယာဉ်အမြောက်အမြားကို သယ်ဆောင်နိုင်သည့် မျိုးဆက်သစ်လေယာဉ်တင်သင်္ဘော၏ ဓာတ်ပုံအသစ်များကို ထုတ်ဖော်ပြသခဲ့ကြောင်း www.channelnewsasia.com သတင်းဌာနက ဇန်နဝါရီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၂ ခုနှစ် ဇွန်လတွင် အများပြည်သူသို့ ပထမဆုံးထုတ်ဖော်ပြသခဲ့သည့် Fujian လေယာဉ်တင်သင်္ဘောသည် ပြည်တွင်း၌ အပြည့်အဝဒီဇိုင်းဆွဲတည်ဆောက်နိုင်ခဲ့သည့် တတိယမြောက်လေယာဉ်တင်သင်္ဘောလည်းဖြစ်သည်။

Fujian သည်၎င်း၏ ပထမဆုံးပင်လယ်ရေကြောင်းစမ်းသပ်မှု မပြုလုပ်ရသေးသော လေယာဉ်တင်သင်္ဘောဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် တည်ဆောက်ခဲ့သော ဒုတိယမြောက် လေယာဉ်တင်သင်္ဘော Shandong၊ တရုတ်နိုင်ငံက ယူကရိန်းထံမှ ၁၉၉၈ ခုနှစ်တွင် တစ်ပတ်ရစ်လေယာဉ်တင်သင်္ဘောကို ဝယ်ယူခဲ့ပြီး ပြည်တွင်း၌ပြန်လည်ပြင်ဆင်မွမ်းမံခဲ့သည့် ပထမဆုံးလေယာဉ်တင်သင်္ဘော Liaoning တို့ထက် အရွယ်အစားအားဖြင့် ပိုမိုကြီးမားပြီး နည်းပညာပိုင်းအရ ပိုမိုအဆင့်မြင့်လာခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၂ ရက်က နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် Fujian လေယာဉ်တင်သင်္ဘောကို ဆွဲသင်္ဘောငယ်တစ်စီးဖြင့် ဆွဲခေါ်သွားကာ ကုန်းပတ်ပေါ်တွင်လျှပ်စစ်သံလိုက်လှိုင်းသုံးလွှတ်တင်ရေးစနစ် လမ်းကြောင်းသုံးခုစလုံးကို တွေ့မြင်ခဲ့ရကြောင်း သိရသည်။

"နှစ်သစ်မှာ ကျွန်တော်တို့ဟာ မိနစ်တိုင်းကို တန်ဖိုးရှိစွာ လုပ်ဆောင်နိုင်စေဖို့ စိတ်ပိုင်းဖြတ်ထားပြီး တတ်နိုင်သမျှ တိုက်ပွဲဝင်အသင့် ဖြစ်စေရေးအတွက် ကြိုးပမ်းသွားမှာပါ"ဟု Fujian လေယာဉ်တင်သင်္ဘောပေါ်မှ အရာရှိတစ်ဦး၏ ပြောကြားချက်ကို နိုင်ငံပိုင်ရုပ်မြင်သံကြားက ကိုးကားဖော်ပြခဲ့သည်။

Fujian သည် ၎င်း၏ ပင်လယ်ပြင်စမ်းသပ်မှုမတိုင်မီ ကမ်းခြေအခြေစိုက် စမ်းသပ်မှုများအပါအဝင် စမ်းသပ်မှုပေါင်းများစွာကို ၂၀၂၃ ခုနှစ်တွင် ပြုလုပ်နိုင်ခဲ့ဖွယ်ရှိကြောင်း စစ်ဘက်လေ့လာသူအချို့က ခန့်မှန်းထားသည်။ အဆိုပါသင်္ဘောသည် ၎င်း၏ လျှပ်စစ်သံလိုက်လှိုင်းသုံး လေယာဉ်လွှတ်တင်ရေးစနစ်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလက စတင်စမ်းသပ်နိုင်ခဲ့ကြောင်း နိုင်ငံပိုင် Global Times သတင်းစာအရ သိရသည်။

အမေရိကန်ရေတပ်အတွက် တည်ဆောက်လျက်ရှိသော ချူကလီးယား စွမ်းအင်သုံး Ford-Class အတန်းအစား လေယာဉ်တင်သင်္ဘောများပြီးလျှင် Fujian သည် နောက်ဆုံးပေါ် Electro-Magnetic Aircraft Launch System (EMALS) စနစ် တပ်ဆင်ထားသော လေယာဉ်တင်သင်္ဘောဖြစ်လာမည်ဖြစ်သည်။



တရုတ်နိုင်ငံ၏ EMALS တားရှင်းသည် Shandong သို့မဟုတ် Liaoning လေယာဉ်တင်သင်္ဘောထက် လေယာဉ်အမျိုးအစားမျိုးစုံကို ပိုမိုတင်ဆောင်၊ လွှတ်တင် ပျံသန်းနိုင်စေမည်ဖြစ်ကာ ယုံကြည်စိတ်ချရမှုနှင့် စွမ်းအင်ချွေတာနိုင်မှု စသည့်မြင့်မားသော စွမ်းဆောင်ရည်များကြောင့် တရုတ်စစ်ဘက်၏ ခေတ်မီအဆင့်မြင့်တင်ရေးတွင် မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူနိုင်လိမ့်မည်ဖြစ်သည်။

**China unveils new images of its next-generation aircraft carrier ကို ဘာသာပြန်ဆိုထားပါသည်။**

## ကရိုင်းမီးယားကို တိုက်ခိုက်ရန်ကြိုးပမ်းလာသည့် ယူကရိန်းဒရုန်းများကို ရုရှားပစ်ချနိုင်ခဲ့



ကရိုင်းမီးယားကိုတိုက်ခိုက်ရန် ကြိုးပမ်းလာသည့် ယူကရိန်းတို့ဘက်မှ ဒရုန်း ၃၆ စင်းခန့်ကို ဇန်နဝါရီ ၅ ရက် အစောပိုင်းတွင် ပစ်ချနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့သည်ဟု နိုင်ငံပိုင် RT သတင်းဌာနက ရေးသားဖော်ပြထားသည်။

ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် ယူကရိန်းအစိုးရက ဒရုန်းများဖြင့် အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းမှုကိုရပ်တန့်နိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

"တပ်ဖြန့်ချထားတဲ့ လေကြောင်းရန်ကာကွယ်ရေးစနစ်တွေက ကရိုင်းမီးယားပိုင်နက်မှာ ယူကရိန်းဒရုန်း ၃၆ စင်းနဲ့ Krasnodar ဒေသပိုင်နက်မှာ ဒရုန်းတစ်စင်းကို တုံ့ပြန်ဖျက်ဆီးနိုင်ခဲ့ပြီး ကြားဖြတ်ပစ်ချနိုင်ခဲ့ပါတယ်"ဟု ရုရှားစစ်ဘက်က ပြောကြားခဲ့သည်။

အနောက်နိုင်ငံက ပံ့ပိုးပေးသော Storm Shadows ခရုဇ်ဒုံးကျည်များအပါအဝင် ယူကရိန်းတပ်ဖွဲ့များသည် ဒုံးကျည် ၁၀စင်း အသုံးပြု၍ Sevastopol မြို့ကို တိုက်ခိုက်ရန် ကြိုးပမ်းခဲ့ပြီးနောက် နာရီပိုင်းအကြာတွင် ယခုကဲ့သို့ ဒရုန်းတိုက်ခိုက်မှုသတင်း ထပ်မံထွက်ပေါ်လာခြင်းဖြစ်သည်။

ပြည်တွင်းမီဒီယာများ၏ ဖော်ပြချက်အရ အဆိုပါခရုဇ်ဒုံးကျည်များသည်၎င်းတို့၏ ရည်မှန်းထားသည့် ပစ်မှတ်သို့ရောက်ရှိခဲ့ခြင်းမရှိသော်လည်း ပစ်မှတ်မဟုတ်ဘဲ ဒုံးကျည်ကျသည့်နေရာများတွင် စက်၊ ပစ္စည်းအချို့ပျက်စီးကာ အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

Sevastopol State University (SevGU) အနီးရှိ လူနေရပ်ကွက်တွင် ဒုံးကျည်တစ်စင်း ကျရောက်ခဲ့သော်လည်း မပေါက်ကွဲခဲ့ပေ။ ပေါက်ကွဲစေတတ်သောပစ္စည်းများ ဖယ်ရှားရှင်းလင်းရေးအဖွဲ့က ဘေးကင်းလုံခြုံရေးများ ဆောင်ရွက်ရန် အဆိုပါနေရာကို ခေတ္တပိတ်ဆို့ထားခဲ့သည်။

ဒရုန်းတိုက်ခိုက်မှုနှင့်တစ်ချိန်တည်းမှာပင် ယူကရိန်းအမြောက်တပ်ဖွဲ့က မြောက်ပိုင်းနယ်စပ်ကိုဖြတ်ကျော်ပြီး Belgorod မြို့ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သေးသည်။ စုစုပေါင်းဒုံးကျည်၊ အမြောက် ၁၀ စင်း ကြားဖြတ်ပစ်ချခံခဲ့ရပြီး လူနေရပ်ကွက်တစ်ခုတွင် ကားပါကင်တစ်ခုကို ထိမှန်ပေါက်ကွဲခဲ့ရာ ပြတင်းပေါက်များ ကွဲအက်ခြင်း၊ ကားအများအပြား ပျက်စီးခဲ့ခြင်း၊ အရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့ခြင်းတို့ဖြစ်ခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက သတင်းထုတ်ပြန်ထားသည်။

**Ukraine targets Crimea with drones, missiles ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရခိုင်ရိုးရာ ကျင်အားကစားနည်း

အောင်ကြည်မိုး(စစ်တွေ)

ကျင်အားကစားနည်းသည် ရခိုင်လူမျိုးတို့၏ ရိုးရာကစားနည်းတစ်မျိုးဖြစ်သည်။ ရခိုင်ပြည်နယ် မြောက်ဦးမြို့ သျှစ်သောင်းဘုရားပုထိုးတော်လိုဏ်ဂူ ပတ်တွင်း၌ ကျင်အားကစားနည်းကို ရုပ်လုံး၊ ရုပ်ကြွင်း များဖြင့် ထွင်းထုထားသည်ကို ယနေ့တိုင်မြင်တွေ့ရ၍ ကျင်အားကစားနည်းအတတ်ပညာသည် ရှေးခေတ် အဆက်ဆက် ရခိုင်မင်းများလက်ထက်ကပင် ထင်ရှားသော ရခိုင်ရိုးရာအားကစားနည်းဖြစ်ခဲ့သည်။ ရခိုင်ရိုးရာကျင်ကစားနည်းသည် ပြင်းပြင်းထန်ထန် ထိုးကြိတ်၊ သတ်ပုတ်၊ ကန်ကျောက်ပြီး ပြိုင်ဘက်ကို အနာတရဖြစ်စေသည့် အားကစားနည်းမဟုတ်ပေ။ မိမိတွင်ရှိသော ခွန်အားနှင့် အတတ်ပညာကို ပေါင်းစပ်ထားသော ကစားနည်းတစ်ခုဖြစ်သည်။


မန္တလေး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ပါမောက္ခချုပ် ဆရာကြီး ဦးကျော်ရင်၏ ကျင်ပွဲအကြောင်းနှင့်ပတ်သက်ပြီး ဆောင်းပါးတစ်ပုဒ်တွင် ကျင်ဟူသည်မှာ ကျားနှင့်ယင် ဝေါဟာရနှစ်လုံးကို ပေါင်းစပ်ထားပြီး "ကျားယင်၊ ယင်-ကျား"ကစားနည်းကို အခြေခံ၍ ကျင်ဖြစ်ပေါ်လာခြင်းဟု တင်ပြထားသည်။ "ကျားယင်" ကစားနည်း။ ကျားက ယင်ကိုအုပ်ဖမ်းလိုက်၊ ယင်က ရှောင်ပြေးလိုက်နှင့် ယင်အကောင် ၂၀ ကို ကျားတစ်ကောင်က အနိုင်လိုက်ဖမ်းရန် အကွက်ရွေ့ကစားနည်းကို အခြေခံပြီး ကျင်အားကစားသမားနှစ်ဦးက ဖမ်းလိုက်၊ ခံလိုက်၊ ပစ်ချလိုက်နှင့် တစ်ဖက်ကစားသူကိုမြေသို့ ကျအောင် ကစားရသော အတတ်ပညာဟူ၍ ရေးသားဖော်ပြထားသည်။ ရခိုင်သမိုင်းသုတေသီများကလည်း ကျင်ဟူသည်မှာ ကျားက သားကောင်ကိုဖမ်းသည့်အခါ လျင်မြန်သည့်အဟုန်ဖြင့် ဖမ်းအုပ်ရသကဲ့သို့ ဖျတ်လတ်လျင်မြန်ရသည့်အတွက် ကျားလျင်ဟုခေါ်ရာမှ ကျင်ဖြစ်လာသည်ဟု မှတ်ချက်ပြုထားကြသည်။

ရခိုင်ရိုးရာအားကစားကျင်ပွဲကို ရွှေမောင်းတန်း၊ ငွေမောင်းတန်းဟူ၍ ခွဲခြားကျင်းပသည်။ ရွှေမောင်းတန်းသည် ပထမတန်းဟုဆိုရပါမည်။ ငွေမောင်းတန်း၌ ဆုရရှိဖူးသူဖြစ်က ရွှေမောင်းတန်းအဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသည်။ ရွှေမောင်းတန်း၌ ဆုရရှိသူကို ရွှေစင်၊ ရွှေသားဆုချီးမြှင့်သည်။ ငွေမောင်းတန်း၌ ဆုရရှိသူကို ငွေမောင်းဆုနှင့် ငွေသားချီးမြှင့်ပေးသည်။ ယခုအခါ ကျင်ပွဲများ ခေတ်နှင့်အညီ တိုးတက်အောင် အသက်အရွယ်အလိုက် ကျင်ရိုးရာ အားကစားပြိုင်ပွဲကို အတန်းအစားများခွဲခြား၍ ကျင်းပလာကြသည်။

ကျင်အားကစားနည်းတွင် ပြိုင်ပွဲဝင်ကစားသမား (ကျင်သန်)နှစ်ဦး ပါရှိရသည်။ ထိုကစားသမားနှစ်ဦးကို ကျင်တွဲတစ်တွဲဟု သတ်မှတ်သည်။ အချို့ပြိုင်ပွဲများတွင် ကျင်ကစားကွင်းက အလွန်ကြီးမားနေလျှင် လေးတွဲ၊ ငါးတွဲကို တစ်ပြိုင်တည်းကျင်းပကြသည်။ ကျင်ကစားကွင်းကို မြေပြင်၌ပြုလုပ်ထားပြီး ကြိုးများဖြင့် အဝန်းအဝိုင်းပြုလုပ်ထားသည်။ ကျင်ဒိုင်များအနေဖြင့် မိမိတို့ တာဝန်ယူထားသော ကျင်အတွဲယှဉ်ပြိုင်နေသည်ကို ဂရုတစိုက်စောင့်ကြည့်ကြရသည်။

ကစားသမားများသည် ကျင်ပြိုင်ပွဲမစမီကပင် ကစားကွင်း(ကျင်တလင်း)ထဲ၌ အဆင်သင့်ရှိနေရသည်။ ကျင်ကစားသမားနှစ်ဦး မယှဉ်ပြိုင်မီ ပရိသတ်ကို ရှိခိုးအရိုအသေပြုပြီးမှ ကျင်ကစားကွင်းထဲသို့ ဝင်ကြသည်။ ကျင်ကစားသမားများက ကျင်ပြိုင်ပွဲ မဝင်မီအချိန်တွင် ကျင်ဟန်ရေးပြကြသည်။ ကျင်ဟန်ရေးပြချိန်တွင် ကျင်ပြိုင်ပွဲအသီးသီးမှ မိမိတို့ရရှိထားသော ရွှေ၊ ငွေ ဆုတံဆိပ်များကို လည်ပင်းတွင်ဆွဲ၍ ကျင်ဟန်ရေးပြကြသည်။ ကျင်ကစားသမားများ အနေဖြင့် ကျင်ကစားကွင်းထဲ၌ ပြိုင်ပွဲကိုယှဉ်ပြိုင်စဉ် ဘောင်းဘီတိုဖြင့် ကစားခွင့်မရရှိပါ။ ခန္ဓာကိုယ်အပေါ် ပိုင်းဗလာ ပုဆိုးကိုခါးတောင်းကျိုက်၍ ကြိုးဖြင့်မြဲမြံစွာ စည်းထားကြရသည်။

ကျင်ပြိုင်ပွဲတစ်ခုတွင် ကစားသမားနှစ်ဦးက ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ထိုပြိုင်ပွဲဝင်နှစ်ဦးကို ကျင်ဒိုင်နှစ်ဦးက တာဝန်ယူရသည်။ ပြိုင်ပွဲကျင်းပရေး



အဖွဲ့က တာဝန်ယူကြီးကြပ်မည့်ကျင်ဒိုင်နှစ်ဦးနှင့် ပြိုင်ပွဲဝင်ကျင်ကစားသမားနှစ်ဦးတို့၏ အမည်များကို တွဲဖက်၍ ကြေညာပေးသည်။ ပြိုင်ပွဲကျင်းပမည့် ကျင်ကစားကွင်း၏အကျယ်အဝန်း၊ ကြီးကြပ်မည့် ကျင်ဒိုင်အရေအတွက်ပေါ်မူတည်၍ ကျင်ပြိုင်ပွဲများကို ထိုကစားကွင်းထဲ၌ပင် သုံးတွဲ၊ လေးတွဲစသည်ဖြင့် တစ်ပြိုင်တည်းယှဉ်ပြိုင်စေသည်။ ကျင်ကစားကွင်းထဲ၌ ကျင်ဒိုင်အဖွဲ့က ကြီးကြပ်သည်။ တာဝန်ယူမည့်ကျင်ဒိုင်နှစ်ဦးက ပြိုင်ပွဲဝင်မည့် ကျင်ကစားသမားနှစ်ဦးကို ကျင်ကစားကွင်းထဲသို့ခေါ်ယူပြီး ခါးစည်းကြိုးကို စနစ်တကျ ချည်နှောင်ထားမှုရှိ၊ မရှိ စစ်ဆေးသည်။ အန္တရာယ်ဖြစ်စေနိုင်သည့် လက်ဝတ်ထည်များကို ဝတ်ဆင်မထားရ။ လက်သည်းရှည်နေလျှင် ချက်ချင်းလှီးဖြတ်စေသည်။

ကျင်ပြိုင်ပွဲဝင်နှစ်ဦးက ချစ်ကြည်ရင်းနှီးစွာဖြင့် လက်ဆွဲနှုတ်ဆက်ပြီးမှ စည်းကမ်းနှင့်အညီ ယှဉ်ပြိုင်ရသည်။ ကြီးကြပ်ကျင်ဒိုင်နှစ်ဦးသည် မိမိတို့နှင့် သက်ဆိုင်ရာပြိုင်ပွဲဝင်ကျင်ကစားသမားတို့၏ ယှဉ်ပြိုင်နေခြင်းကို မျက်ခြည်မပြတ် သေချာစောင့်ကြည့်ရသည်။ ထိုင်မနေရ၊ တစ်နေရာတည်း၌ရပ်မနေရ။ ကျင်ဒိုင်သည် ပြိုင်ပွဲဝင် ကျင်ကစားသမားနှစ်ဦးနှင့် အတူ လှည့်ပတ်လိုက်ပါရသည်။ ကျင်ပြိုင်ပွဲကစားသမားနှစ်ဦး သတ်မှတ်ကျင်ကစားကွင်းထဲနေရာ၌သာ ယှဉ်ပြိုင်နိုင်စေရန်နှင့် စည်းအပြင်သို့ တွန်းချမှုမျိုးမဖြစ်စေရအောင် သက်ဆိုင်ရာကျင်ဒိုင်နှစ်ဦးက ကြီးကြပ်သလို ကျင်ကစားသမားနှစ်ဦးတို့၏ အဖမ်း၊ အခံအလှည့်ကိုလည်း အငြင်းပွားပါက သက်ဆိုင်ရာ ကျင်ဒိုင်နှစ်ဦးက ဆုံးဖြတ်ပေးရသည်။ ပြိုင်ပွဲဝင်များ အချင်းချင်း တွန်းချမှုမျိုးမဖြစ်ရအောင်လည်း သက်ဆိုင်ရာ ကျင်ဒိုင်နှစ်ဦးက ကြီးကြပ်ရသည်။ ကျင်ကစားသမားနှစ်ဦးတို့ ပြိုင်ပွဲယှဉ်ပြိုင်နေစဉ်အတွင်း စိတ်ဓာတ်တက်ကြွစေရန် ကျင်စည်ကိုတီးခတ်ပေးထားသည်။

ကျင်ပြိုင်ပွဲဝင်ကစားသမားများအနေဖြင့် ကျင်ယှဉ်ပြိုင်၍ တစ်ကြိမ်ပြီးစီးလျှင် အနားယူခွင့်ရှိသည်။ သို့သော် တစ်ကြိမ်တွင် (၁၀) မိနစ်ထက် ပိုအနားယူခွင့်မရရှိပါ။

ကျင်ကစားသမားနှစ်ဦးတို့၏ဖမ်းလှည့်၊ ခံလှည့်ကို ဒိုင်များက ဒင်္ဂါးပြားဖြင့် ခေါင်းပန်းလှန်ကာ စည်းကမ်းအတိုင်း စီစဉ်ဆုံးဖြတ်သည်။ ကျင်ပြိုင်ပွဲအတွက် (အဖမ်း) နှင့် (အခံ) ကို ရွေးချယ်ပေးခြင်းဖြစ်သည်။ ကျင်ကစားသမားတစ်ဦးကဖမ်းပြီး ကျန်တစ်ဦးက လက်ဖြင့် ဖမ်းခြင်းမခံရအောင် ကာခွင့်ရှိသည်။ အဖမ်းလှည့်ကိုရရှိသော ကစားသမားအနေဖြင့် လက်မောင်းနှစ်ဖက်ကိုမြှောက်ထားကာ တစ်ဖက်ကစားသမားကို စဖမ်းရပြီး အခံလှည့်ကျသည့်ကစားသမားက လက်မောင်းနှစ်ဖက်ကို နံဘေးတွင်ကပ်၍ လက်ကို ရှေ့သို့တောင့်ပေးထားကာ ကိုယ်ကိုကိုင်းညွတ်ပြီး သတိဖြင့်ခံပေးရသည်။

ကျင်ကစားသမားတစ်ဦးက အဖမ်းဆိုလျှင်အခြားတစ်ဦး၏လက်နှင့်ခန္ဓာကို မိမိရရ ဆုပ်ကိုင်ဖမ်းနိုင်ရန်နှင့် အခံကစားသမားကလည်း လက်နှစ်ဖက်ကို မြှောက်ပြီး ခန္ဓာကိုယ်ကိုတောင့်တောင့်ထားကာ သတိဖြင့် အဖမ်းကစားသမား၏ ကစားကွက်ကို ကြည့်နေရပြီး ရှန်းထွက်ခွင့်ရှိသည်။ အဖမ်းကစားသမားက အခံကစားသမားကိုလိမ်ကျစ်၍ အခံကစားသမားမကျဘဲ ရှန်းထွက်လာနိုင်ပါက အဖမ်းကစားသမားကဖမ်းပြီး အခံကစားသမားမြေပေါ်ကျသွားလျှင် အနိုင်၊ အရှုံးကို ကျင်ဒိုင်များကသတ်မှတ်ပေးသည်။ ကျင်ကစားနည်းသည် အဖမ်းသမား၏ လုံးဖမ်းကိုင်တွယ်ခွင့်နှင့် အခံသမား၏ခုခံကာကွယ်ခွင့်အတတ်ပညာများကို တီထွင်ဖန်တီးထားသည့် ရိုးရာကစားနည်းတစ်မျိုးဖြစ်သလို သူတစ်လှည့်၊ ကိုယ်တစ်လှည့်၊ သူတစ်ပြန်၊ ကိုယ်တစ်ပြန် ကိုင်ခွင့်ပြုထားပြီး ပညာစွမ်းပြရသည့် အားကစားနည်းပညာတစ်ရပ်လည်းဖြစ်သည်။ ကျင်ကစားသမားနှစ်ဦးတို့က ဖမ်းလှည့်၊ ခံလှည့်ကို စည်းကမ်းအတိုင်း ဒိုင်များကပြုလုပ်ပေးနေသော်လည်း ပြိုင်ပွဲဝင်ကျင်ကစားသမားတစ်ဦးဦးက ပြိုင်ပွဲယှဉ်ပြိုင်နေစဉ် စည်းကမ်းဖောက်ဖျက်မှုရှိပါက သတိပေးတားမြစ်သည်။ ထုတ်ပယ်သင့်သည်ဟုထင်မြင်က ဒိုင်သမာဓိအဖွဲ့ထံတွင် တင်ပြအတည်ပြုချက်ကို ရယူသည်။ ပြိုင်ပွဲစည်းကမ်းအတိုင်း သုံးပွဲယှဉ်ပြိုင်ရပြီး ကစားသမားတစ်ဦးက နှစ်ကြိမ်ဆက်တိုက်အနိုင်ရရှိလျှင် နောက်ထပ်ယှဉ်ပြိုင်စရာမလိုတော့ပေ။ ကျင်ဒိုင်များသည် ကျင်တွဲတစ်တွဲကစားပြီးတိုင်း အနိုင်အရှုံးကို ကျင်ပွဲဒိုင်အဖွဲ့သို့ တင်ပြရသည်။

ရခိုင်ရိုးရာကျင်ကစားခြင်းဖြင့် လူငယ်များ၌ ကိုယ်ခန္ဓာကြံ့ခိုင်မှုရှိပြီး တက်ကြွမှုအားမာန်ကို ရစေသည်။ ကိုယ့်ကိုယ်ကိုယ် အားကိုးယုံကြည်စိတ်မြင့်မားလာပြီး ဆုံးဖြတ်ချက်တစ်ရပ်ကို မှန်မှန်ကန်ကန် ခိုင်ခိုင်မာမာ ချမှတ်လုပ်ကိုင်ဆောင်ရွက်လိုစိတ် ခိုင်မြဲစေသည်။ ကျင်အားကစားနည်းသည် ခွန်အားဗလသန်မာမှုနှင့် ကျင်အတတ်ပညာကို အဓိကထား ကစားရသောကစားနည်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ပြင်းပြင်းထန်ထန် တိုက်ခိုက်သတ်ပုတ်၊ ထိုးကြိတ်၊ ကန်ကျောက်ပြီး ပြိုင်ဘက်ကိုအနာတရဖြစ်စေသည့် ကစားနည်းမဟုတ်ဘဲ အားအင်နှင့်ပရိယာယ်ကို အသုံးပြု၍ အဖမ်းသမားက အခံသမားကိုမြေပြင်သို့ လှဲချနိုင်ရေးယှဉ်ပြိုင်ခြင်းဖြစ်သည်။ ပြိုင်ပွဲ၌ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ အားကစားစိတ်ဓာတ် အပြည့်ဖြင့် ရခိုင်လူမျိုးတို့၏ ရိုးရာအားကစား အနှစ်သာရကို ထိန်းသိမ်းကြခြင်းလည်းဖြစ်သည်။ ရခိုင်လူမျိုးတို့၏အမျိုးသားရေးလက္ခဏာ၊ အမျိုးဂုဏ်၊ ယဉ်ကျေးမှုပေါ်လွင်စေသည့် ရခိုင်ရိုးရာ ကျင်အားကစားနည်းကို လက်ဆင့်ကမ်းထိန်းသိမ်းခြင်းအားဖြင့် ကျင်အားကစားနည်းပြိုင်ပွဲများကို ရခိုင်ရိုးရာပွဲများတွင် အမြဲထည့်သွင်း ကျင်းပလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

**- စစ်တွေမြို့နယ် ကျင်အားကစားနည်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ ထုတ်ဝေထားသော ကျင်စည်းကမ်းချက်များ စာအုပ်။**

# စေတုတ္တရာမြို့နယ်၌ ကျေးရွာချင်းဆက် မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**စေတုတ္တရာ ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် စေတုတ္တရာမြို့နယ်၌ ကျေးရွာချင်းဆက် မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၈ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးယုလွင်၊ အရည်အသွေး စစ်ဆေးရေးအဖွဲ့ဝင်များနှင့်ဝန်ထမ်းများက ကျေးရွာချင်းဆက်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ငဖဲ-စေတုတ္တရာမြို့နယ်ချင်းဆက်လမ်းမှ ကြီးဝကျေးရွာသို့ဆက်သွယ်သည့် ကျေးရွာချင်းဆက် မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ သတ်မှတ်အရည်အသွေး ပြည့်မီမှုရှိ၊ မရှိ သိရှိနိုင်ရန်အတွက် လမ်းသိပ်သည်းမှု တိုင်းတာခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားသည်။

ငဖဲ-စေတုတ္တရာမြို့နယ်ချင်းဆက်လမ်းမှ ကြီးဝကျေးရွာသို့ဆက်သွယ်သည့်လမ်း အရှည် နှစ်မိုင် လေးဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ ကျေးရွာချင်းဆက် မြေနီလမ်းခင်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၉၅ ဒသမ ၅၄၄ သန်းဖြင့် U-42 Group ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၂ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအားလုံးပြီးစီးပါက ကြီးဝကျေးရွာ၊ တယ်ဇားကျေးရွာ၊ တောင်ကုန်းကျေးရွာ၊ ပဲရင်းကိုင်းကျေးရွာ၊ အင်းကုန်းကျေးရွာတို့ရှိ အိမ်ခြေ ၃၀၇ အိမ်မှ လူ ၁၂၂၂ ဦးတို့ သွားလာရေးလွယ်ကူစေမည်ဖြစ်ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးယုလွင်က ပြောပြ၍ သိရသည်။

**ကိုညီ**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီးသွားရောက်



**နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၉**

နိုင်ငံတော် ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များကို အနားယူအပန်းဖြေခရီးစဉ်အဖြစ် ရောဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့သည် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ရောက်ရှိကြပြီး မြတ်ကျောင်းတော်ပုသိမ်ထီးလုပ်ငန်းကို သွားရောက်ကြည့်ရှုလေ့လာကာ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုခဲ့ကြသည်။ ညနေပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ရောက်ရှိကြရာ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။ ထို့နောက် ချောင်းသာ အပန်းဖြေဧည့်ရိပ်သာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ အသီးသီးပြောကြားကြပြီး ဒေသထွက် စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံ၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။



**ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက အပန်းဖြေခရီး လာရောက်ကြသည့် အရာရှိ စစ်သည်များကို ရင်းနှီးနွေးထွေးစွာ ကြိုဆိုစဉ်။**

၂၁ **ရှေ့ဖုံးမှအဆက်**

ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီ ၁၀ ရက်ကို **"ကချင်ပြည်နယ်နေ့"** အဖြစ် သတ်မှတ်ပြဋ္ဌာန်း၍ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် ၇၆ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ကချင်ပြည်နယ်တွင် ဂျိန်းဖော၊ လာချိဒ်၊ လော်ဝေါ်၊ လီဆူ ၊ ရဝမ်၊ ဇိုင်ဝါး စသည့် ကချင်မျိုးနွယ်စုများနှင့်အတူ တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းခမ်းတီ၊ တိုင်းဆာ၊ တိုင်းလေ စသည့် ရှမ်းမျိုးနွယ်စုများနှင့် ဗမာတိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုများအပါအဝင် လူဦးရေ စုစုပေါင်း ၁၇ သိန်းကျော် အတူတကွ ချစ်ကြည်ရင်းနှီးစွာဖြင့် စုပေါင်းနေထိုင်လျက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာအကအလှများ၊ စာပေယဉ်ကျေးမှု ဓလေ့ထုံးစံများမှာ လှပခံ့ညားကျက်သရေရှိသည်သာမက တိုင်းရင်းသားဝတ်စုံများနှင့် စုပေါင်းညီညာစွာကပြသည့် မနောအကသည် ကချင်တိုင်းရင်းသားတို့၏ နှစ်သက်မြတ်နိုးဖွယ်ရာ စည်းလုံးညီညွတ်မှုကိုဖော်ပြသည့် ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်ပါသည်။

ထို့ပြင် အဖိုးတန်သယံဇာတတန်ဖိုးရှိရတနာများ ပေါများကြွယ်ဝကာ သာယာလှပသည့် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်ကောင်းများနှင့် စိုက်ပျိုးဖြစ်ထွန်းသည့် ရေခံမြေခံကောင်းမွန်သော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး ဆီးနှင်းများ ဖုံးအုပ်လျက်ရှိသည့် ရေခဲတောင်များ၏လှပမှုနှင့် အင်းတော်ကြီးအိုင်၊ မြစ်ဆုံတို့၏ သာယာမှုတို့သည် ပြည်နယ်၏ထင်ရှားသောအလှအပသဘာဝများဖြစ်ပါသည်။

ကချင်ပြည်နယ်သည် သဘာဝကဖန်တီးပေးထားသည့် သယံဇာတအခြေခံကောင်းများစွာရှိပြီးဖြစ်ရာ ၎င်းသဘာဝအလှတရားများနှင့် သယံဇာတထွက်ကုန်များကို အခြေပြု၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ပါက ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ တာဝန်ယူဆောင်ရွက်လျက်ရှိသောကာလဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို စတင်တာဝန်ယူသည့်အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ငြိမ်းချမ်းသာယာဝပြောသည့်အနာဂတ်ကို ရည်မှန်းလျက် ကောင်းမွန်သည့်ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိပါသည်။ **"တိုင်းပြည်သာယာဝပြောရေး"** နှင့် **"စားရေရိက္ခာဖူလုံရေး"**ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ဦးတည်ထားရှိပြီး**"စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး"** နှင့် **"ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး"**ကို နိုင်ငံရေးရည်မှန်းချက်အနေဖြင့် ချမှတ်ထားရှိပါသည်။ ချမှတ်ထားသည့် ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ပြည့်ဝစေရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများနှင့်လက်တွဲပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အမျိုးသားရေးရည်မှန်းချက်များနှင့် နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်းတိုင်းရင်းသားများ၏ အသိဉာဏ်ပညာပြည့်စုံမှုများဖြင့် ဆောင်ရွက်နိုင်ရန် အရေးကြီးသဖြင့် ပညာရေးမြှင့်တင်မှုကို အထူးအားပေးစေလိုပါသည်။

နိုင်ငံတော်က ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍများအပါအဝင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အစီအမံများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် သဘာဝထွက်ကုန်များဖြစ်သော သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကိုအခြေခံသည့် MSME လုပ်ငန်းများကို မြှင့်တင်အားပေးပြီး ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

> **ကချင်ပြည်နယ်မှ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအပါအဝင် နိုင်ငံနှင့်လူမျိုးကို အမှန်တကယ်ချစ်မြတ်နိုးကြသည့် တိုင်းရင်းသားပြည်သူများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပါဝင်ကြိုးပမ်းတည်ဆောက်. . .**

ကချင်ပြည်နယ်အနေဖြင့် ရှိပြီးဖြစ်သောသဘာဝအရင်းအမြစ်များကိုထိန်းသိမ်းပြီး စနစ်တကျဖြင့် ကုန်ချောအဖြစ်ထုတ်လုပ်မှုကို တိုးမြှင့်နိုင်မည်ဆိုပါက ပြည်နယ်အတွင်းလိုအပ်ချက်ကို ဖူလုံစေမည့်အပြင် ပြည်တွင်းလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် နယ်စပ်ဒေသလည်းဖြစ်၍ ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက ဒေသခံများ၏ လူမှုစီးပွားဘဝအဆင်ပြေတိုးတက်မည့်အပြင် နိုင်ငံအတွက် ဝင်ငွေလည်း တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် တပ်မတော်အပါအဝင် တိုင်းရင်းသားပြည်သူများနှင့်အတူပူးပေါင်းပြီး စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ကို အရင်းတည်ကာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အမျိုးသားနိုင်ငံရေးတာဝန်များအဖြစ် ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပါသည်။

မိမိတို့ပြည်သူအားလုံး မျှော်မှန်းတောင့်တသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန် မရှိမဖြစ်လိုအပ်သည့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရရှိစေရန် NCA လမ်းကြောင်းအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ **မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်**ပါသည်။ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်သောစုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

လွတ်လပ်ရေးရပြီးချိန်ကတည်းကစပြီး ယခုအချိန်ထိ ကချင်ပြည်နယ်အပါအဝင် အထူးသဖြင့် နယ်စပ်ဒေသ၊ တိုင်းရင်းသားများနေထိုင်ရာဒေသများတွင် တည်ငြိမ်အေးချမ်းမှုမရှိခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများမှာ လွတ်လပ်ရေး၏အရသာကို အပြည့်အဝမခံစားရသေးဘဲ လူမှုဒုက္ခများကို ရင်ဆိုင်နေကြရဆဲဖြစ်ပါသည်။ ထိုကဲ့သို့သောအဖြစ်ဆိုးကို မိမိတို့၏လက်ထက်တွင် ချုပ်ငြိမ်းစေပြီး ထာဝရငြိမ်းချမ်းရေးနှင့်အတူ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံကိုတည်ဆောက်ပြီး အနာဂတ်အတွက် ကောင်းမွန်သည့်အမွေကို လွှဲပြောင်းပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း အသိပေးတိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် **ကချင်ပြည်နယ်မှ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအပါအဝင် နိုင်ငံနှင့် လူမျိုးကို အမှန်တကယ်ချစ်မြတ်နိုးကြသည့် တိုင်းရင်းသားပြည်သူများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပါဝင်ကြိုးပမ်းတည်ဆောက်**သွားကြရန် အလေးအနက်ထားတိုက်တွန်းရင်း (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့သို့ ဤဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၉**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် ဦးခွန်ဥက္ကာနှင့် ဦးမျိုးဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ KNU/ KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)မှ ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) မှ တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) ခွန်မင်းသိန်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ ဆက်ဆံရေးဌာနမှူး စောကျော်သန်းဌေး၊ မွန်ပြည်သစ်ပါတီ (NMSP)မှ ဗဟိုဖွံ့ဖြိုးရေးဌာန ဒုတိယတာဝန်ခံ နိုင်ညီညီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)မှ ဗဟိုဦးစီးကော်မတီဝင် နန်းစံဖောင်းတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုယ်စား KNU/ KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများရှိရာဒေသများတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော် ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**



# မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ(Quick Impact Projects-QIP) အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး




**နေပြည်တော် ဇန်နဝါရီ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာနှစ်စောင် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr.Ashish Sharma နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma က နားလည်မှုစာချွန်လွှာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr.Ashish Sharma တို့က နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

Quick Impact Projects(QIP) သည် စီမံချက်တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးခွင့်ပြုပေးပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် အိန္ဒိယသမ္မတနိုင်ငံအစိုးရက ပံ့ပိုးကူညီပေးခြင်းဖြစ်သည်။

အဆိုပါ နားလည်မှုစာချွန်လွှာများအရ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်ရှိ တိုက်ရုံကျေးရွာအနီး ကုန်းမြင့်လယ်ယာဘက်စုံသုံးခန်းမ ၆၀ × ၃၀ × ၁၂ ပေ Steel Structure တစ်ထပ်တည်ဆောက်ခြင်း၊ လဟယ်-နန်းယွန်း ၃ မိုင် ၆ ဖာလုံ လမ်းခွဲမှ လောင်ကျန်းနောက်ကုန်း-တိုက်ရုံ-လန်ထိန်လမ်းခွဲကြား ပေ ၂၀ နှစ်လွှာ တစ်ထပ်ဘေလီတံတား တစ်စင်းနှင့် ၅ × ၅ × ၂၆ ပေ Box Culvert လေးစင်း တည်ဆောက်ခြင်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ ဖူးမြော်ကြည်ညို



**နေပြည်တော် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၁၀၉ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များကိုယ်စား ဂေါပကအဖွဲ့ဝင်တစ်ဦးက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားပြောကြားပြီး ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ဗုဒ္ဓဥယျာဉ်တော်အတွင်းကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်း လေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီးတည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများနှင့်အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

အလားတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပုဗ္ဗသီရိမြို့နယ် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ မော်လမြိုင်မြို့ သီလရှင်စာသင်တိုက်မှ ဆရာလေးများနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ရဟန်းရှင်လူပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိ





MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ရဟန်းရှင်လူပြည်သူများက ကန့်ကွက်ရှုတ်ချနေမှုကို တွေ့ရစဉ်။



MNDAA အကြမ်းဖက်သောင်းကျန်းသူများက ဘုရားစေတီပုထိုးများအား ဖျက်ဆီးနေစဉ်။



**နေပြည်တော် ဇန်နဝါရီ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ဆီအောကျေးရွာ၏ မြောက်ဘက်ပို့စ်-၂၂၀၂ တောင်ကုန်း(ဆင်ဦးကင်းကုန်း)ပေါ်ရှိ ဒေသခံပြည်သူများနှင့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီတစ်ဆူအား MNDAA အကြမ်းဖက်သောင်းကျန်းသူများက သံတူဖြင့် ထု၍ စေတီအား ဖြိုချဖျက်ဆီးနေသည့် ဓာတ်ပုံများနှင့်ဗီဒီယိုဖိုင်များ လူမှုကွန်ရက်စာမျက်နှာများပေါ်၌ ယခုရက်ပိုင်းအတွင်း ပျံ့နှံ့လျက်ရှိသည်ကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိရသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ရဟန်းရှင်လူပြည်သူများက ကန့်ကွက်ရှုတ်ချနေမှုကို တွေ့ရစဉ်။

အဆိုပါလောက်ကိုင်မြို့နယ် ဆီအောကျေးရွာသည် ဗုဒ္ဓဘာသာဝင်များ အများစုနေထိုင်လျက်ရှိပြီး ကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းလည်း တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရှိရသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်းကြမ်း၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ ကွမ်းလုံမြို့နယ်တို့အတွင်း တိုက်ပွဲများဖော်ဆောင်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာမှ ယခုအခါ ဗုဒ္ဓဘာသာဝင်များအထွတ်အမြတ်ထားရာ ဘုရားစေတီများကို ဖြိုချဖျက်ဆီးခြင်းများပြုလုပ်၍ ဗုဒ္ဓဘာသာအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခြင်းများ လုပ်ဆောင်နေသည်ကို တွေ့ရှိရသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း တိုက်ပွဲဖြစ်ပွားခဲ့သည့် ဒေသတစ်လျှောက်တွင်ရှိသည့် စစ်ရေးနှင့်မသက်ဆိုင်သော ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးလျက်ရှိသဖြင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လုံးဝလက်မခံနိုင်ဘဲ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ဆီအောကျေးရွာ၏မြောက်ဘက် ပွိုင့်-၂၂၀၂တောင်ကုန်း(ဆင်ဦးကင်းကုန်း)ပေါ်ရှိ ဒေသခံပြည်သူများနှင့် ဗုဒ္ဓဘာသာဝင်များအတွက်အမြတ်ထားရာ စေတီတစ်ဆူအား MNDAA အကြမ်းဖက်သောင်းကျန်းသူများက ဖျက်ဆီးခဲ့မှုနှင့်ပတ်သက်ပြီး အများပြည်သူက ပြင်းထန်စွာကန့်ကွက်ရှုတ်ချနေမှုများ၊ အကြမ်းဖက်သောင်းကျန်းသူများ၏ ၁၀ နှစ်အရွယ် ကလေးငယ်များပါမကျန် အတင်းအဓမ္မလူသစ်စုဆောင်းနေမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Sun Weidong အား လက်ခံတွေ့ဆုံခဲ့မှုခရီးစဉ်အတွင်း နှစ်နိုင်ငံဆွေမျိုးပေါက်ဖော်ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့်ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအပြင်ချင်းပလုယ်ဆွေးနွေးခဲ့သည့်အခြေအနေများ၊ မြဝတီမြို့အနီးရှိ အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ KNU မှ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဖြောင်လိမ်ဖြောင်စား ကြေညာချက်ထုတ်ပြန်မှု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ တိုင်းရင်းသားပြည်သူများ၊ မိသားစုဝင်များလုံခြုံရေးအတွက် ဦးစားပေးဆောင်ရွက်နေမှုအခြေအနေများ၊ အကြမ်းဖက်သောင်းကျန်းသူများ၏ တရုတ်ဘာသာဖြင့်အသုံးပြုသည့် လူမှုကွန်ရက်စာမျက်နှာများတွင် ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဝင်ရောက်ရေးသားကန့်ကွက်မှုများနှင့်ပတ်သက်၍**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ လောက်ကိုင်ဒေသ စီအောကျေးရွာရဲ့ မြောက်ဘက် ဆင်ဦးကင်းတောင် ပွိုင့် ၂၂၀၂ မှာရှိတဲ့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တိုင်းအမြတ်တနိုးတန်ဖိုးထားတဲ့ ဘုရားစေတီတော်ကို MNDAA အကြမ်းဖက်သောင်းကျန်းသူတွေက ဖျက်ဆီးနေတဲ့ပုံကို မနေ့ကတည်းက လူမှုကွန်ရက်စာမျက်နှာတွေမှာ ပျံ့နှံ့နေတာတွေ့ရပါတယ်။ ဒီနေ့မှာတော့ မန္တလေးမြို့မှာ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆန္ဒပြမှုများလည်းရှိပါတယ်။ ဒီတင်ထားတဲ့ ဗီဒီယိုဖိုင်ကိုကြည့်တဲ့အခါမှာလည်း ဗုဒ္ဓဘာသာဝင်အားလုံးကို လှောင်ပြောင်စော်ကား၊ ဘာသာရေးကို စော်ကားတဲ့ပုံစံ၊ မြန်မာတစ်မျိုးသားလုံးကို စော်ကားတဲ့ပုံစံတင်ထားတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သောင်းကျန်းသူတွေဘက်ကတော့ အကြောင်းအမျိုးမျိုးပြကြတာပေါ့။ သို့သော်ယခင်ကတည်းက ဘုရားစေတီတွေ၊ ကျောင်းကန်တွေကို သောင်းကျန်းသူတွေအနေနဲ့ ဖျက်ဆီးတဲ့အထောက်အထားအများအပြားရှိပါတယ်။ အနီးစပ်ဆုံးပြောရရင် မူဆယ်မြို့အဝင်မှာရှိတဲ့ ရပ်တော်မူဘုရားကျောင်းဝင်း၊ ဘုန်းကြီးကျောင်းဝင်းကို Drop Bomb နဲ့ အကြောင်းမဲ့ပစ်ချခဲ့တာတွေရှိပါတယ်။ ဒါ့အပြင် အခြားသောသောင်းကျန်းသူတွေအနေနဲ့လည်း ဗုဒ္ဓဘာသာဝင်ဘုရားစေတီတွေအပေါ်မှာ အကာအကွယ်ယူပြီး ပစ်ခတ်တာတွေ၊ ခံစစ်စခန်းလုပ်တာတွေ လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒီလိုဖြစ်တဲ့ပုံစံတွေကသူတို့ပြောနေတဲ့ ဒီမိုကရေစီအရေး၊ ဖက်ဒရယ်ပြည်ထောင်စုအရေးနဲ့ လားလားမျှ သက်ဆိုင်ခြင်းမရှိပါဘူး။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေအပေါ်မှာ သက်သက်စော်ကားခြင်း၊ စော်ကားပြခြင်းဖြစ်ပါတယ်။ ဒါတွေ ဘာကြောင့်ဖြစ်ရလဲဆိုတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတွေကြားထဲမှာ သွေးကွဲနေမှုတွေကို သပ်လျှိုတာ၊ သွေးကွဲနေမှုတွေအပေါ်မှာအခွင့်ကောင်းယူတာဖြစ်ပါတယ်။ ဒါတွေကိုသတိရှိကြဖို့လိုပါတယ်။ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ သူတို့ခေတ္တရရှိသွားတဲ့ နယ်မြေတွေမှာ လူသစ်စုဆောင်းတာတွေ အတင်းအဓမ္မဆောင်ရွက်လျက်ရှိကြောင်း တွေ့ရပါတယ်။ ကွတ်ခိုင်နဲ့တစ်ဝိုက်မှာဆိုရင် ၁၀ နှစ်အရွယ်ရှိတဲ့ ယောကျ်ားလေးဆိုရင် သောင်းကျန်းသူတပ်ဖွဲ့ထဲမှာ ပညာသင်ပေးမယ်၊ ပညာရရမယ်ဆိုပြီး ဆွဲဆောင်စည်းရုံးနေတာတွေရှိပါတယ်။ အတင်းအဓမ္မလူသစ်စုဆောင်းတာတွေရှိပါတယ်။ ဒါကြောင့် အဲဒီဒေသတွေမှာရှိနေတဲ့ နေရပ်စွန့်ခွာပြီး ထွက်ပြေးလာကြတဲ့လူတွေများပြားနေတာကိုလည်းတွေ့ရပါတယ်။ သူတို့လွှမ်းမိုးထားတဲ့နယ်မြေအတွင်းမှာရှိနေတဲ့ ယောကျ်ားလေးဆိုရင် တိုက်ခိုက်ရေးတပ်ထဲဝင်ရမယ်။ အမျိုးသမီးတွေဆိုရင် အထောက်အကူပြုတပ်ဖွဲ့ Drone တပ်ဖွဲ့ထဲဝင်ရမယ်ဆိုပြီး အတင်းအဓမ္မလူသစ်စုဆောင်းနေတာတွေကိုလည်းတွေ့ရပါတယ်။ ဒါတွေက ကျွန်တော်တို့နိုင်ငံမှာ အကြမ်းဖက်သောင်းကျန်းသူတွေ အမြတမ်းဆောင်ရွက်နေတဲ့ အရာတွေဖြစ်ပါတယ်။ ဒီဖြစ်စဉ်အမှန်တွေကိုလည်း ပြည်ဖျက်မီဒီယာတွေကဖုံးဖိပြီး ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ နောက်တစ်ချက်ကတော့ တရုတ်နိုင်ငံရဲ့ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr.Sun Weidong မြန်မာနိုင်ငံကိုလာရောက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနဲ့ တွေ့ဆုံခဲ့တာရှိပါတယ်။ ဒီနေရာမှာတော့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားပြီးဆွေးနွေးနိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပုံမှန်သတင်းစာရှင်းလင်းပွဲမှာလည်း ပြောရေးဆိုခွင့်ရှိသူအနေနဲ့ မြန်မာနိုင်ငံမြောက်ပိုင်းပဋိပက္ခတွေနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံရဲ့ရပ်တည်ချက်ကို ပြောကြားသွားတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို တရုတ်နိုင်ငံအနေနဲ့ အမြဲတမ်းအခိုင်အမာထောက်ခံအားပေးပြီးပြဿနာဖြစ်အောင် လှုံ့ဆော်နေတဲ့ဘယ်အဖွဲ့အစည်းကိုမှ ထောက်ခံမှာမဟုတ်ပါဘူးလို့ ပြောကြားခဲ့တာရှိပါတယ်။ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများဟာ မြန်မာနိုင်ငံမှာရှိတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးရဲ့ အကျိုးစီးပွားအတွက်ဖြစ်ပြီး တရုတ်-မြန်မာနယ်စပ်ငြိမ်းချမ်းရေးကို ထိန်းသိမ်းရာမှာ အထောက်အကူဖြစ်စေရမယ်လို့ ပြောကြားခဲ့တာရှိပါတယ်။



ဗိုလ်ချုပ်ဇော်မင်းထွန်း (သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မြေပြင်အခြေအနေမှာတင်းမာမှုတွေပြေလျော့ပြီးတော့မှ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အစပျိုးဖို့ မြန်မာနိုင်ငံမြောက်ပိုင်းအခြေအနေများ ပြန်လည်တည်ငြိမ်စေဖို့ပူးပေါင်းဆောင်ရွက်ကြမယ်လို့ ပြောကြားခဲ့တာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ယခင်ကတည်းက ကျွန်တော်တို့ရဲ့ နိုင်ငံရေးရည်မှန်းချက်ထဲမှာ ပြည်ထောင်စုစနစ်နဲ့၊ ဖက်ဒရယ်စနစ်နဲ့ သွားဖို့အတွက် ကျွန်တော်တို့ရည်မှန်းထားပြီးဖြစ်ပါတယ်။ ဒီဟာတွေသည် နိုင်ငံရေးအရ တောင်းဆိုရမယ့်အရာဖြစ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့အစိုးရအနေနဲ့ ပွင့်လင်းစွာပြောဆိုပြီးဖြစ်ပါတယ်။ သို့သော် ခုနကပြောသလို လက်နက်ကိုင်သောင်းကျန်းမှု၊ လက်နက်ကိုင်နယ်မြေလုမှုတွေကနေလက်နက်ကိုင်ပြီး ဘာသာရေးကိုပါစော်ကားတဲ့ တစ်မျိုးသားလုံးအမြတ်တနိုးထားတဲ့ ဘာသာရေးကိုပါ စော်ကားတဲ့အပြုအမူများနဲ့ သွေးတိုးစမ်းလာတာတွေသည် မြန်မာပြည်သူလူထုတစ်ရပ်လုံးအတွက် မြန်မာပြည်သူတစ်ရပ်လုံးကိုစော်ကားခြင်း၊ မြန်မာပြည်သူလူထုတစ်ရပ်လုံးအတွက်များစွာသော စိတ်ထိခိုက်မှုဖြစ်ရပါတယ်။ ဒါတွေကို ကျွန်တော်တို့အနေနဲ့ ပြန်လည်ပြီးတွန်းလှန်သွားရမယ်။ ပြန်လည်ပြီး သွေးစည်းသွားရမယ်။ ပြန်လည်ပြီးညီညွတ်သွားရမှာဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ဝင်ရောက်ဆောင်ရွက်ကူညီပေးတာကို မြန်မာနိုင်ငံအနေနဲ့အမြဲတမ်းကျေးဇူးတင်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ယခင်တုန်းက ကျွန်တော်တို့ပြောနေကြဖြစ်တဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ် အေးအတူပူအမျှအသိုက်အဝန်းထူထောင်ရေးဒီမူဝါဒတွေကို လက်ခံထားတဲ့အပြင် တရုတ်နိုင်ငံသမ္မတကြီးရှီကျင့်ဖျင်ရဲ့ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ၊ လုံခြုံရေးအစီအမံ၊ လူသားယဉ်ကျေးမှုအစီအမံအကောင်အထည်ဖော်ခြင်းတွေကို မြန်မာနိုင်ငံအနေနဲ့ ထုတ်ပြန်ပြီးမကြာခင်မှာပဲ ဦးစွာထောက်ခံမှုပြုခဲ့တဲ့ နိုင်ငံဖြစ်ကြောင်းလည်း ပြောလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကျွန်တော်တို့ရဲ့မူဝါဒအတိုင်းပဲ အိမ်နီးနားချင်းနိုင်ငံနဲ့ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ ပြည်သူလူထုအပေါ်မှာ အကျိုးစီးပွားထိခိုက်အောင်လုပ်တဲ့ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်ကိုမှ မြန်မာမြေပေါ်မှာ အခြေချပြီး လုပ်ကိုင်ခွင့်ပေးမှာမဟုတ်ပါဘူး။ နောက်တစ်ခုကတော့ ကေကေပတ်ကိစ္စဖြစ်ပါတယ်။ မြဝတီမြို့ရဲ့တောင်ဘက်မှာ ကေကေပတ်ဆိုတဲ့နေရာတစ်ခုရှိပါတယ်။ ဒီနေရာသည် KNU နဲ့ ကုမ္ပဏီတစ်ခုနဲ့ လက်မှတ်ထိုးပြီးတည်ဆောက်ခဲ့နေရာဖြစ်ပါတယ်။ ဒီနေ့မှာ KNU အနေနဲ့ ပညာတတ်ထုတ်တဲ့ပုံစံမျိုးလုပ်ခဲ့တာ တွေ့ရပါတယ်။ ဖြောင်လိမ်ဖြောင်စားလုပ်တဲ့ ပုံစံမျိုးလုပ်ခဲ့တာတွေ့ရပါတယ်။ မြဝတီမြို့အနီးမှာရှိတဲ့ အွန်လိုင်းလိမ်လည်မှုကျားဖြန့်ကိစ္စတွေနဲ့ပတ်သက်ပြီး ထိုင်းနိုင်ငံအစိုးရ၊ တရုတ်အစိုးရတို့နဲ့ပူးပေါင်းပြီး ဆောင်ရွက်မယ်ဆိုတဲ့ဟာမျိုး ထုတ်ပြန်ခဲ့တာရှိပါတယ်။ ဖြောင်လိမ်ဖြောင်စားလုပ်ဆောင်ခြင်းသာ ဖြစ်တယ်လို့ ကျွန်တော်ပြောကြားလိုပါတယ်။ အဲ့ဒီမှာ နာမည်ကြီးနေတဲ့ အွန်လိုင်းလောင်းကစားမှု၊ လူမှောင်ခိုလုပ်မှုနာမည်ကြီးနေတဲ့ ကေကေပတ်ဆိုတာသည် သူတို့နဲ့ကုမ္ပဏီတစ်ခုနဲ့ လက်မှတ်ထိုးပြီးတည်ဆောက်ထားတဲ့ နေရာသာဖြစ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့အားလုံးသတိရှိရမှာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ လတ်တလောမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသမှာတော့ မိသားစုဝင်များလုံခြုံရေးအတွက် ဦးစားပေးပြီး လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်တာတွေကို လုပ်ဆောင်ခဲ့ရတာတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း အချိန်အခါကိုက်ပြီး ပြည်ဖျက်မီဒီယာများ၊ အဖွဲ့အစည်းအမျိုးမျိုးက တပ်မတော်ကိုသွေးခွဲလှုံ့ဆော်နေတာတွေတွေ့ရှိရပါတယ်။ သပ်လျှိုသွေးခွဲနေတာတွေလည်းတွေ့ရပါတယ်။ဒါ့အပြင် ခုနကပြောသလိုမြန်မာနိုင်ငံအတွင်းမှာ မြန်မာအချင်းချင်းမညီညွတ်မှုကိုအကြောင်းပြုပြီး သပ်လျှိုသွေးခွဲမှုမျိုးစုံ လုပ်နေတာရှိပါတယ်။ ဒီလိုသွေးကွဲမှုတွေကြောင့်ပဲ ဒီနေ့ဒီအချိန်မှာတစ်မျိုးသားလုံးတန်ဖိုးထားရတဲ့ ဘာသာတရားကို တိုက်ရိုက်ထိပါးစော်ကားတဲ့အပြုအမူမျိုးတွေအထိ လုပ်လာတာတွေ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ ဒီဟာတွေသည် ဒါတွေနဲ့ပတ်သက်ပြီး ပြည်ပမီဒီယာတွေမှာလည်း အမျိုးမျိုးရေးသားနေတာတွေ့ရပါတယ်။ MNDAA၊ TNLA သောင်းကျန်းသူတွေနဲ့ပတ်သက်ပြီး လော်ဘီလုပ်နေတဲ့ တရုတ်လူမှုကွန်ရက်စာမျက်နှာများကိုလည်း တွေ့ရပါတယ်။ ဒီလူမှုကွန်ရက်စာမျက်နှာတွေကို သွားရောက်လေ့လာကြည့်တဲ့အခါမှာ ဒီမြန်မာနိုင်ငံထဲမှာရှိတဲ့ သတင်းတွေကို ဒီ MNDAA၊ TNLA ကိုယ်တိုင်ဦးစီးပြီးလုပ်ဆောင်နေတာတွေ့ရမယ်။ သို့သော် အဲ့ဒီမှာ ထူးခြားချက်က ကျွန်တော်တို့မြန်မာပြည်တွင်းမှာပဲ နေထိုင်နေတဲ့၊ ဒီနယ်မြေတွေမှာ လက်တွေ့နေထိုင်နေတဲ့တရုတ်လူမျိုးတွေ၊ တရုတ်စာတတ်တဲ့သူတွေက အောက်မှာကွန်းမန့်တွေ ရေးထားတာတွေ့ရပါတယ်။ အဲ့ဒီကွန်းမန့်တွေကို လေ့လာကြည့်တဲ့အခါမှာ သူတို့ရဲ့သဘောထားတွေနဲ့မတူဘဲ လုံးဝဆန့်ကျင်နေတာကိုတွေ့ရပါလိမ့်မယ်။ သူတို့အနေနဲ့ လွတ်မြောက်ရေးဆိုတဲ့စကားတွေ၊ ကျားဖြန့်တိုက်ဖျက်ရေးဆိုတဲ့ စကားတွေ တွင်တွင်သုံးစွဲပေမယ့် အဲဒီမှာလက်တွေ့ရှိနေတဲ့ တရုတ်နိုင်ငံသားတွေ၊ တရုတ်စကားတတ်တဲ့သူတွေအနေနဲ့ ဒါတွေသည် ကျားဖြန့်ကိုအကြောင်းပြတဲ့ လိမ်လည်မှုတွေသာဖြစ်တယ်။ ဘာမှငါတို့နယ်မြေလွတ်မြောက်စရာမရှိဘူး။ငါတို့နယ်မြေသည် အရင်ကတည်းကတိုင်ငါတို့နေတဲ့နေရာတွေသည် လွတ်မြောက်ပြီးသားဖြစ်တယ်။ ဒီ MNDAA၊ TNLA သောင်းကျန်းသူတွေလုပ်လို့သာ ငါတို့ရဲ့စီးပွားရေး၊ လူမှုရေး ပျက်ပြားရတယ်။ ဒါ့အပြင် Comment တွေကို ထောက်ခံတဲ့သူတွေအပေါ်မှာလည်း ထပ်ပြီးဒီထောက်ခံတဲ့သူတွေအနေနဲ့ မြန်မာနိုင်ငံရဲ့အရေးကို ဘာမှမသိဘဲနဲ့ ထောက်ခံနေတာဖြစ်တယ်။ လက်တွေ့မြေပြင်မှာသိတာငါတို့ပဲရှိတယ်။ ငါတို့သည် မြန်မာပြည်သူတွေနဲ့ တစ်သွေးတစ်သားတည်းဖြစ်တယ်။ မြန်မာပြည်မှာနေထိုင်လာတာလည်း ကြာပြီဆိုတဲ့ အရေးအသားမျိုးတွေကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါတွေသည် နယ်မြေခံလူထုမှာဖြစ်ပျက်နေတဲ့ အခြေအနေတွေပဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံရေးပါတီတွေနဲ့တွေ့ဆုံတဲ့အခါမှာလည်း ပြောခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်သူလူထုလုံခြုံရေး၊ နယ်မြေဒေသလုံခြုံရေးအတွက် ပြည်သူ့လုံခြုံရေးစနစ်၊ ပြည်သူ့ကာကွယ်ရေးစနစ်တွေကို တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပိုမိုပြီးလုံခြုံတဲ့၊ ပိုမိုပြီးကာကွယ်နိုင်တဲ့စနစ်များကို ကျွန်တော်တို့ တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ အဓိကလိုအပ်ချက်က ကျွန်တော်တို့ပြည်သူလူထုပဲဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ပြည်သူ့လုံခြုံရေးစနစ်၊ ကာကွယ်ရေးစနစ်တွေမှာ မိမိတို့တတ်စွမ်းသမျှ ပါဝင်ခြင်းဖြင့် နိုင်ငံတော်၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ ကျွန်တော်တို့တန်ဖိုးထားရတဲ့ ဘာသာတရားကို ကာကွယ်စောင့်ရှောက်သွားဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ညောပြင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးနေပြီး ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ညောပြင်ရွာကို ဇန်နဝါရီ ၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးနေပြီး ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သတင်းတု၊ သတင်းမှားများကို Khit Thit Media က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇန်နဝါရီ ၈ ရက်တွင် လောင်းလုံးမြို့နယ် ညောပြင်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၃၇၀၀ ခန့်၌ အနီးဝန်းကျင်ကျေးရွာများကို မီးရှို့ဖျက်ဆီးနေသည့် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းလှုပ်ရှားနေကြောင်း အကြမ်းဖက်မှုကို မလိုလားသည့်ဒေသခံပြည်သူများ၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများသည် ၎င်းတို့ အခြေပြုနေထိုင်သည့်တဲများကို မီးရှို့ ထွက်ပြေးသွားခဲ့ကြောင်းနှင့် လက်လုပ်မိုင်းများ၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား အထင်အမြင်လွဲမှားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။

## ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်မှာ အရပ်သားများကို စစ်မှုထမ်းရန် တပ်မတော်က အုပ်ချုပ်ရေးမှူးများကတစ်ဆင့် တောင်းခံနေကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ဇန်နဝါရီ ၅ ရက်က တပ်မတော်မှ အုပ်ချုပ်ရေးမှူးများကိုခေါ်ယူကာ အသက် ၁၈ နှစ်မှ ၅၅ နှစ်ကြား အမျိုးသားများကို ကျေးရွာတစ်အုပ်စုလျှင် ၁၀ ဦးပေးရမည်ဟု စစ်မှုထမ်းအင်အားများ တောင်းခံနေ




ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ တပ်မတော်က ဒေသခံပြည်သူများကို စစ်မှုထမ်းဆောင်ရန် အင်အားတောင်းခံခြင်းနှင့် အတင်းအဓမ္မစစ်မှုထမ်းဆောင်ခိုင်းခြင်းမရှိပါကြောင်း၊ ကောလာဟလသတင်းများကို မသမာသူများက လုပ်ကြံပြောဆိုနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် တပ်မတော်၏ဂုဏ်သိက္ခာကျဆင်းစေပြီး ပြည်သူများက အထင်အမြင်လွဲမှားစေရန်အတွက် ကောလာဟလသတင်းများကို လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် လုပ်ကြံရေးသားပြီး အကြောက်တရားများ၊ အမုန်းတရားများကို လေလှိုင်းပေါ်မှ တစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် ပြည်သူများကို လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Htet Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်နေ ထက်လွင်အား ညနေ ၃ နာရီခွဲတွင်လည်းကောင်း၊ "Aungmyo Tun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် စမ်းချောင်း(မြောက်)ရပ်ကွက်နေအောင်မျိုးထွန်း(ခ)အာနိုးအား ည ၈ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Thu Riza" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၅၇)ရပ်ကွက်နေ စိုးဝင့်ငယ်အား ယင်းနေ့ည ၁၂ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ် ၆၄၅ သိန်း တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water များနှင့် ခြောက်လုံးပြူးသေနတ် တစ်လက် ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၉**

ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မျိုးသက်ကို မောင်းနှင်လာသည့် Probox အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းရှိ စက္ကူချပ်ဖာအတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water ၅ ဒသမ ၉၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် အချိန်စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် စိုင်းကောရ (ခ)စိုင်းခမ်းမတ်အား နမ့်စန်မြို့အဝင် နမ့်စန်-ခိုလမ်သွား ကားလမ်းတွင် TOYOTA CROWN မော်တော်ယာဉ် တစ်စီး၊ ခြောက်လုံးပြူးသေနတ် တစ်လက်၊ ၎င်းကျည် ၂၃ တောင့်နှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မိုးသက်ကို (ခ)ဘိုင်ဘိုင်းအား လွိုင်လင်မြို့ အမှတ်(၂) ရပ်ကွက်ရှိ ၎င်း၏နေအိမ်၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် မျိုးသက်ကို ၃၇ နှစ်၊ စိုင်းကောရ(ခ) စိုင်းခမ်းမတ် ၂၉ နှစ်နှင့် မိုးသက်ကို(ခ)ဘိုင်ဘိုင်း ၂၆နှစ်တို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



မျိုးသက်ကို၊ မိုးသက်ကို(ခ)ဘိုင်ဘိုင်းနှင့် စိုင်းကောရ(ခ)စိုင်းခမ်းမတ်တို့ကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး Happy Water များနှင့်အတူ တွေ့ရစဉ်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ပညာဖြင့် တည်ဆောက်ကြရာဝယ်"** ခေါင်းစဉ်ဖြင့် ၁၀-၁-၂၀၂၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရပေါင်းကာကွယ်ကောလာဟလအန္တရာယ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အရောင်စွန်းအကျႌ

စိုးကိုး(ကုမ္မိ)



(၁)

"မရောင်းပါနဲ့လား သားရယ်။ နေကပူပူ၊ ကားတွေကလဲ ရှုပ်ရှုပ်။ ပြီးတော့ လမ်းဘေးစရိုက်တွေ ကူးလာမှာလဲ အမေစိုးရိမ်တယ်။ ကျောင်းဖွင့်ရင် သားလိုချင်တာ အမေ အကုန်ဝယ်ပေးပါ့မယ်"

"မဟုတ်တာ အမေရယ်။ အိမ်နောက်ဖေး ရင်ကွဲပင်က သရက်သီးတွေ အလကားဖြစ်မှာစိုးလို့ ရောင်းတာပါ။ ချစ်စုမလဲ ပါနေတာပဲ စိတ်ချပါအမေရာ"

"အေး တားမရလဲ ရောင်းတော်။ သမီး သမီး သူငယ်ချင်းကို သေချာဂရုစိုက်လိုက်အုံးနော်"

အမေသည် ကျွန်တော့်ကိုဂရုစိုက်ပေးရန် ချစ်စုမကို သေချာမှာနေသည်။

"စိတ်ချပါ အန်တီ။ သမီးသွားတဲ့နောက် သူ့ကို ခေါ်သွားမှာပါ"

ချစ်စုမသည် ကျွန်တော်နှင့် အိမ်နီးနားချင်း ဖြစ်သလို၊ အတန်းဖော် သူငယ်ချင်းလည်း ဖြစ်၏။ သူ့ကို အမေက ယုံကြည်သည်။ အရွယ်နှင့် မလိုက်အောင် အိမ်အတွက် အားကိုးရသောကြောင့် ထင်သည်။ သုံးတန်းအရွယ်ကတည်းက ကျောင်းပိတ်ရက်တိုင်း ဈေးဗန်းခေါင်းပေါ်ရွက်ပြီး ဈေးရောင်းခဲ့သူ။ ရာသီပေါ် ဟင်းသီးဟင်းရွက်အစုံကို သူ့အဖေက ရှာဖွေခူးပေးသည်။ သူက လှည့်လည်ရောင်းချ၏။ ယခုခြောက်တန်းပြီးသည်ထိ ချစ်စုမသည် အိမ်မှာ ထမင်းဟင်းချက်လည်း သူ၊ အဝတ်လျှော်လည်းသူ၊ အငယ်သုံးယောက်ကိုလည်း ထိန်းကျောင်းသူဖြစ်သည်။

ကျွန်တော့်အဖေနှင့်အမေက သူ့မိဘတို့လို ကလေးအများကြီး မမွေး၍တော်သေးသည်။ ကျွန်တော် တစ်ဦးတည်းဖြစ်သဖြင့် အစစအရာရာ သူတို့ထက် သာလွန်သေး၏။ အဖေက ပွဲရုံတွင် ကုန်ထမ်းသလို အမေကလည်း ပွဲရုံမှ နေ့စားအလုပ်သမတစ်ဦးဖြစ်၏။ ကလေးတစ်ဦးတည်းသာရှိသောကြောင့် သာမန်အားဖြင့် ပြေလည်နိုင်သည်။ သို့သော် အမေ့တွင် ကာလရှည်ကြာ စွဲကပ်နေသော ပန်းနာရင်ကျပ်ရောဂါကြောင့် ဆေးဖိုးဝါးခက ထောင်းနေ၏။ ဆေးရုံကောင်းကောင်း မတက်နိုင်သဖြင့် ရှိသမျှဆေးမြီးတို အကုန်ဝယ်သောက်သည်။ သိသမျှ တိုင်းရင်းဆေးဆရာ အကုန်ပြသည်။ သို့သော် အမေ့ရောဂါက မထူးခြားလာပေ။ ဆောင်းတွင်းရောက်လာလျှင် ပိုမိုဆိုးသေး၏။

အဖေ့မှာ အလုပ်က ပင်ပန်းသော်လည်း အနားမယူရဲခဲ့။ မနားရက်ခဲ့ပေ။ အမေကလည်း ရောဂါသက်သာလာလျှင် သက်သာသလို အလုပ်တန်းဆင်းတတ်သည်။ ထိုသို့ အဖေနှင့်အမေ တက်ညီလက်ညီကြိုးစားကြသော်လည်း ငွေပို ငွေလျှံဟူ၍စိုးစဉ်းမျှမရှိ။ ကျောင်းအပ်ချိန်ရောက်လျှင် အမေ့မှာ ထဘီလေးများ ပေါင်လိုက်၊ ကြွေပန်းကန်ပြားလေးများ ရောင်းချလိုက်ဖြင့် ကျောင်းအပ်ခဲ့ရသည်။ ထို့ကြောင့် ကျောင်းအပ်ခနှင့် ကိုယ်ဝယ်ချင်သည့် အရာလေးတစ်ခု ဝယ်နိုင်အောင် အချဉ်ပေါင်းရောင်းရန် စိတ်ကူးမိသည်။ အကောင်အထည်ဖော်ရန် ချစ်စုမကို အပူကပ်ရ၏။ သူက နွေရာသီ ကျောင်းစပိတ်ကတည်းက ကားဂိတ်တွင် ဈေးဗန်းရွက်ပြီး ဈေးရောင်းနေသူဖြစ်သည်။ အမေက ခွင့်ပြုလိုက်သဖြင့် သူ့ကို ကျေးဇူးတင်ရမည်။

(၂)

ကျွန်တော်၏ ဈေးသည်ဘဝအစ ပထမရက်အတွက် စိတ်ပူပြီး ဘယ်လိုမှ ညာလူးဖြင့် ထိုညက ကောင်းကောင်းမအိပ်စက်နိုင်ခဲ့ချေ။ လင်းကြက်တွန်ပြီးခါမှ မှေးခနဲ အိပ်ပျော်သွား၏။

"ကြီးပွားအုံးမယ်၊ တိုးတက်အုံးမယ် ကာလနဂါးကြီးရေ"

အခန်းတံခါးပေါက်ဝမှ ချစ်စုမ၏ အသံစာစာကြောင့် လန့်နိုးလာရသည်။

"ညက ရင်တွေတုန်ပြီး အိပ်မရလို့ပါဟ"

"နင်ကလဲ ပိုပြီ။ ဈေးဗန်းရောင်းတာကို စာမေးပွဲအောင်စာရင်းထွက်တာကျနေတာပဲ။ ငှက်ပျောသီးအခွံနွှာစားရတာမှ ခက်နေအုံးမယ်"

"နင်က နှစ်တိုင်းရောင်းနေကျဆိုတော့ ဟုတ်တာပေါ့။ ဒီက ဈေးသည်အသစ်လေ"

မျက်နှာသစ်ပြီး သနပ်ခါးပါးကွက်ကျားကို ထူထူလိမ်းလိုက်၏။ ကျောင်းအင်္ကျီအဖြူများထဲမှ အရောင်အဆင်း အတောက်ပြောင်ဆုံးဖြစ်သည့် တစ်ထည်ကို ဘောင်းဘီတိုဖြင့် ဝတ်ဆင်လိုက်သည်။ အမေခူးခပ်ပြင်ဆင်ပေးထားသော ထမင်းကြမ်း၊ ပဲပြုတ်သုပ်နှင့် ငါးပိဖုတ်ထောင်းတို့ကို စား၏။ ထမင်းကြမ်းခဲက ထမင်းအိုးပူပူထဲမှာ အုံးထား(ထည့်ထား)သဖြင့် နွေးနွေးလေးဖြစ်နေ၏။

"နင်ကော စားပြီးပြီလား။ မစားရသေးရင် တစ်ခါထဲ အတူတူစားရအောင်"

"ငါက စားပြီးတာဖြင့် ကြာပေါ့။ လူကိုများ နင့်လို အိပ်ပုပ်ကြီး ထင်နေလား။ စား မြန်မြန် နေမြင့်နေပြီ။ တော်ကြာ နောက်ကျနေလို့ နင့်အချဉ်ပေါင်းတွေ မကုန်ဘဲ နေအုံးမယ်"

"ဖက် ဖက် လွဲပါစေ၊ ဖယ်ပါစေ။ မဦးမချွတ် ပထမဦးဆုံး ဈေးရောင်းမဲ့ ရက်ကြီးကို"

"ဟား ဟား ဟား ဆရာဝန်ကြီးဖြစ်အောင်လုပ်မဲ့သူကလဲ အယူသီးလိုက်တာနော်။ မိန်းမကြီး ကျနေတာပဲ"

အမေပြင်ဆင်ပေးထားသော အချဉ်ပေါင်း ဗန်းထဲမှ သရက်သီးဖက်ကလေးများသည် ဆိုးဆေးအဝါရောင်လေးဖြင့် ပန်းသင့်နေ၏။ နံနက်ခင်းပိုင်းတွင် အားစိုက်၍ နှစ်ဦးသား ကားကြိုကားကြား ပတ်ရောင်းကြသည်။ နေအပူရှိန်မပြင်းသေးခင် စောစောကုန်စေချင်၏။ ကျွန်တော်တို့မြို့လေးသည် ရန်ကုန်နှင့် မန္တလေးကားလမ်းမကြီးဟောင်းဘေးတွင် ရှိသည်။ ထို့ကြောင့် ဈေးဗန်းရောင်းသည့်အလုပ်တစ်ခု ထွန်းကားရာ အရပ်ဒေသတစ်ခုဖြစ်ပေ၏။

ငွေကြေးတချို့ လက်ထဲစီးလာသောအခါ လောဘဇောနှင့် ကားကြိုကားကြားများထဲ အတင်းတိုးဝင်၊ တိုးထွက် ရောင်းချမိသည်။ ကားကြားထဲမှအထွက် ကားဘော်ဒီစောင်းနှင့် ဈေးဗန်းပွတ်တိုက်မိသည်။ ထိုအခါ အချဉ်ပေါင်းဗန်းထဲမှ အရည်အနည်းငယ် ခန္ဓာကိုယ်ပေါ်သို့ ဖိတ်စဉ်ကျကုန်၏။ ချစ်စုမသာ သိလျှင် "ဖြစ်မှာပေါ့။ နင်ကိုက ဟျာယာခတ်လွန်းတယ်"ဟု ပေါက်ပေါက်ဖောက်နေလိမ့်မည်။

(၃)

"အန်တီ ဘာဟင်းတွေနဲ့ ထမင်းချိုင့် ထုပ်ပေးနေတာလဲ"

"သမီးရဲ့ သူငယ်ချင်းကြိုက်တဲ့ အမဲသားပြုတ်ကြော်နဲ့ ချေတ်သီးဆားထောင်းလေးပါ။ သမီးကော ဘာဟင်းတွေနဲ့ ထုပ်လာလဲ"

"အကြော်သုပ်ပါ အန်တီ"

နံနက်စာ စားသောက်ပြီးလျှင် ဈေးဗန်းရွက်ကာ ထမင်းချိုင့်ကိုယ်စီဖြင့် ကားဂိတ်သို့ ထွက်လာခဲ့ကြ၏။ ကားဂိတ်တွင် ကားပါးနေသဖြင့် ဈေးရောင်းမကောင်းပေ။ ထိုအခါ ဈေးသည်ပါးဝနေသော ချစ်စုမက ဈေးဘက်သွားရောင်းကြရန် ပြောသည်။ ကျွန်တော်တို့မြို့၏ဈေးသို့ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ လာရောက်ဈေးဝယ်ကြ၏။ ထို့ကြောင့် ဈေးပေါက်တွင် ကားများ၊ ထော်လာဂျီများဖြင့် စည်ကားလှသည်။ နေ့လယ် ထမင်းစားချိန်မှ ကားဂိတ်ဘက်သို့ ပြန်လာခဲ့ကြသည်။

"သားတို့ ဟင်းတွေကလဲ ခြောက်ကပ်နေတာပဲ ကြာဆံဟင်းတစ်ပွဲ လာယူလိုက်"

"တော်ပြီ ဦးလေး။ နေပါစေ"

"အားနာမနေပါနဲ့ကွာ။ ဘဝတူတွေအချင်းချင်းပဲ"

မည်သို့ပင် ငြင်းနေစေကာမူ ကြာဆံဟင်းခါးသည်ဦးလေးကြီးက ကြာဆံဟင်း တစ်ပန်းကန် အတင်းလာချပေးသွားသည်။ ထိုဦးလေးကြီးသည် ဆိုင်းထမ်းကိုထမ်း၍ တစ်နေကုန် ခြေတိုသည်ထိ ကားကြိုကားကြားထဲ ပတ်ရောင်းရ၏။ ညောင်းကိုက်မှုဒဏ်ကြောင့် ညနေရောက်တိုင်း အညောင်းအညာပြေဟုဆိုကာ အရက်သောက်တတ်သည်။ တစ်ခါတလေ တစ်နေကုန်ဈေးမရောင်းဘဲ အရက်ဆိုင် သို့မဟုတ် ဘီလိယက်ခုံတို့တွင် အချိန်ဖြုန်းတတ်သည်။

ဈေးဗန်းရွက်၍ရောင်းသော အန်တီကြီးတချို့သည်လည်း ညနေတိုင်း နှစ်လုံးဖိုးပေးရသဖြင့် အရင်းကျန်ရန်ကိုမလွယ်။ သို့သော်လည်း နှစ်လုံးထိုးခြင်းကို ဘယ်သောအခါမှ မရပ်တန့်။ နှုတ်ကလည်း ကြမ်းတမ်းသေး၏။ ၎င်းတို့သည် ခရီးသည်များက အချဉ်ပေါင်း ဝယ်ယူလိုလျှင် ကျွန်တော့်ကိုသာ အမြဲတမ်းခေါ်ပေးကြသည်။ နှုတ်ကြမ်း၊ ကိုယ်ကြမ်းသော်လည်း နှလုံးသားတို့က မကြမ်းတမ်းပေ။ အမေပြောသော လမ်းဘေးစရိုက်များသည် အကောင်းနှင့်အဆိုး၊ ခေါင်းနှင့်ပန်းလို ဒွန်တွဲနေကြသည်။ ဈေးသည်အချင်းချင်း ဖေးမကူညီပေးမှုတို့ကြောင့် ကျွန်တော့်စိတ်ကူးလေးများလည်း အကောင်အထည်ဖော်နိုင်ရန် နီးစပ်လာလေ၏။

(၄)

"ကျောင်းပြန်ဖွင့်ဖို့ သိပ်မလိုတော့ဘူးနော် ဆက်ပိုင်"

"အေး ဟုတ်တယ်နော်။ ကျောင်းတက်ရမှာတွေးပြီး ပျော်လိုက်တာ"

"ငါလဲ အတူတူပဲ။ ဒါနဲ့နေပါအုံး နင်က ဘာဝယ်ဖို့ ပိုက်ဆံတွေစုနေရတာလဲ"

"အဲဒါတော့ ဘယ်ပြောလို့ဖြစ်မလဲ။ ကျောင်းဖွင့်တော့ နင်သိရမှာပေါ့"

"အမယ်လေးဟယ် ကြီးကြီးကျယ်ကျယ်နဲ့"

ထိုစဉ် "ကျွီ"ဆိုသည့် ဘရိတ်အုပ်သံနှင့်အတူ ခရီးသည်တင်ကားတစ်စီး ဆိုက်ရောက်လာသည်။ ချစ်စုမသည် စကားပြောနေရန် အချိန်မရှိသဖြင့် ဈေးဗန်းကို ရွက်၍ ကားဆီသို့ ထွက်သွားခဲ့၏။ ကျွန်တော်ကလည်း ကိုယ့်စိတ်ကူးအိပ်မက်အတွက် အတင်းကုန်းရုန်းထလာခဲ့လိုက်သည်။

"ဒီမှာ စားမယ်၊ ဒီမှာ နားမယ်။ မြန်မာထမင်းဟင်းတွေ ရမယ်။ ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ ထမင်းကြော်၊ ရှမ်း၊ ဆီချက်၊ မြီးရှေ၊ ပေါက်စီ၊ ကော်ဖီ၊ အအေးဆိုင်ထဲမှာ သုံးဆောင်နိုင်ပါတယ်။ အပေ့ါ၊ အပါးသွားချင်လဲ ဆိုင်နောက်မှာသွားလို့ရတယ်နော်"

"ကြာဆံဟင်းခါး၊ မုန့်ဟင်းခါး ပူပူလေးရမယ်"

"ပဲစိမ်းကြော်၊ ငုံးဥပြုတ်၊ ကြက်ဥပြုတ်နဲ့ စာကလေးချေးကြော်တွေ ရတယ်။ အစ်ကိုရေ ယူအုံးမလား"

ဆိုင်ထဲမှ စားပွဲထိုးလေး၏အော်သံ၊ ဆိုင်းထမ်းသည်(ဆိုင်းတွဲဖြင့်ထမ်းပိုးရောင်းချသူ)၏အသံ၊ ခေါင်းရွက်ဗန်းသည်တို့၏ အသံများဖြင့် ကားဂိတ်လေးသည် တစ်ခဏအတွင်း ဆူညံပွက်သွား၏။ ၎င်းတို့၏ အော်သံများကြောင့် ကျွန်တော်သည်လည်း ကားတံခါးပေါက်နားကပ်၍ -

"အချဉ်ပေါင်းရမယ် အချဉ်ပေါင်း။ အမှုးပြေ၊ အနောက်ပြေ အချဉ်ပေါင်းတွေရမယ်။ အန်တီ ယူအုံးမလား"ဟု အော်ဟစ်ရောင်းချမိသည်။

ဈေးသည်ဘဝအစက အော်၍ရောင်းရမည်ကို ရှက်ကြောက်နေသေး၏။ ယခုအခါတွင်မူ အသားကျလာခဲ့သည်။ ပိုက်ဆံများလည်း စုဘူးလေးထဲအတော်အတန် စုဆောင်းမိလာသဖြင့် ပို၍ပျော်ရွှင်ရသေး၏။

(၅)

ညနေအိမ်သို့ ပြန်လာကြသောအခါ အိမ်ပေါက်ဝတွင် အသင့်စောင့်ဆိုင်းနေသော ချစ်စုမ၏အမေကို တွေ့ရသည်။ သူ၏ပြောစကားတို့က ကျွန်တော့်ရင်ဝကို အရှိန်ပြင်းစွာထိုးဝင်လာသည့်လက်သီးချက်များအလား။

"ဆက်ပိုင်ရေ သားရဲ့အဖေ ကုန်တင်ရင်း ကုန်းပေါင်ပေါ်က ပြုတ်ကျလို့တဲ့။ သားရဲ့အမေလဲ ဆေးရုံကို

စာမျက်နှာ ၂၅ သို့ ➤

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၅၀၈ ဧက စိုက်ပျိုးပြီးစီး



**ရွှေဘို ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၆၅၀၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၄၆၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၅၀၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုခရိုင်မှာ နေကြာဧက ၆၄၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ အခု ဧက ၆၅၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ နေကြာစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့မျိုးတွေစိုက်ပျိုးဖို့ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၄၇၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၄၄၅ဧက၊ ဝက်လက်မြို့နယ်တွင် ၄၄၃၉ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၄၉ ဧက စုစုပေါင်း ၆၅၀၈ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၄၄၈ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၄၄၁ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၄၃၉ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၃၈ ဧက စုစုပေါင်း ၆၄၆၆ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ရွှေဘိုခရိုင်အတွင်း နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အချိန်မှီ့တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# စလင်းမြို့နယ် တောင်ဘိုရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**စလင်း ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ရာသီမရွေးသန့်ရှင်းသော သောက်သုံးရေလွယ်ကူစွာရရှိအသုံးပြုနိုင်ရန် ရည်ရွယ်၍ တောင်ဘိုရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာများ အဖွဲ့သည် တောင်ဘိုရွာသစ်ကျေးရွာ ရေရရှိရေး ကော်မတီဝင်များနှင့်အတူ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲစေရေး အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

တောင်ဘိုရွာသစ် ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ အိမ်တိုင်ရာရောက်ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၃၃၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် စေတုတ္တရာ ချင်းတိုင်းရင်းသားများ ဖွံ့ဖြိုးရေးကုမ္ပဏီက ၂၀၂၃ခုနှစ် ဇွန် ၁၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းသန်းရိုး**

➤ စာမျက်နှာ ၂၄ မှအဆက်

လိုက်သွားတယ်။ ပြီးတော့"

သူ၏စကားကို ဆုံးအောင်ထိ နားမထောင်နိုင်ပါ။ ရင်ထဲ၌ တင်းကျပ်လွန်းလာခဲ့သည်။ တစ်ဆို့ဆို့ဖြင့် အသက်ရှူ၍ပင် မဝ။ ဈေးဝန်းကို ပစ်ချထားခဲ့ပြီးလျှင် ဆေးရုံသို့ ပြေးထွက်လာခဲ့သည်။ အားစိုက်ပြေးသော်လည်း ခရီးမရောက်သလို စိတ်ထဲခံစားရသည်။ ဆေးရုံသို့ ရောက်ရန် အလွန်ကြာလွန်းသည်ဟု ထင်မိသည်။ ဆေးရုံသို့ရောက်သောအခါ အဖေ့ခုတင်ဘေးတွင် မျက်ရည်လေး ခပ်ဝဲဝဲဖြင့် အမေ့ကိုတွေ့ရ၏။ ခုတင်ထက်မှ အဖေ၏ ညာဘက်ခြေထောက်တွင် ကျောက်ပတ်တီးဖြင့် ဖြစ်နေသည်။ ဦးခေါင်းထက်မှာလည်း ပတ်တီးဖြူဖြူနှင့် တွေ့ရသည်။

"အမေ အဖေ့ဒဏ်ရာက များလား"

"ညာဘက်ခြေထောက်က ကျိုးသွားတယ်။ ခေါင်းလဲ နည်းနည်းပေါက်သွားသေးတယ်"

"ဘယ်လိုဖြစ်တာလဲ အမေ"

"ဘာဖြစ်ရမလဲ သားရယ်။ ကုန်တင်တာ ပြီးခါနီးတော့ ကားရဲ့အမိုးကိုင်းပေါ်ထိ ကုန်းပေါင်ထောင်တက်ကြတာ။ လူသစ်နှစ်ယောက်က မတက်ရဲတော့ မင်းအဖေနဲ့အခြားတစ်ယောက်က ထမ်းတက်ကြတယ်။ ကြာလာတော့ ခြေကုန်လက်ပန်းကျပြီး ကုန်းပေါင်ပေါ်က ချော်ကျတာပေါ့"

အမေ၏ ဖြေကြားသံတို့တွင် အဖေ့အပေါ် ဘဝင်မကျသည့် အရိပ်ရောင်တို့ တွေ့ရ၏။ ကုန်တင်ရှိသည့် နေ့များတွင် အလုပ်သမားများသည် လုပ်အားခကို ပုတ်ပြတ်ရကြသည်။ နေ့စားမဟုတ်သဖြင့် ရသမျှပိုက်ဆံကို အညီအမျှ ခွဲဝေယူကြရသည်။ အချို့သူများသည် သက်သာသော အလုပ်နေရာများကိုသာ ရွေးယူတတ်ကြ၏။ တံမြက်လှည်းသလိုလို၊ အိတ်ပင့်သလိုလို၊ ကုန်းပေါင်(ကုန်ထမ်းရာတွင် ကားပေါ်သို့တက်ရန် အသုံးပြုရသည့် လှေကား)ပေါ် မတက်တတ်သလိုလိုဖြင့် အမျိုးမျိုးပြုမူရှောင်ရှားတတ်ကြလေ၏။ ထိုအခါမျိုးတွင် အဖေသည် အမြဲတမ်းပင်ပန်းသည့်နေရာကပဲ ဦးဆောင်လုပ်ကိုင်တတ်သည်။ အလုပ်သမားခေါင်းပီသပါလေစွ။ လူမညီသော်လည်း ပိုက်ဆံခွဲဝေယူသည့်အခါ အညီအမျှရကြ၏။

ယခုလို အနာတရ ဖြစ်သည့်အခါ လခစားဝန်ထမ်းမဟုတ်သဖြင့် ဆေးကုသစရိတ်လည်းမရ။ ဒဏ်ရာက ပြန်လည်သက်သာလာလျှင်လည်း ယခင်ကကဲ့သို့အကောင်းပကတိဖြစ်ရန်မလွယ်။ အလုပ်မဆင်းနိုင်လျှင် စားသောက်ဖို့က အခက်အခဲရှိ၏။ ပိုဆိုးသည်က တစ်နေ့တစ်ခါ ရှင်းရသော ဆေးဖိုးဝါးခများကြောင့် အမေဒုက္ခကြုံနေရခြင်းဖြစ်သည်။ အမေသည် တဖြည်းဖြည်း ပိန်ပါးလာသော ပိုက်ဆံအိတ်လေးကို မကြာခဏ ထုတ်ကြည့်နေတတ်သည်။

"အမေ ပိုက်ဆံလိုရင် သားရဲ့စုဘူးလေးကို ဖောက်လိုက်ပါနော်"

"မဖောက်ရက်ပါဘူးသားရယ်။ ငါ့သားက တစ်လကျော်ကျော်လောက် ခြေတိုအောင်ဈေးပတ်ရောင်းထားရတာ။ မသုံးရက်ပါဘူးသားရယ်။ အမေ ရှာကြံကြည့်လိုက်ပါအုံးမယ်"

"နေ့ပြန်တိုးတော့ မယူပါနဲ့ အမေ။ တော်ကြာ အကြွေးသံသရာထဲက ရုန်းမထွက်နိုင် ဖြစ်နေပါအုံးမယ်။ သားရဲ့စုဘူးလေးသာ ဖောက်လိုက်ပါနော်"

အမေသည် နောက်ဆုံးတွင် မငြင်းသာဘဲ ချုံးပွဲချငိုကြွေးလျက် လက်ခံလိုက်ရသည်။ နှုတ်မှလည်း "လိမ္မာလိုက်တဲ့ အမေ့သားလေး"ဟု တတွတ်တွတ် ရေရွတ်ပြောဆိုနေ၏။

(၆)

နံနက် အိပ်ရာထကတည်းက နှာခေါင်းထဲမှာ စံပယ်ပန်းရနံ့များ မွှေးပျံ့နေသည်။ အိမ်ရှေ့ ရေတွင်းဘေးရှိ စံပယ်ရုံတွင် အပွင့်လေးများ ဖြူဖြူဖွေးဖွေးဖြင့် ပင်လုံးကြွင်စွာ ဖူးပွင့်နေလေ၏။ ခူးရက်စရာ တစ်စက်ကယ်မျှမရှိ။ သို့သော်လည်း အမေဘုရားပန်းလှူရန်နှင့် အတန်းပိုင်ဆရာမကို ပေးရန်အတွက် ခြင်းတစ်ခြင်းစာ ခူးလိုက်သည်။ ထို့နောက် သေတ္တာထဲမှ အကောက်ပဆုံး ကျောင်းဝတ်စုံ တစ်စုံကိုလည်း ဝတ်ဆင်လိုက်၏။ နံနက်စာ စားသောက်ပြီးသောအခါ အမေသီကုံးပေးထားသော စံပယ်ပန်းကုံးလေး လက်ကဆွဲလျက် ချစ်စုမနှင့်အတူ ကျောင်းသို့ထွက်လာခဲ့ကြသည်။

ပထမဦးဆုံး ကျောင်းဖွင့်ရက်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူတိုင်း၏ ခန္ဓာကိုယ်ပေါ်တွင် ကျောင်းဝတ်စုံအသစ်လေးများဖြင့် သစ်လွင်တောက်ပနေကြ၏။ ကျောင်းဝတ်စုံ အသစ်တစ်စုံနှင့် ကျောင်းအပ်ခရရှိရန်အတွက် နွေရာသီကျောင်းပိတ်ရက်များတွင် အချဉ်ပေါင်း ရောင်းခဲ့သည်။ သို့သော် ကံကြမ္မာက အပြည့်အဝမျက်နှာသာမပေးခဲ့သဖြင့် ဆန္ဒတို့မပြည့်ဝခဲ့ပေ။ ကျောင်းအပ်ခသာ ရရှိခဲ့၏။ ယခင်နှစ်များကဲ့သို့ အမေ့ထဘီများနှင့် ပန်းကန်ပြားတို့ကို မရောင်းချခဲ့ရခြင်းသည်ပင် တော်သေး၏။ ကျွန်တော့်ရင်ဘတ်ထက်ရှိ အင်္ကျီဖြူဖြူလေးပေါ်တွင် အစွန်းအထင်းငယ်လေးတချို့ စွဲကျန်ရစ်နေသည်က အမှတ်တရဖြစ်ရ၏။

## ပြုံးလိုက်တော့ ဇန်နဝါရီ

\- ပြုံးလိုက်တော့ ဇန်နဝါရီ၊
အချစ်စစ်တွင် ရွှေကြိုးတန်းတော့
နှစ်သစ်အဝင် ဝေဖြိုးပန်းတို့
နန်းထိုက်တော့သည်၊
စိတ်ရှုခင်း စိန်ပန်းချီ
ထိန်ညီညီ ရွှန်းလဲ့လဲ့၊
ကောင်းကင်ယံ ပြာနုနုက
ဆောင်းသခင်ထံ အမှာပြု
မြတ်မှုကို ဖွဲ့။

\- ပြုံးလိုက်တော့ ဇန်နဝါရီ၊
စိတ်မမှန် ရှုးသွပ်မိုးလည်း
မာန်ကျိုးသွားပြီ၊
တို့တိုင်းနဲ့ တို့ပြည်
အလှကိုယ်စီ ပိုင်ဆိုင်ထား၊
အရွယ်သစ်လွင် သန့်သန့်ရှင်း
နယ်ရှစ်ခွင် ပျံ့ပျံ့သင်းတော့
ပန်းသတင်း များ။

\- ပြုံးလိုက်တော့ ဇန်နဝါရီ၊
တို့နိုင်ငံ တို့တွေချစ်လို့
စစ်ဆို ရှောင်မည်၊
သစ္စာလည်း စိုက်တည်
တို့ရွှေပြည် တို့စောင့်ရှောက်၊
သမုဒ္ဒိုးလို အချိုများဖွဲ့
သူ့အကျိုးကို လိုလားခဲ့တော့
ချစ် ဘွဲ့ဂုဏ်မြောက်။

\- ပြုံးလိုက်တော့ ဇန်နဝါရီ၊
ပြက္ခဒိန် လွဲပြောင်းချိတ်လို့
အောင်စိတ် မွေးပြီ၊
အနာဂတ် လှစေရည်
မြတ်အလီလီ စုပေါင်း၊
အချစ်စစ်ဖော် "ရွှေ" မဖက်ပါဘု
နှစ်သစ်ပေါ် သပြေခက်ရယ်နဲ့
(အပြုံးတွေမြဲဖို့ )
ဖျန်း ပက်လိုက်ကြောင်း။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ကျင့်ထုံးဥပဒေပုဒ်မ-၉၄ အရ စာတမ်းအမှတ်အသား သို့မဟုတ် ပစ္စည်းကို ရုံးတွင်တင်ပြခြင်း

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၉၄ တွင် အမှုစုံစမ်းခြင်း၊ စစ်ဆေးခြင်းပြုလုပ်ရာ၌ လိုအပ်သော စာတမ်းအမှတ်အသား သို့မဟုတ် ပစ္စည်းကို တရားရုံးတွင် တင်ပြရန် တစ်ဦးတစ်ယောက်အား အမိန့်ဆင့်ဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ သို့ရာတွင် ရာဇဝတ်တရားသူကြီးသည် မည်သည့်အရာဝတ္ထုပစ္စည်းကိုမဆို တင်ပြရန် တစ်စုံတစ်ယောက်အား ဆင့်ဆိုခြင်းမပြုပါ။ အမှုကို စုံစမ်းမှု သို့မဟုတ် စစ်ဆေးမှုတွင် အရေးပါအရာရောက်သော စပ်ဆိုင်မှု စပ်ဆက်မှု သက်သေခံအထောက်အထားအဖြစ် အသုံးပြုမှုအတွက် အမှန်လိုအပ်မှသာလျှင် စာတမ်းအမှတ်အသား သို့မဟုတ် ပစ္စည်းကိုတင်ပို့ရန် ဆင့်ဆိုပါသည်။

စစ်ဆေးကြားနာနေဆဲအမှုတစ်ခုတွင် တရားလိုက တရားခံလက်ဝယ်ရှိ ငွေစုစာအုပ်၊ ရတနာပစ္စည်းများကို တရားရုံးသို့တင်ပြရန် လျှောက်ထားချက်အပေါ် မူလရုံးက ခွင့်ပြုခဲ့ပါသည်။ တိုင်းတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းလာပြီးနောက် တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းလာသော အမှုတစ်ခုသည် ဥပဒေဗဟုသုတအလို့ငှာ သိသင့်သိထိုက်ပါသဖြင့် ရည်ညွှန်းကိုးကားရေးသားဖော်ပြပါဦးမည်။

အမှုမှာ မင်္ဂလာတောင်ညွန့်မြို့နယ် (၁၂၅) လမ်းနေ ဒေါ်တင်တင်မြက ပဲခူးတိုင်း ဖြူးမြို့နေ ဒေါ်ရီနှင့် ပုဇွန်တောင်မြို့နယ် (၅၁) လမ်းနေ ဦးတင်အေးတို့နှစ်ဦးသည် ဦးမောင်မောင်လေးထံတွင် အပ်နှံထားသော ကွယ်လွန်သူ ဒေါ်ရင်မေ ပိုင်ပစ္စည်းများကို ထုတ်ယူသွားသည်ဟုဆိုကာ လာရောက်ဖြေရှင်းရန် အကြောင်းကြားခဲ့သော်လည်း လက်မခံသောကြောင့် သေသူ ဒေါ်ရင်မေ၏ ကျန်ရစ်ပစ္စည်းများကို ဖျောက်ဖျက်ကိုယ်ကျိုးအတွက် ရယူထားသည်ဟုဆိုကာ ဒေါ်ရီနှင့် ဦးတင်အေးတို့ကို ဒေါ်တင်တင်မြက တရားလိုပြုလုပ်၍ ပုဇွန်တောင်မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ပါသည်။

မူလမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၀၄ အရ စွဲဆိုမှုတွင် တရားခံဒေါ်ရီ၏ လက်ဝယ်ရှိသော ငွေစုစာအုပ်သုံးအုပ်နှင့် ရတနာပစ္စည်း ၃၅ မျိုးကို တရားရုံးသို့ တင်ပြရာ တရားလို၏ လျှောက်ထားမှုကို ခွင့်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်)က မူလရုံး၏အမိန့်ကို ပယ်ဖျက်ခဲ့ပါသည်။ မူလရုံးတရားလို ဒေါ်တင်တင်မြက တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းခဲ့ပါသည်။

လျှောက်ထားသူ ဒေါ်တင်တင်မြ၏ရှေ့နေက ရထိုက်ခွင့်မရှိသောသူ၏ လက်ဝယ်တွင် ပစ္စည်းများရှိနေကြောင်း ထင်ရှားပေါ်ပေါက်နေပြီးဖြစ်သည့်အတွက် တရားရုံး၏ စီမံခန့်ခွဲမှုအောက်တွင်သာ ရတနာပစ္စည်းများကို ထားရှိသင့်ပါကြောင်း လျှောက်လဲခဲ့ပါသည်။ ဒေါ်ရီ၏ရှေ့နေက အမှုနှင့်မသက်ဆိုင်သော သက်သေခံပစ္စည်းများကို တရားရုံးက ထိန်းသိမ်းထားမည်ဆိုပါက လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုမရှိသည့်အပြင် ဒေါ်ရီတွင်သာ နစ်နာနိုင်ကြောင်း၊ ဒေါ်ရီသည် ပစ္စည်းအလွဲသုံးစားပြုလုပ်ခြင်းရှိ၊ မရှိကိုသာ အဓိကစဉ်းစားဆုံးဖြတ်ရမည်ဖြစ်ကြောင်း လျှောက်လဲခဲ့ပါသည်။ ရှေ့နေချုပ်ရုံးက မလိုလားအပ်သော ရှုပ်ထွေးမှုနှင့် ပြဿနာပေါ်ပေါက်လာနိုင်၍ ယခုအချိန်တွင် ရှိမြဲတိုင်းရှိနေစေခြင်းက ပိုမိုသင့်မြတ်လျော်ကန်ကြောင်း လျှောက်လဲခဲ့ပါသည်။



**တရားရုံးချုပ်၏ ခိုင်လုံသော ဆုံးဖြတ်ချက်**

အမှုတွင် အဓိကတင်ပြထားသော (သက်သေခံ-ည)စာရင်းရှိ ပစ္စည်းကိုပင် အခြေခံစွပ်စွဲသည့်အပြင် စာရင်းရှိပစ္စည်းများသည် ကွယ်လွန်သူ ဒေါ်ရင်မေနှင့် ဒေါ်စီစီတို့၏ ပစ္စည်းများဟု တရားလိုဘက်က ထွက်ဆိုထားသည်။ (သက်သေခံ-ည)စာရင်းစာအုပ်ကိုကြည့်လျှင် ပထမစာမျက်နှာတွင် "ကွယ်လွန်သူ မစီစီနှင့် အစ်မ မခင်မြင့်ပိုင် ဘဏ်ငွေစာရင်းစာအုပ်" ဟု ဖော်ပြထားသည်။

(က) စာရင်းအမှတ် SM 7288 ဦးလှမောင်+မစီစီ ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်ထိ လက်ကျန်ငွေ (၄၁၀၉၄ ကျပ်/၁၅ ပြား)

(ခ) စာရင်းအမှတ် SM 1108 ဦးလှမောင် ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်ထိ လက်ကျန်ငွေ (၂ ကျပ်/၂၆ ပြား)

(ဂ) စာရင်းအမှတ် SM 847 မစီစီ+မခင်မြင့် ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်ထိ လက်ကျန်ငွေ (၅၇၈၄၄၅ ကျပ်/၅၂ ပြား) အသီးသီးရေးသားထားသည်ကို တရားရုံးချုပ်က ဖော်ထုတ်စိစစ်ခဲ့ပါသည်။

လျှောက်ထားသူ ရှေ့နေ၏ တင်ပြချက်ပါ ဆွေမျိုးစဉ်ဆက်စာရင်းအရကြည့်လျှင် ဘဏ်ငွေစုစာအုပ်သုံးအုပ်သည် ဦးလှမောင်နှင့် ၎င်း၏သမီးများဖြစ်ကြသော ဒေါ်စီစီ၊ ဒေါ်ခင်မြင့် အမည်များဖြင့်ထားရှိသည်ကိုတွေ့ရပြီး **ဒေါ်ရင်မေ၏ အမည်ပါရှိသည်ကို မတွေ့ရကြောင်း၊ ထို့ပြင် ရတနာပစ္စည်းများမှာလည်း ကွယ်လွန်သူ ဒေါ်ရင်မေ တစ်ဦးတည်းပိုင်ပစ္စည်းဖြစ်ကြောင်း မတွေ့ရဘဲ ဒေါ်ရင်မေနှင့် ဒေါ်စီစီ၏ ပစ္စည်းများကိုရောပေါင်း၍ ဦးမောင်မောင်လေးထံ အပ်နှံခဲ့ကြောင်း** တရားလိုဘက် သက်သေထွက်ချက်များအရ ပေါ်လွင်သည်ကိုလည်း တရားရုံးချုပ်က စိစစ်ခဲ့ပါသည်။

ရာဇဝတ်တရားသူကြီးသည် မည်သည့်အရာဝတ္ထုပစ္စည်းကိုမဆို တင်ပြရန် တစ်ဦးတစ်ယောက်ကို ဆင့်ဆိုခြင်းမပြုကြောင်း၊ လိုအပ်မှသာ စာတမ်းအမှတ်အသား သို့မဟုတ် ပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ရန် ဆင့်ဆိုနိုင်ကြောင်း **အိပ်အိပ်နံ့စမ်အောဟာရ်ရာဘက်နှင့် အေအမ်ရှာကော့အမှု ၁၉၂၂ အိုင်အယ်အာရ် အတွဲ-၁၉ (ကာလကတ္တား)စာ-၆၄** စီရင်ထုံးကို ရည်ညွှန်းကိုးကားခဲ့ပါသည်။

မူလရုံးတရားခံ ဒေါ်ရီအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၀၄ အရ စွဲချက်တင်ခဲ့ပြီး တရားခံကို စစ်ဆေးမည့်အဆင့်သို့ ရောက်ရှိနေသဖြင့် တရားလိုအနေဖြင့် အမှုစစ်ဆေးရာတွင် အရေးပါအရာရောက်သော သက်သေခံချက်အဖြစ် တင်ပြရန် လိုအပ်သည့်ပစ္စည်းများဟု ကောက်ယူရန်ရှိတော့မည်မဟုတ်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

လျှောက်ထားသူ ဒေါ်တင်တင်မြနှင့် ၎င်းသက်သေများ၏ထွက်ဆိုချက်အရ ကွယ်လွန်သူ ဒေါ်ရင်မေနှင့် ဒေါ်စီစီပိုင် ပစ္စည်းများကို ဦးမောင်မောင်လေးထံ အပ်နှံခဲ့ကြောင်းသာ ထွက်ဆိုချက်ရှိပြီး ပစ္စည်းများနှင့်ပတ်သက်၍ မည်သည့်ပစ္စည်းသည် မည်သူပိုင်ကြောင်း အငြင်းပွားလျက်ရှိသည်ကို တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

ရာဇဝတ်တရားရုံးသည် နစ်ဖက်အမှုသည်တို့ အငြင်းပွားနေသော သက်သေခံပစ္စည်းနှင့်ပတ်သက်၍ မည်သူ၏လက်ဝယ်ထားသင့်သည်ကိုသာ ဆုံးဖြတ်ခြင်းဖြစ်သည်။ ၎င်းအမိန့်သည် အပြီးအပြတ်မဟုတ်ပေ။ တရားဝင်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရားမရုံးက အဆုံးအဖြတ်ပေးသည်။ **ကာဝစ်ချစ်တီးယားနှင့် ဗီလာရင်ချစ်တီးယား အမှု ၁၉၄၇ ရန်ကုန်စီရင်ထုံး စာ-၄၂၀ အမှု**ကို တရားရုံးချုပ်က ရည်ညွှန်းကိုးကားခဲ့ပါသည်။

ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်)က တိုင်တန်းသူ ဒေါ်တင်တင်မြကိုယ်တိုင် ထိုအမှု၌ မည်သည့်ပစ္စည်းသည် ဒေါ်ရင်မေပစ္စည်းဖြစ်သည်ဟု အတိအကျဖော်ပြနိုင်ခြင်းမရှိကြောင်း၊ ထိုပစ္စည်းများတွင် ဒေါ်စီစီဆိုသူပိုင်ပစ္စည်းများလည်း ပါဝင်သည်မှာ မြင်သာကြောင်း၊ ထိုကိစ္စ၌ ၎င်းပစ္စည်းများအပေါ် မည်သူတို့က မည်မျှစီရသင့်သည်ကို တရားမကြောင်းအရ ကျယ်ကျယ်ပြန့်ပြန့်ကြားနာစီရင်ဆုံးဖြတ်သင့်ကြောင်း အချင်းဖြစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ ရှိမြဲအတိုင်း ရှိနေခြင်းက ပိုမိုသင့်မြတ်လျော်ကန်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းမှုမရှိကြောင်း တရားရုံးချုပ်က သုံးသပ်ပြီး ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်)က အချင်းဖြစ်ငွေစုစာအုပ်သုံးအုပ်နှင့် လက်ဝတ်ရတနာပစ္စည်း ၃၅ မျိုးတို့ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၉၄ အရ တရားရုံးသို့ တင်ပြစေရန် ဆင့်ဆိုသည့် မူလရုံးအမိန့်ကို ပယ်ဖျက်ခဲ့ခြင်းမှာ ဥပဒေအရမှားယွင်းသည်ဟု မဆိုနိုင်ကြောင်း သုံးသပ်၍ ပြင်ဆင်မှုကို ပလပ်ခဲ့ပါသည်။ ဒေါ်တင်တင်မြနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ၂၊ ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၅၁၉(ခ)ကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။

**စိန်လှိုင်ပိုင်**

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၃၆၆၃ ဧက စိုက်ပျိုးပြီးစီး

**ကလေး ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၃၆၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၃၃၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ဇန်နဝါရီ ၈ ရက်ထိ ၃၆၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ကလေးခရိုင်မှာ ကြက်သွန်နီ ၃၃၂၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဇန်နဝါရီ ၈ ရက်ထိ ၃၆၆၃ ဧကထိ စိုက်ပျိုးပြီးပါပြီ။ လက်ရှိအချိန်မှာတော့ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ တစ်နှစ်ထက်တစ်နှစ် ကြက်သွန်နီစိုက်ပျိုးမှုကတော့ တိုးလာတာကို တွေ့ရပါတယ်။ ကြက်သွန်နီဈေးကွက်တွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ပေးနေတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက် ကြက်သွန်နီ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ဧက ၂၆၄၀၊ ကလေးဝမြို့နယ်တွင် ၂၁၆ ဧက၊ မင်းကင်းမြို့နယ်တွင် ၈၀၇ ဧက စုစုပေါင်း ၃၆၆၃ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၃၁၂ ဧက၊ ကလေးဝမြို့နယ်တွင် ဧက ၂၂၀၊ မင်းကင်းမြို့နယ်တွင် ၇၉၃ ဧက စုစုပေါင်း ၃၃၂၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီ အများဆုံးစိုက်ပျိုးကြသည့် မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘို၊ မြင်းမူမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။



(၂၀၆)

# ညိုဝင်း၏မှောင်လွန်းသောညများ

## ပုသိမ်အောင်သန်းဦး

ငတေးသုံးနှစ်သားအရွယ်တွင် ဖခင်ကွယ်လွန်သည်။ မိခင်နောက်အိမ်ထောင်ပြုသည်။ ရှစ်နှစ်သားအရွယ်တွင် မိခင်ကွယ်လွန်ပြန်သည်။ ပထွေးနောက်အိမ်ထောင်ပြုသည်။ ပထွေးမိန်းမက ငတေးကိုနှိပ်စက်သည်။ ခိုင်းသည်။ တစ်ည ငတေးအိမ်မှထွက်ပြေးသည်။ မိခင်နှင့်ဆွေမျိုးတော်စပ်သူ ဦးပဋ္ဌင်းထံ ပြေးခြင်းဖြစ်သည်။ ဗဟန်းတွင် သီတင်းသုံးကြောင်းသာသိသည်။ ဘွဲ့အမည်မသိ။ ကျောင်းမသိ၊ ညအချိန်ဖြစ်၍ ဦးပဋ္ဌင်းကို ရှာရန်ခက်သည်။ အချို့ဆိုင်ရိပ်အောက်ခိုရန် ကြံသော်လည်း သူခိုးဟုမသင်္ကာ၍ မောင်းထုတ်သည်။ ထို့ကြောင့် သစ်ပင်မြစ်ခေါင်းအုံးကာ စောင်ပါးလေးခြုံပြီးအိပ်သည်။ အိပ်နေချိန် သူခိုးလိုက်သံဆူဆူညံညံအသံများကြားသည်။

နံနက်မိုးမလင်းမီ သူအိပ်နေရာသို့ သူ့အရွယ်ကလေးလေးယောက် ရောက်လာသည်။ ခိုးယူလာသောပစ္စည်းများ ခွဲဝေယူကြသည်။ အဝေမတည့်သောအခါ ရန်ဖြစ်ကြသည်။ ခေါင်းဆောင်လုပ်သူကလေးက ငတေးကို သဘောကျသည်။ သူတို့နှင့်အတူ အလုပ်လုပ်ရန် စည်းရုံးသည်။ ငတေးဝင်လုပ်သည်။

တစ်နေ့ဆိုင်တစ်ဆိုင်အတွင်း ဝင်ခိုးသည်။ ငတေးကို အခြေအနေကြည့်ပေးရန် ထားသည်။ မကြာမီ လူသိပြီး သူခိုးဟုအော်ကာ လိုက်ဖမ်းကြသည်။ အုပ်စုကွဲသွားသည်။ တချို့ဖမ်းမိသည်။ နောက်တစ်နေ့တွင် ငတေးစာသင်ကျောင်းကြီးတစ်ကျောင်းရှေ့ရောက်သွားသည်။ ကျောင်းရှေ့တွင် ရပ်ထားသောကားကို ကိုင်မိသည်။ ဒရိုင်ဘာက မှန်မီးလုံးဖြုတ်ခိုးသူအထင်ဖြင့် ရိုက်သည်။ ကားပိုင်ရှင်မြင်ပြီး ငတေးကိုစစ်သည်။ အိမ်မှထွက်ပြေးလာသူမှန်းသိ၍ အိမ်သို့ခေါ်လာသည်။ သူ့အိမ်တွင်ခိုင်းသော ဒေါ်မြိုင်နှင့်အတူ နေစေသည်။

ငတေးကိုခေါ်လာသူမှာ အတွင်းဝန်ဦးတင်ထွန်းဖြစ်သည်။ ငတေးကိုအိမ်ခေါ်လာခြင်းအပေါ် ဇနီးဖြစ်သူ ဒေါ်သန်းခင်က မနှစ်သက်၊ သို့သော် မကန့်ကွက်။ ဒေါ်မြိုင်မှာ အပျိုကြီးဖြစ်သည်။ ငတေးကိုသားအရင်းပမာ ကြင်နာစွာဆက်ဆံသည်။ ငတေးကလည်း ဒေါ်မြိုင်၏ အလုပ်များကို ကူညီသည်။

ဦးတင်ထွန်းနှင့်ဒေါ်သန်းခင်တွင် မောင်မောင်နှင့် မိနီဟူသောသားနှင့်သမီးရှိ၏။ မောင်မောင်က မိခင်၏အလိုလိုက်မှုကြောင့်ဆိုးသည်။ မိနီက လိမ္မာသည်။ စာကြိုးစားသည်။ ငတေးနှင့်မိနီမှာရွယ်တူဖြစ်ပြီး မောင်မောင်က နှစ်နှစ်ခန့်ကြီးသည်။ ငတေးနှင့် မိနီမှာ ကစားဖော်များဖြစ်ကြသည်။ မောင်မောင်က ငတေးကို အနိုင်ကျင့်သော်လည်း ငတေးကသည်းခံသည်။

ငတေးကျောင်းနေချင်သည်။ မိနီပေးသော သင်ပုန်းကြီးစာအုပ်ကို လေ့ကျင့်သည်။ ဦးတင်ထွန်းက ငတေးကို မြူနီစီပယ်ကျောင်းတွင် ထားပေးသည်။ ဒေါ်မြိုင်က စာအုပ်များဝယ်ပေးပြီး မုန့်ဖိုးပေးသည်။ အိမ်မှုကိစ္စဆောင်ရွက်ရင်း ငတေးစာကြိုးစားသည်။

ဤသို့ဖြင့် ငတေး ခုနစ်တန်းရောက်သောနှစ်တွင် မောင်မောင်ကိုးတန်းနှစ်ခါကျသည်။ မိနီရှစ်တန်းတက်သည်။ ထိုအချိန်က မောင်မောင်အသက် ၁၈ နှစ်၊ မိနီအသက် ၁၆ နှစ်၊ ငတေးအသက် ၁၆ နှစ်ဖြစ်သည်။ တစ်နေ့ ဦးတင်ထွန်းတို့၏ကပ်ရပ်ခြံသို့ ဆန်စက်သူဌေး ဦးအုန်းနှင့် ဒေါ်နုတင်တို့ပြောင်းလာသည်။ သန်းဖေဦး အမည်ရှိ မောင်မောင်နှင့် သက်တူသားတစ်ယောက်ပါလာသည်။ မကြာမီ မောင်မောင်နှင့်ခင်မင်သွားကြသည်။

မောင်မောင်နှင့် သန်းဖေဦးတို့ပေါင်းမိကြပြီး ပို၍ပျက်စီးလာသည်။ အရက်သောက်၊ မိန်းမလိုက်စားဖြစ်လာသည်။ နှစ်ကုန်တော့ နှစ်ယောက်စလုံး ကိုးတန်းကျရှုံးပြန်သည်။ မိနီတတိယနှစ်ဆက်တက်နေစဉ် ငတေး တက္ကသိုလ်ဝင်တန်းအောင်သည်။ ဤနှစ်တွင်ပင် ဦးတင်ထွန်း ပင်စင်ယူရသည်။ ဒေါ်သန်းခင်က ချွေတာရေးအရ ဒရိုင်ဘာထွန်းမောင်ကို အလုပ်ဖြုတ်ပြီး ငတေးကို ဒရိုင်ဘာလုပ်စေသည်။

❖ မှောင်လွန်းသောညများကို ၁၉၆၇ ခုနှစ်က မြစာပေကထုတ်ဝေခဲ့သည်။ ထိုစာအုပ်သည် ထိုနှစ်အတွက် အမျိုးသားစာပေပထမဆုရသည်။ ဝေဖန်ရေးဆရာများက မှောင်လွန်းသောညများဝတ္ထုအပေါ် ဤသို့ သုံးသပ်သည်။ "မှောင်လွန်းသောညများသည် အင်မတန်လှပသေသပ်သော မေတ္တာဘွဲ့ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ စာဖတ်သူကို တမြည့်မြည့်ခံစားစေကာ တစိမ့်စိမ့်မျက်ရည်ကျစေသော ဝတ္ထုဖြစ်သည်။ အဆုံးတွင် မျက်ရည်ပေါက်များ တလိမ့်လိမ့်ကျနေရင်းမှ ကြည်နူးရွှင်မြူးစေသည်" ဟုဆိုထားပါသည်။ ❖

သန်းဖေဦးက မိနီကိုစိတ်ဝင်စားသည်။ ဒေါ်သန်းခင်ကလည်း သဘောတူ၏။ မိနီက သန်းဖေဦးကို အထင်မကြီးရှောင်သည်။ တစ်နေ့ မိနီ၏လက်ဝတ်ရတနာများ ပျောက်သည်။ ဒေါ်သန်းခင်စုံစမ်းသည်။ မောင်မောင်က ငတေးကို သူခိုးဟုစွပ်စွဲသည်။ မိနီက ငတေးမဖြစ်နိုင်ဟုဆိုသည်။ ဒေါ်သန်းခင်သိသည်။ ဒေါ်သန်းခင်ပစ္စည်းများ မောင်မောင် ခိုးယူသုံးစွဲနေသည်မှာကြာပြီ။

ငတေးအလုပ်လုပ်ပြီး တက္ကသိုလ် ဆက်တက်နိုင်ရန် ဦးတင်ထွန်း ဆောင်ရွက်ပေးသည်။ အလုပ်မှရရှိငွေများ ဦးတင်ထွန်းကိုအပ်သည်။ ဦးတင်ထွန်းက မုန့်ဖိုး ၅၀ ပြန်ပေးသည်။ ငတေးက ဒေါ်မြိုင်ကိုပေးသည်။ ဒေါ်မြိုင်ကမယူ ပြန်ပေးသည်။

တစ်နေ့ သန်းဖေဦးရောက်လာသည်။ ငတေးက ပန်းခြံထဲတွင်ရှိနေသည်။ သန်းဖေဦးက မိနီကို အဓမ္မချစ်ရေးဆိုသည်။ မိနီထွက်ပြေးလာပြီး ငတေးကို အကူအညီတောင်းသည်။ ငတေးနှင့် သန်းဖေဦးတို့ ထိုးကြိတ်ကြသည်။ မောင်မောင်ရောက်လာပြီး သန်းဖေဦးဘက်မှ ကူညီသည်။ ငတေးက မောင်မောင်ကို ဘာမှပြန်မလုပ်။ ဤအချိန် မိနီ၏မိဘများရောက်လာသည်။ သန်းဖေဦးခြံထဲမှ ထွက်သွားသည်။ မောင်မောင်လည်း လစ်ထွက်သွားသည်။

အကြောင်းစုံကိုသိသောအခါ ဦးတင်ထွန်းစိတ်ဆိုးသည်။ ငတေးဒဏ်ရာကို ဆေးထည့်ပေးသည်။

မောင်မောင်အိမ်မကပ်။ သူငယ်ချင်းအိမ်တွင်နေပြီး သုံးဖြုန်းနေသည်။ ကြာတော့ သူငယ်ချင်းမိဘများက ငြိုငြင်လာသည်။ သူငယ်ချင်းများကလည်း ရှောင်လာသည်။ အနေအစားကျပ်လာသည်။ ချေးငှားရသောဘဝရောက်လာသည်။ ချေးငှားပြီး ပြန်မပေးနိုင်။ ချေးငှား၍မရသောအခါ သူငယ်ချင်းများ၏ပစ္စည်းကို ခိုးသည်။ နောက်ရှောင်နေသည်။ သန်းဖေဦး၏တိတ်တိတ်ပုန်း မယားကို ခိုးယူပေါင်းသင်းသည်။ သန်းဖေဦးနှင့် ရန်ဖြစ်ကြသည်။

ထိုမိန်းမကိုခေါ်ပြီး နယ်ကိုထွက်ပြေးသည်။ သုံးလေးလအကြာ ထိုမိန်းမက သူ့ကိုစွန့်ပစ်သည်။ ရန်ကုန်ပြန်လာသည်။ ကြွေးရှင်များနှင့် မတွေ့ရန်ရှောင်ရသည်။ အိပ်စရာ၊ နေစရာခက်လာသည်။ အိမ်ကိုလည်း မပြန်ရဲ။ တစ်နေ့ ကန်တော်ကြီးစောင်းတွင် ငေးမှိုင်နေစဉ် ငတေးနှင့်တွေ့သည်။ မောင်မောင်ကို ငတေးက အိမ်ကိုခေါ်သည်။ မောင်မောင်က နောက်နေ့မှ လိုက်မည်ဟု ချိန်းသည်။ ငတေးက မောင်မောင်ကို ထမင်းကျွေးပြီး ငွေတချို့ထုတ်ပေးသည်။

နောက်တစ်နေ့ချိန်းဆိုရာသို့ ငတေးသွားသည်။ မောင်မောင်ရောက်မလာ၊ အဖြစ်အပျက်ကို ဒေါ်သန်းခင်နှင့် မိနီတို့သိရသောအခါ ငိုကြသည်။ သို့နှင့် ငတေးနှင့်မိနီတို့ သံယောဇဉ်တွယ်ငြိလာကြသည်။ တစ်ယောက်နှင့်တစ်ယောက် ဖွင့်မပြောမိကြ၊ ဘွဲ့ရလျှင် ကျောင်းဆရာလုပ်ကာ ကလေးများကို ကူညီစောင့်ရှောက်မည်ဟု နှလုံးသွင်းထားသည်။

တစ်နေ့ မောင်မောင်ကို ကန်တော်ကြီးစောင်းတွင် တွေ့ရပြန်သည်။ လူနှစ်ယောက်က မောင်မောင်ထံ ကြွေးတောင်းနေသည်။ ထိုလူနှစ်ယောက်နှင့် မောင်မောင် သတ်ပုတ်ကြသည်။ ငတေးက မောင်မောင်ဘက်မှ ကူညီသည်။ အဆိုပါ လူနှစ်ယောက်လက်ထဲတွင် ဓားမြှောင်ပါလာသည်။ ထိုသူများက ဓားမြှောင်ဖြင့်ထိုး ငတေးလက်မောင်းဓားထိသည်။ ကြွေးတောင်းသူများ ထွက်ပြေးသွားကြသည်။ ငတေးက မောင်မောင်ကို အိမ်သို့ခေါ်လာသည်။ ဒေါ်သန်းခင်မှာ သားပြန်ရောက်လာသဖြင့် ပျော်မြူးနေသည်။ ငတေးကိုလည်း ကျေးဇူးတင်နေသည်။ ဦးတင်ထွန်းကမူ မောင်မောင်ကို မယုံသေး၊ စောင့်ကြည့်လျက်ရှိသည်။

မောင်မောင်က အိမ်ပြင်မထွက်တော့၊ ကျောင်းပြန်တက်မည်ဆိုကာ ကျောင်းစာများပြန်နွှေးနေသည်။ ငတေးနှင့် မိနီအဖြစ်ကို အိမ်သားများ ရိပ်မိကြသည်။ မိနီကို စက်ရှင်မင်းကြီးအငြိမ်းစား၏သား အင်ဂျင်နီယာ ကိုမြင့်မောင်နှင့်ပေးစားရန်စီစဉ်ကြသည်။ ဤကိစ္စအတွက် ငတေးကို အိမ်ပြောင်းနေရန် ဒေါ်သန်းခင်ကပြောသည်။ ငတေးကလည်း မိတ်ဆွေတစ်ယောက်အိမ်သို့ ပြောင်းရွှေ့နေ၏။

မိနီကမူ ကိုမြင့်မောင်ကို မယူနိုင်ကြောင်း၊ ငတေးမှတစ်ပါး အခြားသူများကို ယူမည်မဟုတ်ကြောင်း ငြင်းသည်။ သို့သော် မိဘများသဘောမတူဘဲလည်း ငတေးကိုယူမည်မဟုတ်ကြောင်း ပြောသည်။ မိနီနှင့် ငတေးမှာ ဒေါ်မြိုင်မှတစ်ဆင့် စာအဆက်အသွယ်ရှိကြသည်။ ဒေါ်သန်းခင်သိသောအခါ ဒေါ်မြိုင်ကို အလုပ်မှထုတ်ပစ်သည်။ ဒေါ်မြိုင်က ငတေးနှင့်သွားနေသည်။

တစ်နေ့ သန်းဖေဦးနှင့် မောင်မောင်စကားများကြသည်။ သန်းဖေဦးက ဓားဖြင့်ထိုးရာ ငတေးဝင်ကယ်သဖြင့်ရင်ဝတွင် ဓားဒဏ်ရာရသည်။ ရန်ကုန်ဆေးရုံကြီးသို့ပို့ရသည်။ ဦးတင်ထွန်းနှင့် ဒေါ်သန်းခင်ပါ ဆေးရုံကြီးသို့လိုက်သွားကြသည်။ သွေးသွင်းရန်လိုအပ်နေသည်။ မောင်မောင့်သွေးနှင့်တူသဖြင့် သွေးလှူဖြစ်သည်။

ငတေးဆေးရုံမှဆင်းမည့်နေ့တွင် ပစ္စည်းများကို အိမ်သို့ပြန်သယ်ကြသည်။ သို့သော် ငတေးကိုမတွေ့၊ ငတေးကိုလိုက်ရှာကြသည်။ နောက်ဆုံး ငတေးမှာ သူ့သူငယ်ချင်းအိမ်ပြန်ရောက်နေသည်။ ဒေါ်သန်းခင်က ငတေးကိုရှာဖွေကာ အိမ်သို့ပြန်ခေါ်လာသည်။ ငတေးနှင့် မိနီကို သဘောတူကြောင်းလည်း ပြောပြသည်။ ဇာတ်လမ်းမှာ ဤတွင်ဆုံးသည်။

မှောင်လွန်းသောညများကို ၁၉၆၇ ခုနှစ်က မြစာပေကထုတ်ဝေခဲ့သည်။ ထိုစာအုပ်သည် ထိုနှစ်အတွက် အမျိုးသားစာပေပထမဆုရသည်။ ဝေဖန်ရေးဆရာများက မှောင်လွန်းသောညများဝတ္ထုအပေါ် ဤသို့သုံးသပ်သည်။ "မှောင်လွန်းသောညများသည် အင်မတန်လှပသေသပ်သော မေတ္တာဘွဲ့ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ စာဖတ်သူကို တမြည့်မြည့်ခံစားစေကာ တစိမ့်စိမ့်မျက်ရည်ကျစေသော ဝတ္ထုဖြစ်သည်။ အဆုံးတွင် မျက်ရည်ပေါက်များ တလိမ့်လိမ့်ကျနေရင်းမှ ကြည်နူးရွှင်မြူးစေသည်"ဟု ဆိုထားပါသည်။

ညိုဝင်း၏အမည်ရင်းမှာ ဦးကျော်ဝင်းဖြစ်သည်။ ညိုဝင်းသည် ၁၉၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် မော်ဘီခရိုင် ဥက္ကံမြို့နယ် ရှမ်းစုရွာတွင် အဖ ကျောင်းအုပ်ဆရာကြီး ဦးဘိုးရင်း၊ အမိဒေါ်ရွှေရီတို့မှဖွားမြင်သည်။

၁၉၅၀ ပြည့်နှစ်တွင် ကြေးမုံမဂ္ဂဇင်း၊ ကလောင်စုံမဂ္ဂဇင်း ရုပ်ရှင်ပဒေသာ၊ ရဲကြေးမုံ၊ မှူခင်းမဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်း၊ စာပေလုပ်သားမဂ္ဂဇင်းတို့တွင် အယ်ဒီတာလုပ်ခဲ့သည်။

လုံးချင်းစာအုပ် ၅၀ ကျော် ရေးသားခဲ့ပြီး ၁၁ အုပ် ရုပ်ရှင်ရိုက်ကူးခြင်းခံခဲ့ရသည်။

**ကိုးကား**

– **မလိခ၏မြန်မာဝတ္ထုအညွှန်း**

# တောင်တွင်းကြီးမြို့နယ် ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်မှုရှိမရှိကိုလည်းကောင်း၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀၄ သိန်း ထုတ်ချေးပေးထားကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

# ပိုလန်နိုင်ငံအတွင်း သက်တမ်း ၁၀ နှစ်နှင့်အထက်ရှိသော သစ်တောကြိုးဝိုင်းများတွင် သစ်ထုတ်လုပ်ခြင်းမပြုလုပ်ကြရန် တားမြစ်ချက်ထုတ်ပြန်သွားမည်



**ဝါဆော ဇန်နဝါရီ ၉**

ပိုလန်နိုင်ငံသည် သစ်တောကြိုးဝိုင်းများထိန်းသိမ်းခြင်းလုပ်ငန်းများကို စီမံချက်များဖြင့် ဆောင်ရွက်လာပြီး နိုင်ငံအတွင်း သက်တမ်း ၁၀ နှစ်နှင့်အထက်ရှိသော သစ်တောကြိုးဝိုင်းများတွင် သစ်ထုတ်လုပ်ခြင်းမပြုလုပ်ကြရန် တားမြစ်ချက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပိုလန်အစိုးရသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလက ကျင်းပခဲ့သော ရွေးကောက်ပွဲတွင်လည်း နိုင်ငံအတွင်း သစ်တောကြိုးဝိုင်းများကို ထိန်းသိမ်းမှုများ ပြုလုပ်သွားရန် ကတိပေးပြောကြားခဲ့ပြီးဖြစ်သကဲ့သို့ သစ်တောကြိုးဝိုင်းဧက ခုနှစ်သန်းထိ စီမံခန့်ခွဲခွင့်ရထားသည့် အစိုးရပိုင်သစ်ထုတ်လုပ်ရေးကုမ္ပဏီများအနေဖြင့်လည်း သက်တမ်း ၁၀ နှစ်နှင့်အထက်ရှိသောသစ်တောကြိုးဝိုင်းများတွင် သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုတော့မည်မဟုတ်ကြောင်း ပိုလန်အစိုးရက ထုတ်ပြန်ခဲ့သည်။

"အဖိုးမဖြတ်နိုင်တဲ့ သစ်တောကြိုးဝိုင်းတွေမှာ သစ်ထုတ်လုပ်တဲ့ လုပ်ငန်းတွေကို ရပ်ဆိုင်းသွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီအချိန်ဒီကာလဟာ ပိုလန်နိုင်ငံရဲ့သစ်တောကြိုးဝိုင်းကို ထိန်းသိမ်းစောင့်ရှောက်သွားရမဲ့ အချိန်ကာလဖြစ်ပါတယ်။ အဖိုးတန် သစ်တောကြိုးဝိုင်းနဲ့ သက်တမ်းရင့် သစ်တောကြိုးဝိုင်းတွေမှာ သစ်ထုတ်လုပ်တာကို တားမြစ်သွားမဲ့ မူဝါဒတွေကိုလဲ လာမဲ့ခြောက်လအတွင်း ပြဋ္ဌာန်းနိုင်အောင်ဆောင်ရွက်နေပါတယ်" ဟု ပိုလန်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီး ပေါလင်နာက ပြောကြားခဲ့သည်။

ပိုလန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကလည်း နိုင်ငံ၏ အဖိုးတန်သစ်တောကြိုးဝိုင်းများနှင့် သက်တမ်းရင့်သစ်တောကြိုးဝိုင်းများတွင် သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ရပ်ဆိုင်းပေးရန် ဆန္ဒထုတ်ဖော်တောင်းဆိုမှုများပြုလုပ်ခဲ့ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများ၏ ဆန္ဒအတိုင်း အဖိုးတန် သစ်တောကြိုးဝိုင်းနှင့် သက်တမ်းရင့် သစ်တောကြိုးဝိုင်းများတွင် အစိုးရပိုင်ကုမ္ပဏီများအနေဖြင့် သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ရပ်ဆိုင်းခြင်းနှင့်ပတ်သက်၍ လာမည့် ခြောက်လအတွင်း တင်းကျပ်သည့်မူဝါဒများ ချမှတ်ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း ဝန်ကြီး ပေါလင်နာက ပြောကြားသွားခဲ့သည်။

**Ref : Russai Today**

**Trs : Sai Sat**

# စပိန်နိုင်ငံ ဂါလာစီယာနယ်မြေရှိ ကမ်းခြေတွင် ပလတ်စတစ်အစေ့များ သန်းနှင့်ချီပျံ့နှံ့နေ

**မက်ဒရစ် ဇန်နဝါရီ ၉**

စပိန်နိုင်ငံ အနောက်မြောက်ဘက်ပိုင်း ဂါလာစီယာနယ်မြေရှိ ကမ်းခြေတွင် ပလတ်စတစ်အစေ့များ သန်းနှင့်ချီ ပျံ့နှံ့နေကြောင်း စပိန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂါလာစီယာနယ်မြေရှိ ကမ်းခြေပတ်ဝန်းကျင်တွင် ဇန်နဝါရီ ၈ ရက်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက ကမ်းခြေသန့်ရှင်းရေး စုပေါင်းလုပ်အားပေးဆောင်ရွက်ခဲ့စဉ် ကမ်းခြေရှိ သဲများအတွင်း ဆန်ခါများဖြင့် စစ်ခဲ့ရာတွင် ပလတ်စတစ်အစေ့ သန်းနှင့်ချီ၍ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း စပိန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ဒေသခံပြည်သူတွေအနေနဲ့ စုပေါင်းလုပ်အားပေးအဖြစ် တာဝန်သိဆောင်ရွက်ခဲ့ကြပြီး ကမ်းခြေမှာရှိတဲ့သဲတွေကို ဆန်ခါနဲ့စစ်လိုက်တာ ပလတ်စတစ်အစေ့တွေ သန်းနဲ့ချီပြီး ထွက်လာတယ်။ ဒါဟာ ကမ်းခြေမှာ လာရောက်လည်ပတ်သူတွေ စည်းကမ်းမဲ့စွာ ပလတ်စတစ်အမှိုက်သရိုက်တွေ စွန့်ပစ်မှုကြောင့် ဖြစ်ပေါ်လာရတာဖြစ်ပါတယ်။ ဒီပလတ်စတစ်အစေ့တွေဟာ ဂေဟစနစ်ကို ဆိုးရွားစွာယိုယွင်းပျက်စီးစေနိုင်သလို ရေအောက်သတ္တဝါတွေရဲ့ အနာဂတ်အတွက်လဲ စိုးရိမ်စရာအခြေအနေဖြစ်ပါတယ်။ မှတ်တမ်းတွေအရ စပိန်နိုင်ငံရဲ့ ကမ်းခြေတွေမှာ ၂၀၂၀ ပြည့်နှစ်လောက်ကစပြီးတော့ နှစ်စဉ်တစ်နှစ်ကို ပလတ်စတစ်အစေ့ ၁၀ ထရီလီယံလောက်ထိ ဖြစ်ပေါ်နေကြောင်းလဲ သိရတယ်။ အခုအချိန်ထိ ဒီအခြေအနေကနေ လွတ်မြောက်နိုင်မှု မရှိသေးတာ ဝမ်းနည်းစရာပါ" ဟု စပိန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



**Ref : Sputnik News**

**Trs : Sai Sat**

# ဖိလစ်ပိုင်နိုင်ငံတောင်ဘက်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူးရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**မနီလာ ဇန်နဝါရီ ၉**

ဖိလစ်ပိုင်နိုင်ငံ တောင်ဘက်ပိုင်း ဆာရန်ဂါနီစီရင်စုအနီးတွင် ယနေ့နံနက် အစောပိုင်းက ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူးရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်မြေငလျင်စင်တာက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ငလျင်သည် ဆာရန်ဂါနီစီရင်စုရှိ ဆာရန်ဂါနီမြူနီစပယ် အရှေ့တောင်ဘက်ပိုင်း ကီလိုမီတာ ၁၀၀ အကွာ မြေအောက်အနက် ၇၀ ကီလိုမီတာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်အားကောင်းခဲ့သော်လည်း ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိဟု အမေရိကန်ဆူနာမီလှိုင်းသတိပေးချက်စနစ်က ဖော်ပြခဲ့ကြောင်း အမေရိကန်မြေငလျင်စင်တာက ထုတ်ပြန်ခဲ့သည်။

မြေငလျင်နှင့် ပတ်သက်ပြီး ဖိလစ်ပိုင် မီးတောင်နှင့် မြေငလျင်ဗေဒအင်စတီကျူမှ သုတေသီများက မြေငလျင်နောက်ဆက်တွဲပြသနာများနှင့်ပတ်သက်ပြီး စောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း၊ မြေငလျင်ကြောင့် ဒေသခံတချို့ နေအိမ်များအတွင်းမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း၊ ငလျင်လှိုင်းသည် နေအိမ်များကို ရိုက်ခတ်ခဲ့သော်လည်း ကြီးမားသောပျက်စီးမှု မရှိခဲ့ကြောင်း ဆာရန်ဂါနီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဆာရန်ဂါနီစီရင်စုအနီးမှာ အားကောင်းတဲ့ ငလျင်လှုပ်ခတ်ခဲ့ပါတယ်။ ငလျင်လှိုင်းဟာ ဆာရန်ဂါနီစီရင်စုမှာရှိတဲ့ ပြည်သူတွေဆီတော့ အားကောင်းတဲ့ အခြေအနေမျိုးနဲ့ ရောက်လာခဲ့မျိုး မဟုတ်ပါဘူး။ ငလျင်ဒဏ်နဲ့ မကြာခဏရင်ဆိုင်နေရတဲ့အတွက်ကြောင့်လဲ ဒေသခံတွေအနေနဲ့ မြေငလျင်နဲ့ပတ်သက်ပြီး စိုးရိမ်စိတ်တွေ မြင့်မားနေတယ်။ မြေငလျင်ကြောင့် ကြီးမားတဲ့ပျက်စီးဆုံးရှုံးမှုတွေမရှိခဲ့သလို ဒေသခံတစ်ဦးတစ်ယောက်မှ ထိခိုက်ဒဏ်ရာရရှိတာမျိုး မရှိခဲ့ပါဘူး" ဟု ဆာရန်ဂါနီ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဘာလင်ဒန်က ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ


၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ


၁။ မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတာတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ် စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။






# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၂၃၀၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

### အမည်ပြောင်း

ဇန်းမော်မြို့၊ MITTA ကိုယ်ပိုင်အထက်တန်းကျောင်း G-3 မှ (ဘ) ဦးနော်ဆန်း (၁/ဗမန(နိုင်)၀၅၁၀၅၂)၏သား မောင်ကျော်မင်းခန့် အား မောင်ဆန်အောင် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဆန်အောင်**

### သင့်သွေးဖြင့် အသက်ကယ်ပါ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မဟာဝိဇ္ဇာဘွဲ့သင်တန်းများ၊ ဝိဇ္ဇာဘွဲ့သင်တန်းများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နိုင်ငံခြားဘာသာစကားသင်တန်း(အချိန်ပိုင်း/အချိန်ပြည့်)၊ Diploma in English, a one year full-time course, Postgraduate Diploma in English course အမှတ်စဉ် (၅၂၊ ၅၃၊ ၅၄၊ ၅၅) (CHRD) နှင့် Diploma in English course အမှတ်စဉ် (၅၉၊ ၆၀၊ ၆၁) (CHRD) ဘွဲ့/ဒီပလိုမာစာမေးပွဲအသီးသီးကိုအောင်မြင်ခဲ့ပြီး တက်ရောက်ဘွဲ့ယူရန် လျှောက်ထားပြီးသောပုဂ္ဂိုလ်များအတွက် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကျင်းပရာတွင် ဓာတ်ပုံလုပ်ငန်းနှင့် ဗွီဒီယိုလုပ်ငန်းများ ရိုက်ကူးလုပ်ကိုင်ခွင့်အတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာတင်သွင်းရန် လျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို (၁၅-၁-၂၀၂၄)ရက်နေ့မှစ၍ တစ်စုံလျှင် ကျပ်(၃၀၀၀)နှုန်းဖြင့် ဌာနခွဲမှူး(ဘဏ္ဍာ)၊ ငွေစာရင်းဌာန၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ထံတွင် လုပ်ငန်းလိုင်စင်မူရင်း၊ ပုံနှိပ်ထုတ်ဝေရေးလိုင်စင်မူရင်းတင်ပြ၍ ဝယ်ယူနိုင်ပါသည်။ ဒေသခံဓါတ်ပုံလုပ်ငန်းရှင်အား ဦးစားပေးဆောင်ရွက်ပါမည်။

၃။ အိတ်ဖွင့်ဈေးနှုန်းလွှာကို (၁၈-၁-၂၀၂၄)နေ့ ညနေ (၃း၀၀)နာရီ နောက်ဆုံးထား၍ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် အစည်းအဝေးခန်းမ၌ အိတ်ဖွင့်တင်ဒါတင်သွင်းရမည်။

၄။ (၁၈-၁-၂၀၂၄) ညနေ (၃း၀၀)နာရီ၌ အိတ်ဖွင့်တင်ဒါ ဖွင့်ပါမည်။

(အသေးစိတ်သိရှိလိုပါက မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ဓာတ်ပုံနှင့်ဗွီဒီယိုလုပ်ငန်းကြီးကြပ်ရေးကော်မတီထံသို့ အောက်ပါဖုန်းနံပါတ်များအား ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။)

၀၉-၄၄၄၀၃၄၉၉၅ ၊ ၀၉-၄၀၂၅၃၉၅၃၆

**ဓာတ်ပုံနှင့်ဗွီဒီယိုလုပ်ငန်းကြီးကြပ်ရေးကော်မတီ**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်ဆန်း(၁/မကန(နိုင်)၀၅၀၈၅၄)ကိုင်ဆောင်သူသည် ဦးရှဒန်လရိန် နှင့်ပေါင်းသင်းနေထိုင်ခဲ့ပြီး (၉-၇-၂၀၂၁)ရက်နေ့က ဦးရှဒန်လရိန် မှာ ကွယ်လွန်ခဲ့ပါသည်။ ဦးရှဒန်လရိန် မကွယ်လွန်မီက မရွှေ့ပြောင်းနိုင်သောပစ္စည်းများဖြစ်သည့် ပြင်ဦးလွင်မြို့နယ်၊ ကုန်းသာကြီးကျေးရွာအုပ်စု၊ ပင်တီးကျေးရွာ၊ ကွင်းအမှတ် (၇၃၀)၊မြေယာအမှတ်(၂၀)၊ ဧရိယာ(၁၀၀×၁၀၀)ပေအကျယ်ရှိ မြေကွက်(၃)ကွက် ဦးရှဒန်လရိန် နှင့် ဒေါ်နန်ဆန်း အမည်ဖြင့် ဝယ်ယူထားရှိသည်ဖြစ်၍ အဆိုပါမြေကွက်တို့အား ဒေါ်နန်ဆန်း မှ ရောင်းချမည်ဖြစ်ပါသဖြင့် အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားများနှင့် ကျွန်ုပ်တို့ထံသို့ ကြေညာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ဥမ္မာဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၅)**
**ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့**
**၀၉-၇၈၈၂၅၀၈၁၆**

### ပျောက်ဆုံးကြောင်း

၆၂လမ်း၊ ၁၂၈လမ်း၊ မိုင်းရှူးကျောင်းနေ ဦးဥတ္တမ (ဘ) ဦးချမ်းသာ (၉/အမရ(သ)၀၀၄၅၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-454539)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၄၅၆၆၅၈၇၅၇**

### ပျောက်ဆုံးကြောင်း

သာစည်မြို့နယ်၊ ဟံဇားကျေးရွာနေ သန်းထိုက်အောင် (ဘ) ဦးစိုးစိုးအောင် (၉/သစန(နိုင်)၁၅၆၆၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-445251)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၉၈၀၇၁၇၃၆၃**

### ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အိမ်အမှတ် တ-၃/၁၂ ၆၂လမ်း၊ ၁၀၂လမ်းထောင့်နေ ဒေါ်မြမြဖြိုးဝင်း(ဘ)ဦးအိုက်ဒေါ်မွေ (၁၃/ကတန(နိုင်)၁၀၉၄၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-322196) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၀၂၄၂၉၈**

### ပျောက်ဆုံးကြောင်း

ကလောမြို့၊ အမှတ်(၉)ရပ်ကွက်နေ မောင်စိုးဇေယျာလင်း (ဘ) ဦးစိုးမြင့်မော် (၁၃/ကလန(နိုင်)၁၀၅၂၉၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-935898) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၆၅၂၄၈၃၈၂၉**

### လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိနိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွလာစေမည်ဖြစ် ...

❖ အားကစားသည် အမျိုးသားရေးပင်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ကြရမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ပုသိမ်မြို့ ကိုးသိန်းအားကစားပြိုင်ကွင်း ရှင်းလင်းဆောင်တွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ကို ရိုးရာအစဉ်အလာနှင့်အညီ မနောအကစုပေါင်းဆင်နွှဲ၍ ဖွင့်လှစ်



**မြစ်ကြီးနား၊ ဇန်နဝါရီ ၉**

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ဌာနေတိုင်းရင်းသားတို့၏စည်းလုံးညီညွတ်ခြင်းကို ဖော်ထုတ်ပြသသည့် မနောအကဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ဒေါက်တာမှုထန်၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးညက်ထွန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCAလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး စာမျက်နှာ - ၁၉

MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများနှင့်ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ရဟန်းရှင်လူပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိ စာမျက်နှာ - ၂၁

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
